# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်

# သတ္တမပုံမှန်အစည်းအဝေး

# နဝမနေ့ မှတ်တမ်း



| .စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၁ |
| ၃ | အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၃ |
| ၅ | မုံရွာမြို့၊ ဒေါနခြံရပ်ကွက်ရှိ ရှေးဟောင်း မြန်မာစာပေရေးရာဌာနကို ကျောင်းသား၊ ကျောင်းသူတို့၏ အကျိုး၊ နိုင်ငံတော်၏အကျိုးအတွက် ပြန်လည်ဖွင့်လှစ်ရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၃ |
| ၆ | အခြေခံပညာကျောင်းအုပ်ကြီးများနှင့် သင်ကြားရေးဝန်ထမ်း ဆရာ ဆရာမများအား စာမေးပွဲကာလတွင် ပင်စင်အတွက် ကြိုတင်ပြင်ဆင် ခွင့်မပြုဘဲ စာမေးပွဲကာလပြီးဆုံးမှ ခံစားခွင့်ပြုရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း | ၆ |
| ၇ | ပေါက်မြို့နယ် အခြေခံပညာကျောင်းများတွင် လစ်လပ်နေသော သင်ကြားရေး ဆရာဆရာမဝန်ထမ်းများနှင့် စီမံရေးဝန်ထမ်းများအား အလျင်အမြန် ခန့်ထားပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း | ၈ |
| ၈ | ဆားလင်းကြီးမြို့နယ်ရှိ သမ္ဘောကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)အား အခြေခံ ပညာအထက်တန်းကျောင်း အဖြစ်သို့လည်းကောင်း၊ သနပ်မျှောင်ကျေးရွာ အခြေခံပညာအလယ်တန်း ကျောင်း(ခွဲ)အား အခြေခံပညာ အလယ်တန်းကျောင်းအဖြစ်သို့လည်းကောင်း အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၁ |
| ၉ | ဒိုက်ဦးမြို့နယ်၊ ကျိုက်စကောကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ကို အခြေခံပညာ အထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၃ |
| ၁၀ | ကျိုင်းတုံမြို့နယ်၊ ပန်လင်စံကျော်ရွာရှိ အ.ထ.က ကျောင်း(ခွဲ)တွင် လစ်လပ်လျက်ရှိသော ကျောင်းအုပ် ဆရာကြီး၊ အထက်တန်းပြ၊ အလယ်တန်းပြ၊ မူလတန်းပြ ကျောင်းဆရာ၊ ဆရာမများ အမြန်ဆုံးခန့်ထား ပေးနိုင်ခြင်းခြင်း | ၁၄ |

ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း

၁၁ ဒေါ်ချိုချို၊ အုတ်တွင်းမဲဆန္ဒနယ်ကတင်သွင်းသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လျင်မြန်ချောမွေ့ လွယ်ကူစွာဝင်ရောက်နိုင်ပြီး လုပ်သားအင်အားအခြေပြုသော ကုန်ထုတ်လုပ်ငန်းများ (Labour Intensive Industry) ပိုမိုဖွံ့ဖြိုး တိုးတက်ကျယ်ပြန့်လာစေရန်အတွက် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ ပေါ်လာအောင်ကူညီဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း ၁၇

၁၂ ဒေါ်ချိုချို၊ အုတ်တွင်းမဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း ၄၃

၁၃ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး နဝမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဒသမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း ၄၇

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး

# နဝမနေ့ အစီအစဉ်

# [ ၃၀–၁–၂၀၁၈ ] (အင်္ဂါနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး နဝမနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း–

(က) ဦးညွန့်အောင်၊ မုံရွာ မဲဆန္ဒနယ်၏ **မုံရွာမြို့၊ ဒေါနခြံရပ်ကွက်ရှိ ရှေးဟောင်းမြန်မာစာပေ လေ့လာရေးဌာနကို ကျောင်းသား၊ ကျောင်းသူတို့၏ အကျိုး၊ နိုင်ငံတော်၏ အကျိုးအတွက် ပြန်လည်ဖွင့်လှစ်ရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးကျော်ရွှေ၊ ရမ်းဗြဲ မဲဆန္ဒနယ်၏ **အခြေခံပညာ ကျောင်းအုပ်ကြီးများနှင့် သင်ကြားရေးဝန်ထမ်း ဆရာ၊ ဆရာမများအား စာမေးပွဲကာလတွင် ပင်စင်အတွက် ကြိုတင်ပြင်ဆင်ခွင့်မပြုဘဲ စာမေးပွဲကာလ ပြီးဆုံးမှ ခံစားခွင့်ပြုရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးရဲထွန်းဝင်း၊ ပေါက် မဲဆန္ဒနယ်၏ **ပေါက်မြို့နယ် အခြေခံပညာ ကျောင်းများတွင် လစ်လပ်နေသော သင်ကြားရေး ဆရာ၊ ဆရာမ ဝန်ထမ်းများနှင့် စီမံရေး ဝန်ထမ်းများအား အလျင်အမြန် ခန့်ထား ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးဝင်းသိန်းဇော်၊ ဆားလင်းကြီး မဲဆန္ဒနယ်၏ **ဆားလင်းကြီးမြို့နယ်ရှိ သမ္မတောကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အား အခြေခံပညာအထက်တန်းကျောင်းအဖြစ် သို့လည်းကောင်း၊ သနပ်မျှောင်ရွာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)အား အခြေခံ ပညာအလယ်တန်းကျောင်းအဖြစ်သို့ လည်းကောင်း အဆင့်တိုးမြှင့် ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးဘုန်းမြင့်အောင်၊ ဒိုက်ဦး မဲဆန္ဒနယ်၏ **ဒိုက်ဦးမြို့နယ်၊ ကျိုက်စကော ကျေးရွာအခြေခံပညာအထက်တန်းကျောင်း(ခွဲ)ကို အခြေခံပညာ အထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးစတီဖန်၊ ကျိုင်းတုံ မဲဆန္ဒနယ်၏ **ကျိုင်းတုံမြို့နယ်၊ ပန်လင်စံကျော်ရွာရှိ အ.ထ.ကကျောင်းခွဲတွင် လစ်လပ်လျက်ရှိသော ကျောင်းအုပ်ဆရာကြီး၊ အထက်တန်းပြ၊ အလယ်တန်းပြ၊ မူလတန်းပြ ကျောင်းဆရာ၊ ဆရာမများ အမြန်ဆုံးခန့်ထားပေးနိုင်ခြင်းရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဒေါ်ချိုချို၊ အုတ်တွင်း မဲဆန္ဒနယ်က တင်သွင်းသည့် **"နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လျင်မြန်ချောမွေ့လွယ်ကူစွာ ဝင်ရောက်နိုင်ပြီး လုပ်သားအင်အား အခြေပြုသော ကုန်ထုတ်လုပ်ငန်းများ (Labour Intensive Industry) ပိုမိုဖွံ့ဖြိုးတိုးတက်**

**ကျယ်ပြန့်လာစေရန်အတွက် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ ပေါ်လာအောင် ကူညီဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း”**

အဆိုကို အောက်ပါလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးတင်ထွန်းနိုင်၊ ဆိပ်ကြီးခနောင်တို မဲဆန္ဒနယ်၊

(ခ) ဦးမျိုးဇော်အောင်၊ ကောလင်း မဲဆန္ဒနယ်၊

(ဂ) ဦးစိုင်းဦးခမ်း၊ သိန္နီ မဲဆန္ဒနယ်၊

(ဃ) ဦးမောင်မြင့်၊ မင်းကင်း မဲဆန္ဒနယ်၊

(င) ဒေါက်တာဒေါ်အေဇင်လတ်၊ ရွှေဘို မဲဆန္ဒနယ်၊

(စ) ဦးစိုးစံသက်ထွန်း၊ မြင်းမူ မဲဆန္ဒနယ်၊

(ဆ) ဦးစိန်ဝင်း၊ မအူပင် မဲဆန္ဒနယ်၊

(ဇ) ဦးကျော်အောင်လွင်၊ စေတုတ္တရာ မဲဆန္ဒနယ်၊

(ဈ) ဦးစိုးမြင့်၊ ပင်းတယ မဲဆန္ဒနယ်၊

(ည) ဦးသန့်ဇင်ထွန်း၊ ဒက္ခိဏသီရိ မဲဆန္ဒနယ်၊

(ဋ) ဦးကျော်မင်းလှိုင်၊ ဥတ္တရသီရိ မဲဆန္ဒနယ်၊

(ဌ) ဦးအောင်ကျော်ကျော်ဦး၊ လှိုင် မဲဆန္ဒနယ်၊

(ဍ) ဒေါ်ချိုချိုဝင်း၊ မော်လိုက် မဲဆန္ဒနယ်၊

၇။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၈။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး နဝမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဒသမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး
# နဝမနေ့မှတ်တမ်း

**၁၃၇၉ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်**
**(၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်)**
**(အင်္ဂါနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး နဝမနေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး နဝမနေ့အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး နဝမနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦးရှိတဲ့အနက် ၃၉၀ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေစုစုပေါင်းရဲ့ ၉၀.၀၇ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့ အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး နဝမနေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြား သူလွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ကိုယ်စားခွင့်ပန်ကြားသွား မှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ် ၄၃၃ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၉၀ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၁၆ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူ များကတော့-

(၁) ကျိုက်ထိုမဲဆန္ဒနယ်မှ ဒေါက်တာခင်ဆောင် ခွင့် ၁ ရက်၊
(၂) မန်တုံမဲဆန္ဒနယ်မှ ဒေါ်နန်းမိုး ခွင့် ၁ ရက်၊
(၃) ကော့သောင်းမဲဆန္ဒနယ်မှ ဦးခင်ဇော် ခွင့် ၁ ရက်၊
(၄) နောင်မွန်းမဲဆန္ဒနယ်မှ ဦးဂျီဖုန်ဆားရ် ခွင့် ၁ ရက်၊
(၅) ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန် ခွင့် ၃ ရက်၊
(၆) လမ်းမတော်မဲဆန္ဒနယ်မှ ဦးခင်မောင်ဝင်း ခွင့် ၁ ရက်၊
(၇) နတ်မောက်မဲဆန္ဒနယ်မှ ဦးအောင်တင်လင်း ခွင့် ၁ ရက်၊
(၈) ညောင်ဦးမဲဆန္ဒနယ်မှ ဦးစောခွင့် ၁ ရက်၊
(၉) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်ချုပ်သန်းထွတ်သိန်း ခွင့် ၄ ရက်၊
(၁၀) ရမည်းသင်းမဲဆန္ဒနယ်မှ ဦးထွန်းထွန်းဝင်းခွင့် ၁ ရက်၊
(၁၁) လယ်ဝေးမဲဆန္ဒနယ်မှ ဦးမျိုးဇော်ဦး ခွင့် ၁ ရက်၊
(၁၂) ကျောက်တံတားမဲဆန္ဒနယ်မှ ဦးနေမျိုးထက် ခွင့် ၁ ရက်၊
(၁၃) အင်းစိန်မဲဆန္ဒနယ်မှ ဦးမောင်မောင်ဦး ခွင့် ၄ ရက်၊
(၁၄) မင်းတပ်မဲဆန္ဒနယ်မှ ဦးနေလင်းအောင် ခွင့် ၁ ရက်၊
(၁၅) ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဦးတင်မောင်ဝင်း ခွင့် ၁ ရက်နှင့်
(၁၆) ကိုကိုးကျွန်းမဲဆန္ဒနယ်မှ သူရဦးသက်ဆွေ ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၂၇ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၁၆ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၄၃ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏

ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်း တင်ခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦး ယခင်ကခွင့်ပန်ကြား၍ခွင့်ပြုထားသူ ၂၇ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၁၆ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူ စုစုပေါင်း ၄၃ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များ။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**မုံရွာမြို့၊ ဒေါနခြံရပ်ကွက်ရှိ ရွှေပေါင်းမြန်မာစာပေရေးရာဌာနကို ကျောင်းသား၊ ကျောင်းသူတို့၏ အကျိုး၊ နိုင်ငံတော်၏အကျိုးအတွက် ပြန်လည်ဖွင့်လှစ်ရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မုံရွာမဲဆန္ဒနယ်မှ ဦးညွန့်အောင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးညွန့်အောင်(မုံရွာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး စိတ္တသုခ၊ ကာယသုခ နှစ်ဖြာသောသုခနှင့် ပြည့်စုံကြပါစေလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ယခု ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး နဝမနေ့မှာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ မုံရွာမြို့ ဒေါနခြံရပ်ကွက်မှာရှိတဲ့ ရွှေပေါင်းမြန်မာစာပေရေးရာဌာနနှင့်ပတ်သက်ပြီး မေးခွန်းမေးမြန်းသွားမယ့် မုံရွာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးညွန့်အောင် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကတော့ ကျွန်တော်တို့ မုံရွာမြို့နယ်အတွင်းမှာရှိတဲ့ ကျောင်းတွေအတွက် နိုင်ငံတော်အစိုးရ ပညာရေးဝန်ကြီးဌာနကနေပြီးတော့ ၂၀၁၈ ခုနှစ်ဘဏ္ဍာရေးနှစ်မှာ ရသုံးခန့်မှန်းခြေအသုံးစာရင်းဖြစ်ပါတယ်။ သုံးမယ့်စာရင်းဖြစ်ပါတယ်ခင်ဗျား။ နောက် ၂၀၁၈ ခုနှစ် ဧပြီလကနေ စက်တင်ဘာလအထိ အသုံးပြုမယ့်ဌာနက ထောက်ခံထားတဲ့စာရင်းတွေဖြစ်ပါတယ်။ ဒါက မုံရွာ

တက္ကသိုလ်အတွက် အသုံးပြုမယ့်စာရင်းဖြစ်ပါတယ်ခင်ဗျား။ ကျပ်သန်းပေါင်း ၁၅၁၉.၅၇ သန်း ဖြစ်ပါတယ်။ နောက် ကွန်ပျူတာတက္ကသိုလ်အတွက်ဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ကျွန်တော်တို့ နည်းပညာတက္ကသိုလ်အတွက် ဖြစ်ပါတယ်ခင်ဗျား။ နောက်တစ်ခုကတော့ အသစ်တည်ဆောက်မယ့် စက်မှုအထက်တန်းကျောင်းအတွက် ဖြစ်ပါတယ်ခင်ဗျား။ နောက် ဒါတင်မကပါဘူး။ ကျွန်တော်တို့ မုံရွာမြို့နယ်ထဲမှာရှိတဲ့ အခြေခံပညာကျောင်းတွေအတွက် ကျောင်းပေါင်း ၃၀ အတွက် တည်ဆောက်ပေးမယ့် ကုန်ကျစရိတ်ခန့်မှန်းခြေစာရင်းနှင့် ၂၀၁၈ ခုနှစ် ခြောက်လအတွင်းမှာ သုံးဖို့ရန်အတွက် ဌာနကထောက်ခံထားတဲ့ စာရင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်အစိုးရက အခုလို ပညာရေးအတွက် မုံရွာမြို့နယ်အတွက် အသုံးပြုပေးတဲ့အတွက် အထူးပဲကျေးဇူးတင်ကျောင်းလည်း ပြောလိုပါတယ်။ ဒါပေမဲ့လို့ ဒီလောက်သုံးထားပါသော်လည်းပဲ အခြေအနေအရ လိုအပ်ချက်တွေကတော့ ရှိနေဆဲဖြစ်ပါတယ်ခင်ဗျား။ ဥပမာအားဖြင့် ကျွန်တော်တို့ မုံရွာမြို့ မြို့သစ်ရပ်ကွက်မှာရှိတဲ့ စက်မှုအထက်တန်းကျောင်းရှိပါတယ်။ ၁၄ ဧက အပေါ်မှာ တည်ဆောက်ထားပါတယ်။ အစိုးရနည်းပညာအထက်တန်းကျောင်း။ အဲဒီမှာ ကွန်ပျူတာတက္ကသိုလ်လည်း အဲဒီကျောင်းထဲမှာပဲ ဖွင့်ထားပါတယ်။ အဲဒီအထဲမှာ ကွန်ပျူတာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ စက်မှုအထက်တန်းကျောင်းဝန်ထမ်းတွေ စုပေါင်းပြီး နေထိုင်ရပါတယ်။ အဲဒီအတွက် ဝန်ထမ်းတွေအတွက် နေစရာအဆောက်အဦ အင်မတန်အခက်အခဲဖြစ်ပါတယ်ခင်ဗျား။ တချို့ဝန်ထမ်းတွေဟာဆိုလို့ရှိရင် ဒီအိမ်သာအဟောင်းကို ဝန်ထမ်းတွေအတွက် အခန်းကန့်ပြီး အသုံးပြုနေရတဲ့အခြေအနေဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ဆိုလိုတာကတော့ ကျွန်တော်တို့ နိုင်ငံတော်က ပညာရေးအတွက် ကြိုးပမ်းတည်ဆောက်နေတဲ့အချိန်မှာ လုံလောက်မှုမရှိသေးတဲ့ ဒီလိုကာလမျိုးမှာ ကျွန်တော်တို့က ရှိပြီးသားအရင်းအမြစ်ကို အချိန်ပြည့် အပြည့်အဝအသုံးချဖို့ လိုအပ်တယ်လို့ ဆိုလိုတာဖြစ်ပါတယ်ခင်ဗျား။ ဒါကတော့ မုံရွာမြို့နယ် ဒေါနခြံရပ်ကွက်မှာရှိတဲ့ ရှေးဟောင်းမြန်မာစာပေရေးရာဌာနဖြစ်ပါတယ်။ ၂၀၁၁ ခုနှစ်မှာ အခြေခံပညာမြေပေါ်မှာ တည်ဆောက်ဖွင့်လှစ်ခဲ့တာဖြစ်ပါတယ်။ ရှေ့ပိုင်းလေး ပြင်ဆင်တာနဲ့တင် ကျပ်သန်းပေါင်း ၇၂ သန်း အသုံးပြုခဲ့ရပါတယ်။ နောက်ပိုင်းအဆောက်အဦတွေ မပါပါဘူး။ အတွင်းကပစ္စည်းတွေ မပါပါဘူးခင်ဗျား။ ဒီဟာက မကြာခင်မှာ ပြင်ဆင်စရိတ်လည်း တောင်းရမယ့်အခြေအနေရှိနေပါတယ်။ ဒါဟာ မဖွင့်တာဟာဆိုရင် ကြာပါပြီခင်ဗျား။ အခု ညစောင့်တစ်ယောက်ပဲ ရှိပါတယ်။ ဒါကြောင့်မို့လို့ မုံရွာမဲဆန္ဒရှင်ပြည်သူတွေကိုယ်စား ဒီရှေးဟောင်းမြန်မာစာပေရေးရာဌာနကို ပြည်သူတို့ရဲ့အကျိုး၊ ကျောင်းသူကျောင်းသားတွေရဲ့အကျိုးငှာ အကျိုးရှိရှိအသုံးပြုဖို့ရန်အတွက် အစီအစဉ်ရှိ/မရှိ သိရှိလိုပါတဲ့အတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းပြန်မေးမယ်။ မုံရွာမြို့ ဒေါနခြံရပ်ကွက်ရှိ ရှေးဟောင်းမြန်မာစာပေလေ့လာရေးဌာနလား။ ရေးရာဌာနလား။ Power Point ထိုးတာမှာ ရေးရာဌာနပဲ တွေ့တယ်။ မေးခွန်းမှာတော့ လေ့လာရေးဌာနဖြစ်နေတယ်။

**ဦးညွန့်အောင်(မုံရွာမဲဆန္ဒနယ်)**။ ။ -----------။

မူကြမ်း

**ဥက္ကဋ္ဌ**။ ။ အဲဒါဆို မေးခွန်းကိုတော့ မှတ်တမ်းမှာ ပြန်တည့်ပေးပါ။ ထိုင်ပါ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်း ပြည့်စုံပါစေကြောင်း ဦးစွာဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ကျွန်တော် ဦးဝင်းမော်ထွန်းက စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးညွန့်အောင်ရဲ့ မေးခွန်းဖြစ်သော စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့ ဒေါနဖြံ့ရပ်ကွက်ရှိ ရှေးဟောင်းမြန်မာစာပေရေးရာဌာနကို ကျောင်းသားကျောင်းသူတို့၏အကျိုး၊ နိုင်ငံတော်၏အကျိုးအတွက် ပြန်လည်ဖွင့်လှစ်ရန် အစီအစဉ်ရှိ/မရှိဆိုတဲ့ မေးခွန်းနဲ့ စပ်လျဉ်းပြီး။

**ဥက္ကဋ္ဌ**။ ။ ဝန်ကြီး။ အဲဒီမှာ မေးခွန်းမှာ အခုန ပြန်တည့်ထားတယ်။ ပြန်ကြည့်ပါ။ ဒါဟာ မှတ်တမ်းတွေမှာပါ မှားသွားမယ်။ အခုနက် Power Point ထိုးတဲ့အထဲမှာ ဆိုင်းဘုတ်က ရှေးဟောင်းမြန်မာစာပေရေးရာဌာန။ မေးခွန်းရှင်က မေးထားတာက လေ့လာရေးဌာန။ အခု ပြန်တည့်လိုက်တော့ လေ့လာရေးဌာနမဟုတ်ဘူး။ ရေးရာဌာန။ အဲဒါပြန်မတည့်လို့ရှိရင် မေးခွန်းတခြား၊ အဖြေတခြား ဖြစ်လိမ့်မယ်။ နောက်တစ်ခုက ဒီလေ့လာရေးဌာနဆိုတာမရှိဘူး။ အခုလိုဆိုရင် ရှေးဟောင်းမြန်မာစာပေရေးရာဌာနပဲရှိတယ်။ နောက်ကို မေးခွန်းရှင်က ကိုယ့်မေးခွန်းကို ကိုယ် သေချာစိစစ်ပါ။ မရှိတဲ့ဌာနကိုဖြေရင် အကုန်လုံးတလွဲဖြစ်ကုန်လိမ့်မယ်။ အဲဒီတော့ ဝန်ကြီးဌာနအနေနဲ့လည်း အခုနက ပြောသလို မေးခွန်းကို လေ့လာရေးဌာနမဟုတ်ပါဘူးတဲ့။ ရေးရာဌာနဖြစ်သွားပြီဆို ရေးရာဌာန။ မိမိတို့ဌာနမှာရော အဲဒီမုံရွာမြို့မှာ ဒေါနဖြံ့ရပ်ကွက်မှာ ရှေးဟောင်းမြန်မာစာပေလေ့လာရေးဌာနရှိလား။ မရှိရင် ရေးရာဌာနအနေနဲ့ ရှိတဲ့ဌာနကိုတော့ တည့်ပေးပါ။ ဒါ ကျွန်တော် စောစောကတည်းက ကြိုပြောတယ်။ မရှိတဲ့ဌာနကြီးဖြေနေရင် ကျွန်တော်တို့က။

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ မုံရွာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးညွန့်အောင် မေးခွန်းဖြစ်သော စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့ ဒေါနဖြံ့ရပ်ကွက်ရှိ ရှေးဟောင်းမြန်မာစာပေရေးရာဌာနကို ကျောင်းသားကျောင်းသူတို့၏အကျိုး၊ နိုင်ငံတော်၏အကျိုးအတွက် ပြန်လည်ဖွင့်လှစ်ရန် အစီအစဉ်ရှိ/မရှိဆိုတဲ့မေးခွန်းနဲ့စပ်လျဉ်းပြီး တင်ပြမှာဖြစ်ပါတယ်။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့ ဒေါနဖြံ့ရပ်ကွက်တွင် ရှေးဟောင်းမြန်မာစာပေရေးရာဌာနကို ၁၅-၇-၂၀၁၄ နေ့တွင် စတင်ဖွင့်လှစ်ခဲ့ပါတယ်။ ၎င်းဌာနမှာ ရှေးဟောင်းမြန်မာစာပေရေးရာနှင့်ပတ်သက်တဲ့ တန်ဖိုးရှိပုရပိုက်များ၊ ပေစာများ၊ ကျောက်စာချပ်များ၊ ရှေးဟောင်းစာပေအထောက်အထားများ၊ ရှေးဟောင်းပန်းချီကားချပ်များနှင့် ဓာတ်ပုံများကို စနစ်တကျသိမ်းဆည်းထားရှိပါတယ်။ ဒီစနစ်တကျသိမ်းဆည်းထားတဲ့ ရှေးဟောင်းပစ္စည်းများကို မူလပိုင်ရှင်များဖြစ်ကြတဲ့ အမြင့်ကျေးရွာမှ ဆရာကြီးဦးကြည်စံနှင့် မြို့မိမြို့ဖများ၊ အမြင့်ကျေးရွာ ဘုံပျံကျောင်းဆရာတော် ဦးပညာဒီပ

တို့မှ ပြန်လည်တောင်းခံလာပါသဖြင့် ပြန်လည်ပေးအပ်ရန် တိုင်းဒေသကြီးအစိုးရအဖွဲ့မှတစ်ဆင့် မုံရွာတက္ကသိုလ်သို့ ၂၃-၅-၂၀၁၆ ရက်နေ့က စာဖြင့် ညွှန်ကြားခဲ့ပါတယ်။ ဒါကြောင့်မို့လို့ မုံရွာတက္ကသိုလ်မှ ၁-၇-၂၀၁၆ ရက်နေ့တွင် မူလပိုင်ရှင်များထံ ပြန်လည်လွှဲပြောင်းရန် ဆောင်ရွက်ခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။ ဒီအတွက် ယခင်က ယင်းနေရာမှာ မြန်မာ့လူမှုရေးနှင့် စာပေယဉ်ကျေးမှုစွမ်းရည်သင်တန်းများပို့ချခြင်း၊ ရှေးဟောင်းပစ္စည်းများ လေ့လာခြင်းများ ဆောင်ရွက်ခဲ့သော်လည်း ယခုအချိန်မှာတော့ ဒီဌာနမှာ မည်သည့်သင်တန်းမျှ ဖွင့်လှစ်ဆောင်ရွက်နိုင်ခြင်းမရှိတော့ပါကြောင်း ရိုသေစွာ တင်ပြအပ်ပါတယ်။

သို့ပါသော်လည်း မုံရွာတက္ကသိုလ်မှ ရှေးဟောင်းမြန်မာစာလေ့လာနေသော ကျောင်းသားကျောင်းသူများဟာဆိုရင် မုံရွာတက္ကသိုလ်စာကြည့်တိုက်မှာသော်လည်းကောင်း၊ Internet Online မှသော်လည်းကောင်း၊ လေ့လာခွင့်ရရှိလျက်ရှိပါတယ်။ အခု ကိုယ်စားလှယ်ကြီးတင်ပြတဲ့အတိုင်းပဲ ဒီအဆောက်အဦကို နိုင်ငံတော်နှင့် ကျောင်းသူကျောင်းသားများအတွက် အကျိုးရှိစွာ ဆောင်ရွက်နိုင်ရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပညာရေးဝန်ကြီးဌာနတို့ ညှိနှိုင်းပြီး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။

**အခြေခံပညာကျောင်းအုပ်ကြီးများနှင့် သင်ကြားရေးဝန်ထမ်းဆရာဆရာမများအား စာမေးပွဲကာလတွင် ပင်စင်အတွက် ကြိုတင်ပြင်ဆင်ခွင့်မပြုဘဲ စာမေးပွဲကာလပြီးဆုံးမှ ခံစားခွင့်ပြုရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ရမ်းဗြဲမဲဆန္ဒနယ်မှ ဦးကျော်ရွှေ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကျော်ရွှေ(ရမ်းဗြဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ ရမ်းဗြဲမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ရွှေ ဖြစ်ပါတယ်။ ဒီကနေ့ကျင်းပတဲ့ ပြည်သူ့လွှတ်တော်အစည်းအဝေးမှာ ကျွန်တော်မေးမြန်းမယ့်မေးခွန်းကတော့ အခြေခံပညာကျောင်းအုပ်ကြီးများနှင့် သင်ကြားရေးဝန်ထမ်းဆရာဆရာမများအား စာမေးပွဲကာလတွင် ပင်စင်အတွက်ကြိုတင်ပြင်ဆင်ခွင့်မပြုဘဲ စာမေးပွဲကာလပြီးဆုံးမှ ခံစားခွင့်ပြုရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်းကိုမေးမြန်းသွားမှာ ဖြစ်ပါတယ်။ ဒီမေးခွန်းမေးမြန်းရခြင်းရဲ့ အကြောင်းအရာအကျဉ်းချုပ်ကို တင်ပြခွင့်ပြုပါခင်ဗျား။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အခြေခံပညာသင်ကြားရေးဝန်ထမ်း ဆရာဆရာမများနှင့် ကျောင်းအုပ်ကြီးများဟာ နွေရာသီပိတ်ရက်ရှည်ခံစားခွင့်ရှိသူများဖြစ်၍ လုပ်သက်ခံစားခွင့်မရရှိခဲ့သလို ပင်စင်မယူမီကြိုတင်ပြင်ဆင်ခွင့်ခံစားခွင့်မရှိခဲ့ကြသူများလည်း ဖြစ်ကြပါတယ်။ ယခုအခါ ဆရာဆရာမများသည် နွေရာသီပိတ်ရက်တွင်လည်း အဖြေလွှာစိစစ်ခြင်းလုပ်ငန်းများ၊ သင်တန်းကိစ္စရပ်များ၊ ကျောင်းဖွင့်ရန်ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ ပုံမှန်နီးပါးရှိကြသည့်အပြင် နိုင်ငံတော်၏အရေးကြီးကိစ္စရပ်များ စီမံကိန်း၊ စီမံချက်လုပ်ငန်းများကိုလည်း တာဝန်ထမ်းဆောင်နေရသူများ ဖြစ်ကြပါတယ်။ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ

အခန်း(၈) အပိုဒ် ၈၁ အရ သက်ပြည့်ပင်စင်မယူမီ ကြိုတင်ပြင်ဆင်ခွင့် လေးလကို အခြားဝန်ထမ်းများ နည်းတူ အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် ဆရာဆရာမများအား ခံစားခွင့်ပြုကြောင်း ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး အမှတ်စဉ်(၁၈/၂၀၁၇)အရ ဆုံးဖြတ်ပေးခဲ့ပြီး အခြေခံပညာဦးစီးဌာန၏ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာ ၂ ရက် ရက်စွဲပါစာအမှတ်၊ ဌာနခွဲ(၁-ဃ)/၁၈၉၈၃/စီမံ(ပင်စင်)-၁၇ ဖြင့် ခွင့်ပြုခဲ့ပြီးဖြစ်သည်ကိုလည်း တွေ့ရပါတယ်။ အခြားဝန်ထမ်းများနည်းတူ အခြေခံပညာကျောင်းအုပ်ကြီးများနှင့် ဆရာဆရာမများ ခံစားခွင့်ရရှိ၍ဝမ်းသာရမှာဖြစ်ပါတယ်။ သို့ရာတွင် ကြိုတင်ပြင်ဆင်ခွင့်ပြုသည့် ဆရာဆရာမများ နေရာတွင် ချက်ချင်းအစားခန့်ထားနိုင်ခြင်းမရှိပါက သင်ကြားရေးအခက်အခဲရှိမည်ဖြစ်ပါတယ်။ အထူး သဖြင့် ဒီဇင်ဘာလ၊ ဇန်နဝါရီလ၊ ဖေဖော်ဝါရီလနှင့် မတ်လများတွင် ကြိုတင်ပြင်ဆင်ခွင့်ပေးရသည့် ဆရာဆရာမများနေရာတွင် ချက်ချင်းအစားထိုးခန့်ထားနိုင်ခြင်းမရှိပါက ဘာသာပြဆရာအလုံ အလောက်ခန့်ထားနိုင်ခြင်းမရှိသော အခြေခံပညာအထက်တန်းကျောင်း(ခွဲ)များ၊ အခြေခံပညာ အထက်တန်းကျောင်းများရှိ အစိုးရစစ်စာမေးပွဲများကို ဖြေဆိုကြရမည့် ကျောင်းသူကျောင်းသားများ အတွက် များစွာအခက်အခဲကြုံတွေ့ကြရမှာဖြစ်ပါတယ်။ ဤကာလတွင် ချက်ချင်းလူစားခန့်ထားနိုင် ရန်မှာလည်း ပညာရေးဝန်ကြီးဌာနအနေဖြင့် ပေးပို့နိုင်မည်မဟုတ်ပါ။ ဤသို့သောအခက်အခဲများ ကြောင့် ဒီဇင်ဘာလ၊ ဇန်နဝါရီလ၊ ဖေဖော်ဝါရီလနှင့် မတ်လများတွင် ကြိုတင်ပြင်ဆင်ခွင့်ပေးရသည့် ဆရာ ဆရာမများအား ကျောင်းသားကျောင်းသူများ၏ ပညာသင်ကြားရေးအရှိန်အဟုန်မပြတ်စေရေး နှင့် အခက်အခဲမဖြစ်စေရေး၊ ဆရာဆရာမများ၏စာမေးပွဲလုပ်ငန်းများကို ပြီးပြတ်အောင်ဆောင်ရွက် နိုင်စေရေးတို့အတွက် တောင်းခံလာသောကြိုတင်ပြင်ဆင်ခွင့်ကို ဌာနလိုအပ်ချက်အရ ငြင်းပယ်၍ ငြင်းပယ်ခံရသည့်ကာလကို ဝန်ထမ်းမနစ်နာစေရန် Default Leave ပေးနိုင်ပါက ဆရာနှင့် ကျောင်းသားနှစ်ဦးစလုံးအတွက် အဆင်ပြေမည်ဖြစ်ကြောင်း တင်ပြလိုပါတယ်။

သို့ဖြစ်ပါ၍ စာမေးပွဲကာလနှင့်နီးကပ်သော ဒီဇင်ဘာလ၊ ဇန်နဝါရီလ၊ ဖေဖော်ဝါရီလနှင့် မတ်လများတွင် ကြိုတင်ပြင်ဆင်ခွင့်ပေးရမည့် အခြေခံပညာအထက်တန်းကျောင်းအုပ်များနှင့် ဆရာ ဆရာမများအား ကျောင်းသားကျောင်းသူများအတွက် ပညာသင်ကြားရေးအဆင်ပြေစေရန် တောင်းခံ လာသော ဆရာဆရာမများ၏ကြိုတင်ပြင်ဆင်ခွင့်ကို ဌာနလိုအပ်ချက်အရ ငြင်းပယ်၍ ငြင်းပယ်ခံရ သည့်ကာလကို ဝန်ထမ်းမနစ်နာစေရန် Default Leave ပေးနိုင်မည့်အစီအစဉ်တစ်ရပ် ဆောင်ရွက် ပေးနိုင်ရန်ရှိ/မရှိကို အစိုးရစစ်စာမေးပွဲဖြေဆိုကြရမည့် ဆရာနည်းပါးသောကျောင်းများရှိ ကျောင်းသားကျောင်းသူများနှင့် ကျောင်းသားမိဘများ၏ကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်ကပဲ ဆက်လက်ပြီး ရခိုင်ပြည်နယ်၊ ရမ်းဗြဲမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးကျော်ရွှေ၏

မေးခွန်းဖြစ်သောအခြေခံပညာကျောင်းအုပ်ကြီးများနှင့် သင်ကြားရေးဝန်ထမ်းဆရာဆရာမများအား စာမေးပွဲကာလတွင် ပင်စင်အတွက် ကြိုတင်ပြင်ဆင်ခွင့်မပြုဘဲ စာမေးပွဲကာလပြီးဆုံးမှ ခံစားခွင့်ပြုရန် အစီအစဉ်ရှိ/မရှိဆိုတဲ့မေးခွန်းနှင့်စပ်လျဉ်းပြီး ဖြေကြားတင်ပြမှာဖြစ်ပါတယ်။

လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန၏ သင်ကြားရေးဝန်ထမ်းဆရာဆရာမများနှင့် အခြေခံပညာကျောင်းအုပ်ကြီးများ၊ အခြားအမှုထမ်းများသည် နွေရာသီအားလပ်ရက်ရှည်ခံစားခဲ့ကြသည့်အတွက် ယခင်က အသက် ၆၀ ပြည့်သည့်နှစ်မှသာ သက်ပြည့်ပင်စင်ခံစားခွင့်ပြုခဲ့သော်လည်း ၂၀-၉-၂၀၁၇ ရက်နေ့တွင် ကျင်းပသော ပညာရေးဝန်ကြီးဌာန၏စီမံခန့်ခွဲမှုကော်မတီအစည်းအဝေးအမှတ်စဉ် (၁၈/၂၀၁၇)၏သဘောတူညီချက်အရ အခြေခံပညာဦးစီးဌာနမှ ၂-၁၀-၂၀၁၇ ရက်စွဲပါဌာနခွဲ(၁-က)/ ၁၈၉၈၃/စီမံ(ပင်စင်)-၁၇ ဖြင့် သက်ပြည့်ပင်စင်မယူမီ ကြိုတင်ပြင်ဆင်ခွင့်လေးလအား ပျမ်းမျှလစာပြည့်ဖြင့် ခံစားခွင့်ပြုကြောင်း သင်ကြားခဲ့ပါတယ်။

ထိုကဲ့သို့ သင်ကြားရေးဝန်ထမ်းဆရာဆရာမများ၊ အခြေခံပညာကျောင်းအုပ်ကြီးများ၊ အခြားအမှုထမ်းဝန်ထမ်းများအား သက်ပြည့်ပင်စင်မယူမီ ကြိုတင်ပြင်ဆင် ခွင့်ပြုရခြင်း၏အကြောင်းအရင်းများမှာ အောက်ပါအချက်များကြောင့်ဖြစ်ပါတယ်။ (က)နိုင်ငံ့ဝန်ထမ်းဥပဒေ အခန်း(၈)၊ ပုဒ်မ ၈၁ အရ ဝန်ထမ်းအားသက်ပြည့်ပင်စင်မယူမီ ကြိုတင်ပြင်ဆင်ခွင့် လေးလပေးရမည်ဟု ပြဋ္ဌာန်းထားခြင်း၊ (ခ) အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပင်စင်ဦးစီးဌာနတို့နှင့် ညှိနှိုင်းတင်ပြခဲ့ရာ အဆိုပါဌာနများမှလည်း နိုင်ငံ့ဝန်ထမ်းနည်းဥပဒေအရသာ ဆောင်ရွက်ရန် ညွှန်ကြားခဲ့ခြင်းတို့ကြောင့် ဖြစ်ပါတယ်။

သို့ဖြစ်သည့်အတွက် နိုင်ငံ့ဝန်ထမ်းဖြစ်တဲ့ အခြေခံပညာကျောင်းအုပ်ကြီးများ၊ သင်ကြားရေးဝန်ထမ်း ဆရာဆရာမများသည် အခြားဝန်ထမ်းများနည်းတူ စာမေးပွဲကာလတွင် သက်ပြည့်ပင်စင်အတွက် ကြိုတင်ပြင်ဆင်ခွင့်ကာလ လေးလခွင့်ပြုခြင်းသည် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းသာဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်ကြီးတင်ပြသကဲ့သို့ စာမေးပွဲကာလပြီးဆုံးမှ ခံစားခွင့်ပြုရန်စီစဉ်ဆောင်ရွက်နိုင်ခြင်းမရှိပါကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။

**ပေါက်မြို့နယ် အခြေခံပညာကျောင်းများတွင် လစ်လပ်နေသော သင်ကြားရေးဆရာဆရာမဝန်ထမ်းများနှင့် စီမံရေးဝန်ထမ်းများအား အလျင်အမြန်ခန့်ထားပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပေါက်မဲဆန္ဒနယ်မှ ဦးရဲထွန်းဝင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးရဲထွန်းဝင်း(ပေါက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်အားလုံး မင်္ဂလာရှိတဲ့နေ့တစ်နေ့ဖြစ်ပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော့်မဲဆန္ဒနယ်မြေဖြစ်တဲ့ မကွေးတိုင်းဒေသကြီး၊ ပေါက်မြို့နယ်ရဲ့ အခြေခံပညာကျောင်းများမှာ လစ်လပ်နေတဲ့ သင်ကြားရေးဆရာဆရာမများနှင့် စီမံရေးရာဝန်ထမ်းများအား အမြန်ခန့်ထားပေးနိုင်ရန် အစီအစဉ်ရှိ/မရှိကို

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းသွားမှာဖြစ်ပါတယ်။ ဒီမေးခွန်းဖြစ်ပေါ်လာရတဲ့ အကြောင်းရင်းကတော့ ကျွန်တော်တို့ ပေါက်မြို့နယ်ဟာ ရပ်ကွက်ကျေးရွာအုပ်စု ၇၁ အုပ်စုနဲ့ ဖွဲ့စည်းထားပြီးတော့မှ ကျေးရွာပေါင်း ၂၃၅ ရွာရှိပါတယ်။ ကျေးရွာတရားဝင်အမည်ပေါက်ဖို့ ကြိုးစားဆဲကတော့ ၂၂ ရွာရှိပါတယ်။ အခြေခံပညာကျောင်းများအနေနဲ့ စုစုပေါင်း ၂၃၇ ကျောင်း ရှိပြီးခါကျမှ လွှတ်တော်နားရက်တွေမှာ ကျွန်တော်တို့မြို့နယ်အတွင်းမှာရှိတဲ့ကျေးရွာများကို လွှတ်တော် အတွေ့အကြုံရှင်းလင်းပွဲတွေ ပြုလုပ်တဲ့အခါမှာ ကျေးရွာသူ၊ ကျေးရွာသားများနဲ့ ဆွေးနွေးတဲ့အခါမှာ ကျတော့ ကျေးရွာသူ၊ ကျေးရွာသားအများစုရဲ့ ဆွေးနွေးချက်တွေဟာ မိမိတို့ကျေးရွာမှာရှိတဲ့ အခြေခံပညာကျောင်းမှာရှိတဲ့ ဆရာဆရာမဝန်ထမ်းလိုအပ်ချက်တွေကို အဓိကဆွေးနွေးတာကို တွေ့ကြုံခဲ့ရတဲ့အတွက် ဒီမေးခွန်းဖြစ်ပေါ်လာခြင်းဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ပေါက်မြို့နယ် အတွင်းမှာရှိတဲ့ ၂၃၇ ကျောင်းကို စာရင်း၊ ဇယားများအရ လေ့လာကြည့်တဲ့အခါမှာ ရာနှုန်းပြည့် ဝန်ထမ်းခန့်ထားနိုင်တဲ့ ကျေးရွာများရှိသလို လုံးဝရာနှုန်းပြည့်လိုအပ်နေတဲ့ ကျောင်းတွေလည်း ကျွန်တော်တို့တွေ့ရပါတယ်။ ၃၃ ရာခိုင်နှုန်းကနေပြီးတော့မှ ၆၀ ရာခိုင်နှုန်းအတွင်းမှာ ခန့်ထားနိုင်တဲ့ ကျေးရွာများကိုလည်းတွေ့ရပါတယ်။

ဒါကြောင့်မို့လို့ အဲလိုကျေးရွာတွေမှာကျတော့ ကျေးရွာပြည်သူများအနေနဲ့ မိမိတို့ကလေးတွေရဲ့ ပညာရေးအတွက်ကို မိမိတို့ကနေ ရန်ပုံငွေကောက်ခံပြီးတော့မှ ကျေးရွာနဲ့ကျေးရွာအနီးနား ပတ်ဝန်းကျင်မှာရှိတဲ့ အခြေခံပညာအထက်တန်းအောင်တွေ၊ ဘွဲ့ရလူငယ်တွေကို ငှားရမ်းပြီးတော့မှ ဖြေရှင်းနေရတဲ့အနေအထားကိုလည်း တွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ ဒါနဲ့ပတ်သက်ပြီးတော့မှ ပညာရေးကဏ္ဍရဲ့အသုံးစရိတ်ကိုလည်း နှစ်စဉ်တိုးတက်နေတဲ့ကာလမှာ မကြာခင်ကာလအတွင်း မှာတော့ ဒါဟာပြေလည်သွားမှာပါဆိုတာကို မေးမြန်းတဲ့မိဘပြည်သူများကို ကျွန်တော်တို့ ရှင်းပြရ ပါတယ်။ ဒါ့ကြောင့်မို့လို့ ပေါက်မြို့နယ်ရဲ့ အခြေခံပညာကျောင်းများမှာ လစ်လပ်နေတဲ့ ဆရာဆရာမ ဝန်ထမ်းများနဲ့ စီမံရေးရာဝန်ထမ်းများကို အလျင်အမြန်ခန့်ထားပေးနိုင်ရန် အစီအစဉ်ရှိ/မရှိနဲ့ အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် ခန့်ထားပေးနိုင်မယ်၊ အစီအစဉ်မရှိပါက အဘယ့်ကြောင့်နည်း ဆိုတာကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း (ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်ကပဲ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး၊ ပေါက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးရဲထွန်းဝင်း၏ မေးခွန်းဖြစ်သော မကွေးတိုင်းဒေသကြီး၊ ပေါက်မြို့နယ် အခြေခံပညာကျောင်းများ တွင် လစ်လပ်နေသော သင်ကြားရေးဆရာဆရာမဝန်ထမ်းများနှင့် စီမံရေးရာဝန်ထမ်းများအား အလျင်အမြန်ခန့်ထားပေးရန် အစီအစဉ်ရှိ/မရှိဆိုတဲ့ မေးခွန်းနှင့်စပ်လျဉ်းပြီး ဖြေကြားတင်ပြမှာဖြစ်ပါ တယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကိုယ်စားလှယ်တော်ကြီး၏ မဲဆန္ဒနယ်ဖြစ်သော မကွေးတိုင်းဒေသကြီး၊ ပေါက်မြို့နယ်တွင် အခြေခံပညာအထက်တန်းကျောင်းပေါင်း ၁၀ ကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ပေါင်း ၁၁ ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်းပေါင်း ၂၁ ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ပေါင်း ၅၁ ကျောင်း၊ အခြေခံပညာမူလတန်းလွန်ကျောင်း ၄၆ ကျောင်း၊ အခြေခံပညာမူလန်းကျောင်း ၆၆ ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း(ခွဲ) ၃၂ ကျောင်း အစရှိသဖြင့် စုစုပေါင်းအခြေခံပညာကျောင်း ၂၃၇ ကျောင်း ရှိပါကြောင်းဦးစွာတင်ပြအပ်ပါတယ်။ ပေါက်မြို့နယ်မှာ အထက်အဆင့်သင်ကျောင်းသားကျောင်းသူ ၄၅၀၄ ဦး၊ အထက်တန်းပြဆရာ ၁၅၄ ဦး ရှိတဲ့အတွက် အထက်အဆင့်သင်ဆရာနှင့် ကျောင်းသားအချိုးမှာ ၁း၂၈ ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ အလယ်အဆင့်သင်ကျောင်းသူကျောင်းသား စုစုပေါင်း ၁၄၂၀၉ ဦးရှိပြီး အလယ်တန်းပြဆရာ ၅၅၉ ဦး ခန့်ထားပြီးဖြစ်တဲ့အတွက် အလယ်အဆင့်သင်ဆရာနှင့် ကျောင်းသူကျောင်းသားအချိုးမှာ ၁း၂၅ ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ မူလတန်းအဆင့်သင် ကျောင်းသူကျောင်းသားပေါင်း ၁၉၆၃၁ ဦး ရှိပြီး မူလတန်းပြဆရာ ၁၀၂၁ ဦးဖြည့်ဆည်းပေးထားတဲ့အတွက် မူအဆင့်သင် ဆရာနှင့်ကျောင်းသား အချိုးမှာ ၁း၁၉ ဖြစ်ပါကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်ခင်ဗျား။

ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ ၃-၈-၂၀၁၇ ရက်နေ့မှာ ရာထူးတိုး/ပြောင်းများ ဆောင်ရွက်ပေးတဲ့အချိန်မှာ မကွေးတိုင်းဒေသကြီး၊ ပေါက်မြို့နယ်အတွက် အထက်တန်းကျောင်းအုပ် ၉ ဦး၊ အလယ်တန်းကျောင်းအုပ် ၆ ဦး၊ အထက်တန်းပြဆရာဆရာမ ၁၇ ဦး၊ အထက်တန်းပြ (ကာယနည်းပြ) ၂ ဦး၊ အလယ်တန်းပြဆရာဆရာမ ၆၆ ဦး၊ မူလတန်းကျောင်းအုပ် ၃၀ ဦး၊ မူလတန်းပြ ဆရာဆရာမ ၁၈၅ ဦး စုစုပေါင်းမူလတန်းကျောင်းအုပ် ၄၅ ဦးနဲ့ ဆရာဆရာမစုစုပေါင်း ၂၇၀ ဦး ခန့်ထားပေးခဲ့ပါကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ ဝန်ထမ်းအသစ်များခန့်အပ်ရာမှာ နိုင်ငံတော်ရဲ့ ဘဏ္ဍာရေးခွင့်ပြုချက်အရ ပြည်ထောင်စုအစိုးရ အဖွဲ့ရုံး၊ နိုင်ငံတော်သမ္မတရုံး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနများသို့ တင်ပြခွင့်ပြုချက်၊ အတည်ပြုချက်ရရှိမှသာ ခန့်ထားနိုင်တာဖြစ်ပါတယ်။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ ကိုယ်စားလှယ်တော်ကြီးတင်ပြသကဲ့သို့ တစ်ပြည်လုံးမှာရှိတဲ့ကျောင်းအားလုံးကို တစ်ကျောင်းချင်း လိုအပ်ချက်အရ တွက်ချက်ရာမှာ အထက်တန်းပြ ၁၁၃၅၀ ဦးလိုပါတယ်။ အလယ်တန်းပြ ၂၂၃၃၁ ဦး ထပ်မံခန့်ထားဖို့လိုပါတယ်။ စုစုပေါင်း ၃၃၆၈၁ ဦးခန့်ထားရန်လိုအပ်ပါကြောင်း တင်ပြအပ်ပါတယ်။ သို့သော် ဒီဝန်ထမ်းများခန့်အပ်နိုင်ဖို့ရာ နှစ်အလိုက်လျာထားချက်စီမံချက်ရေးဆွဲပြီး တင်ပြဆောင်ရွက် လျက်ရှိပါတယ်။ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်မှာ ၁၁၂၂၇ ဦး၊ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်မှာ ၁၁၂၂၇ ဦး၊ ၂၀၂၀-၂၀၂၁ ပညာသင်နှစ်မှာ ၁၁၂၂၇ ဦးခန့်ထားခွင့်ရရှိရန် လျာထားဆောင်ရွက်လျက် ရှိပါတယ်။ ဆိုလိုခြင်းအားဖြင့် ဒီလိုအပ်ချက်ရဲ့ သုံးပုံတစ်ပုံသာ နှစ်ချင်းခန့်ထားနိုင်မှာဖြစ်တဲ့အတွက် ခန့်ထားပြီးချိန်မှာ ကိုယ်စားလှယ်တော်ကြီး၏ တင်ပြတဲ့ကျောင်းများ၏လိုအပ်ချက်များကို အချိန်နှင့် တစ်ပြေးညီ ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။

**ဆားလင်းကြီးမြို့နယ်ရှိ သမ္မတောကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အား အခြေခံပညာအထက်တန်းကျောင်းအဖြစ်သို့လည်းကောင်း၊ သနပ်မျှောင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အား အခြေခံပညာအလယ်တန်းကျောင်းအဖြစ်သို့လည်းကောင်း အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဆားလင်းကြီးမဲဆန္ဒနယ်မှ ဦးဝင်းသိန်းဇော် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဝင်းသိန်းဇော်(ဆားလင်းကြီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ကြွရောက်လာကြသော ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ လေးစားစွာနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဆားလင်းကြီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသိန်းဇော် ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့အကြောင်းအရာကတော့ ဆားလင်းကြီးမြို့နယ်ရှိ သမ္မတောကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အား အခြေခံပညာအထက်တန်းကျောင်းအဖြစ်သို့လည်းကောင်း၊ သနပ်မျှောင်ကျေးရွာအခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အား အခြေခံပညာအလယ်တန်းကျောင်းအဖြစ်သို့လည်းကောင်း အသီးအသီးအဆင့်တိုးမြှင့်ပေးပါရန် အစီအစဉ်ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့်မေးမြန်းရခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ဒါကတော့ သမ္မတောကျေးရွာ အထက်တန်းကျောင်းဖြစ်ပါတယ်။ ၂၀၀၇ ခုနှစ်ကစတင်ဖွင့်လှစ်ခဲ့တဲ့အတွက် အခုဆိုရင် ၁၀ နှစ်ရှိခဲ့ပါပြီ။ ကျောင်းသားဦးရေမှာ ၄၁၇ ဦးရှိပြီးတော့ အဲဒီအနက်မှ ၁၄၅ ဦးသော အထက်တန်းကျောင်းသားတွေကတော့ သမ္မတောကျေးရွာအပါအဝင် ရွာသစ်ကုန်း၊ သနပ်မျှောင်၊ အောင်ချမ်းသာ၊ ရွှေသမင်၊ ပန်းထူးနဲ့ ကျွဲခိုတောကျေးရွာများမှ အထက်တန်းကျောင်းသားများ ဖြစ်ကြပါတယ်။ သမ္မတောကျောင်းခွဲအနေဖြင့် မြို့နယ်ရှိအနီးဆုံးအဆင့်မြင့်ကျောင်းနဲ့ ခြောက်မိုင်ကွာဝေးပါတယ်။ သမ္မတောကျေးရွာသည် အိမ်ခြေ ၃၈၀ ရှိပြီး လူဦးရေ ၁၉၉၁ ယောက် ရှိပါတယ်။ သမ္မတောကျောင်းဆောင်ဖြစ်ပါတယ်။ ဒါကတော့ သနပ်မျှောင်ကျေးရွာအခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ဖြစ်ပါတယ်။ ၁၇-၇-၂၀၀၇ ခုနှစ်က စတင်ဖွင့်လှစ်ခဲ့တဲ့အတွက် သူလည်းပဲ ၁၀ နှစ်ရှိခဲ့ပါပြီ။ ကျောင်းသားဦးရေမှာ ၂၄၅ ဦးပညာသင်ကြားလျက်ရှိပါတယ်။ သနပ်မျှောင်ကျေးရွာမှ အထက်တန်းကျောင်းသား ၂၀ ခန့်ကတော့ အထက်တန်းကျောင်း(ခွဲ)ရှိသော သမ္မတောကျောင်းသို့ သွားရောက်ကြရပါတယ်။ သနပ်မျှောင်ကျေးရွာသည် အိမ်ခြေ ၃၇၀ ရှိပြီး လူဦးရေအားဖြင့် ၂၅၀၀ ရှိပါတယ်။

ဒါကတော့ သနပ်မျှောင်ကျေးရွာမှာ ကျောင်းသစ်ဆောက်လုပ်ခြင်းပဲဖြစ်ပါတယ်။ ပေ ၉၀ x ပေ ၃၀ ရှိတဲ့ ကျောင်းဆောင်ပါ။ ဒါကတော့ ကိုယ်စားလှယ်များ၊ မိဘဆရာများ၊ ရပ်မိရပ်ဖများတို့က ကျောင်းဆောင်သစ်ရလာပြီဆိုရင် ဖောင်ဒေးရှင်းချတာကအစ အရည်အသွေးအပြည့်အဝရရှိအောင် စိစစ်ကြရခြင်းပဲဖြစ်ပါတယ်။ ဒါလေးကတော့ အဝီစိတွင်းကနေပြီးတော့ ရေတင်ထားတဲ့ ရေစုပ်စက်ဖြစ်ပါတယ်။ ဒါက ကျေးရွာက စေတနာရှင်တွေက လှူဒါန်းပေးထားတာရှိပါတယ်။ သို့ပေမဲ့လည်း အခြား တော်ရုံတန်ရုံကျောင်းဆောင်သစ်လေးတွေ အစားထိုးဖို့လိုလို့ရှိရင်လည်း ကိုယ်ထူကိုယ်ထနဲ့ ကျေးရွာကဆောက်ရွက်ကြတာလည်းရှိပါတယ်။

မူကြမ်း

ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်ပါအကြောင်းများကြောင့် သမ္မတောကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)နှင့် သနပ်မျှောင်ကျေးရွာ အခြေခံပညာအလယ်တန်း ကျောင်း(ခွဲ)တို့အား အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိအခြေအနေများကို ပြည်သူများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်ကပဲ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ ဆားလင်းကြီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးဝင်းသိန်းဇော်၏မေးခွန်းဖြစ်သော စစ်ကိုင်းတိုင်းဒေသကြီး၊ ဆားလင်းကြီးမြို့နယ်ရှိ သမ္မတောကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အား အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးပါရန်နှင့် သနပ်မျှောင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အား အခြေခံပညာအလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိဆိုတဲ့မေးခွန်းနှင့် စပ်လျဉ်း၍ ဖြေကြားတင်ပြမှာဖြစ်ပါတယ်။

ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ဒီကိုယ်စားလှယ်တော်ကြီး၏ မဲဆန္ဒနယ်ဖြစ်သော ဆားလင်းကြီးမြို့နယ်မှာ ယခုပညာသင်နှစ်အတွင်း အခြေခံပညာမူလတန်းကျောင်း(ခွဲ)တစ်ကျောင်း၊ အခြေခံပညာမူလတန်းလွန်ကျောင်းတစ်ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း တစ်ကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တစ်ကျောင်း စုစုပေါင်း အခြေခံပညာကျောင်းပေါင်းလေးကျောင်း အဆင့်တိုးမြှင့်ပေးခဲ့ပါကြောင်း ဦးစွာတင်ပြအပ်ပါတယ်။ အခြေခံပညာကျောင်းများကို အဆင့်တိုးမြှင့်ပေးရာမှာ သတ်မှတ်ကျောင်းသားဦးရေပြည့်မီမှုရှိ/မရှိ၊ မူလကျောင်းနှင့်ခရီးအကွာအဝေး စသည်ဖြင့် သတ်မှတ်ချက်များထားရှိခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။

ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့ ဆားလင်းကြီးမြို့နယ်၊ သနပ်မျှောင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)မှာ အလယ်တန်းအဆင့်သင်ကျောင်းသားကျောင်းသူ ၁၂၆ ဦးသာ ရှိပါတယ်။ သို့သော် စိစစ်တဲ့အခါမှာ ပင်မကျောင်းဖြစ်တဲ့ သမ္မတောအခြေခံပညာအထက်တန်းကျောင်း(ခွဲ)နှင့် ခရီးအတန်ကွာပြီး ခြောက်မိုင်ခန့်ကွာဝေးကြောင်း တွေ့ရှိရပါတယ်။ ဒီအတွက် ယခုလာမယ့် ပညာသင်နှစ်မှာ ကျောင်းအဆင့်တိုးမြှင့်ဖို့ ထည့်သွင်းဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။

ဒုတိယတင်ပြချက်ဖြစ်တဲ့ သမ္မတောကျေးရွာအခြေခံပညာအထက်တန်းကျောင်း(ခွဲ)ကို စိစစ်တဲ့အခါမှာ အထက်တန်းအဆင့်သင် ကျောင်းသားကျောင်းသူ အားလုံးစုစုပေါင်း ၆၂ ဦးပဲ ရှိသေးတဲ့အတွက် ဦးစားပေးအဆင့်တွင်မပါရှိပါကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။

**ဒိုက်ဦးမြို့နယ်၊ ကျိုက်စကောကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ကို အခြေခံပညာ အထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးဘုန်းမြင့်အောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဘုန်းမြင့်အောင်(ဒိုက်ဦးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည် တော်များအားလုံးမင်္ဂလာအပေါင်းနှင့် ခညောင်းပါစေကြောင်း ဦးစွာဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါ တယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘုန်းမြင့်အောင် ဖြစ်ပါတယ်။ ကျွန်တော် ဒီနေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန် အစည်းအဝေး နဝမနေ့မှာ မေးမြန်းလိုတဲ့ကြယ်ပွင့်ပြမေးခွန်းကတော့ ကျွန်တော်ရဲ့မဲဆန္ဒနယ်မြေဖြစ် သော ဒိုက်ဦးမြို့နယ်၊ ကျိုက်စကောကျေးရွာအခြေခံပညာအထက်တန်းကျောင်း(ခွဲ)ကို အခြေခံပညာ အထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒိုက်ဦးမြို့နယ်ဟာ ရပ်ကွက်၊ ကျေးရွာအုပ်စုပေါင်း ၅၃ အုပ်စုရှိပြီး ကျေးရွာပေါင်း ၁၈၂ ရွာဖြင့် ဖွဲ့စည်းခဲ့ပါတယ်။ ပညာရေး၏ဆောင်ပုဒ်ဖြစ်သော ပညာရေး ဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်ကြီးတည်ဆောက်နေတဲ့အချိန်မှာ ဒိုက်ဦးမြို့နယ်ရဲ့ ပညာရေးကဏ္ဍာဟာဖြင့် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်စာရင်းအရ အခြေခံပညာအထက်တန်းကျောင်း ၁၂ ကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) လေးကျောင်း၊ အခြေခံပညာအလယ်တန်း ကျောင်း ခြောက်ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ၅၀ ကျောင်း၊ အခြေခံပညာမူလတန်း လွန်ကျောင်း ၈၁ ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း ၁၀ ကျောင်းနှင့် အခြေခံပညာမူလတန်း ကျောင်း(ခွဲ) ခုနစ်ကျောင်း ရှိပါတယ်။ စုစုပေါင်း တစ်မြို့နယ်လုံးကျောင်းပေါင်း ၁၇၀ ကျောင်းရှိပါ တယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတစ်နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုဟာ ပညာရေးဖွံ့ဖြိုးတိုးတက်မှုပေါ်တွင် လုံးဝအမှီသဟဲပြုနေပါတယ်။ ကျွန်တော်မေးမြန်းတဲ့ အ.ထ.က(ခွဲ)ကျိုက်စကောစာသင်ကျောင်းဟာ ဒိုက်ဦးမြို့ရဲ့တောင်ဘက် ၁၄ မိုင်ခန့်ကွာဝေးပြီး ရန်ကုန်-မန္တလေးကားလမ်းဟောင်း မိုင်တိုင် ၇၂ မိုင်မှာ ရှိပါတယ်။ ကျိုက်စကော(အရှေ့)ကျေးရွာမှာ အိမ်ခြေ ၁၀၇၇ အိမ်ရှိပြီး လူဦးရေ ၄၈၉၇ ဦးရှိပါတယ်။ ကျိုက်စကော(အနောက်)ကျေးရွာမှာလည်း အိမ်ခြေ ၆၇၀ ရှိပြီး လူဦးရေ ၃၂၈၇ ဦးရှိပါတယ်။ ပညာရေးကို အဓိကအားပေးသောကျေးရွာများလည်းပဲ ဖြစ်ပါတယ်။ ထို့အပြင် အနီးပတ်ဝန်းကျင် ကျေးရွာခြောက်ရွာမှ ကျောင်းသူကျောင်းသားများလည်း လာရောက်ပညာသင်ကြားနေကြသောနေရာ လည်းဖြစ်ပါတယ်။ အ.ထ.က(ခွဲ)ကျိုက်စကောစာသင်ကျောင်းကို ၂၀၁၇-၂၀၁၈ ပညာသင်နှစ်မှာ မူလတန်းအဆင့်သင်ကျောင်းသားကျောင်းသူပေါင်း ၇၄၁ ဦး၊ အလယ်တန်းအဆင့်သင်ကျောင်းသား ကျောင်းသူ ၄၀၂ ဦး၊ အထက်တန်းအဆင့်သင်ကျောင်းသားကျောင်းသူပေါင်း ၂၁၁ ဦး၊ ကျောင်းသား ကျောင်းသူစုစုပေါင်း ၁၃၅၄ ဦးပညာရည်နို့ချိုတိုက်ကျွေးနေသော ပညာ့ဗိမာန်ကြီးလည်းပဲ ဖြစ်ပါ တယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပညာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသော သတ်မှတ်စံချိန်စံညွှန်များနှင့် ကိုက်ညီပြီးဖြစ်သော စာသင်ကျောင်းလည်းပဲ ဖြစ်ပါတယ်။ သို့ပါသောကြောင့် မျိုးဆက်သစ်

လူ့စွမ်းအားအရင်းအမြစ်များ၊ အသိပညာရှင်များ၊ အတတ်ပညာရှင်များဖြင့် လေ့ကျင့်မွေးထုတ်ပေးနေသော အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ကျိုက်စကောစာသင်ကျောင်းအား အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိကို ဒေသခံမဲဆန္ဒရှင်ပြည်သူများရဲ့ကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနသို့ လေးစားစွာမေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်ကပဲ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘုန်းမြင့်အောင်၏ မေးခွန်းဖြစ်သော ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ်၊ကျိုက်စကောကျေးရွာအခြေခံပညာအထက်တန်းကျောင်း(ခွဲ)အား အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ရန်အစီအစဉ်ရှိ/မရှိဆိုတဲ့ မေးခွန်းနှင့်စပ်လျဉ်းပြီး ရှင်းလင်းတင်ပြမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ယခင်မေးခွန်းများမှာ တင်ပြပြီးတဲ့အတိုင်းပဲ နိုင်ငံတော်၏ဘဏ္ဍာငွေခွင့်ပြုချက်နှင့်အညီ ကျွန်တော်တို့တတ်စွမ်းသရွေ့ ကျောင်းများအဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ ယခုပညာသင်နှစ်မှာ ကိုယ်စားလှယ်တော်ကြီးမဲဆန္ဒနယ်ဖြစ်သော ဒိုက်ဦးမြို့နယ်မှာ အဆင့်မြင့်ခဲ့တဲ့ ကျောင်းများကို တင်ပြရရင် အခြေခံပညာမူလတန်းကျောင်း(ခွဲ) ခုနစ်ကျောင်း၊ အခြေခံပညာမူလတန်းကျောင်းတစ်ကျောင်း၊ အခြေခံပညာမူလတန်းလွန်ကျောင်း ခြောက်ကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) နှစ်ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း ခြောက်ကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း သုံးကျောင်း စုစုပေါင်းအခြေခံပညာကျောင်းပေါင်း ၂၅ ကျောင်းကို အဆင့်တိုးမြှင့်ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့ ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ်၊ ကျိုက်စကောအခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှာ လက်ရှိမှာ အထက်တန်းအဆင့်သင်ကျောင်းသားကျောင်းသူ ၂၁၁ ဦးရှိလာပြီ ဖြစ်ပါတယ်။ ဒါ့အပြင် ပင်မကျောင်းဖြစ်တဲ့ ကျိုက်စကောအခြေခံပညာအထက်တန်းကျောင်းနှင့် ၄ မိုင်မျှသာကွာဝေးသော်လည်း ဖြေလျှော့ပြီးတော့ ဆောင်ရွက်ပေးဖို့စီစဉ်ထားပြီး ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဒိုက်ဦးမြို့နယ်၊ ကျိုက်စကောအခြေခံပညာအထက်တန်းကျောင်း(ခွဲ)ကို နောင်လာမည့် ပညာသင်နှစ်မှာ ကျောင်းအဆင့်တိုးမြှင့်ခြင်း ဆောင်ရွက်ပေးပါမည်ဖြစ်ပါကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။

**ကျိုင်းတုံမြို့နယ်၊ ပန်လင်စံကျော်ရွာရှိ အ.ထ.က ကျောင်း(ခွဲ)တွင် လစ်လပ်လျက်ရှိသော ကျောင်းအုပ်ဆရာကြီး၊ အထက်တန်းပြ၊ အလယ်တန်းပြ၊ မူလတန်းပြ ကျောင်းဆရာ၊ ဆရာမများ အမြန်ဆုံးခန့်ထားပေးနိုင်ခြင်းခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကျိုင်းတုံမဲဆန္ဒနယ်မှ ဦးစတီဖန် မေးမြန်းဖို့ဖြစ်ပါတယ်။

မူကြမ်း

**ဦးစတီဖန်(ကျိုင်းတုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကျိုင်းတုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစတီဖန် ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့်မေးခွန်းကတော့ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ ကျိုင်းတုံမြို့နယ်၊ ပန်လင်စံကျော်ရွာရှိ အ.ထ.က ကျောင်း(ခွဲ)တွင် လစ်လပ်လျက်ရှိသော ကျောင်းအုပ်ဆရာကြီးနှင့် အထက်တန်းပြ၊ အလယ်တန်းပြနှင့် မူလတန်းပြ ဆရာ၊ ဆရာမများ အမြန်ဆုံးခန့်ထားပေးနိုင်ခြင်းရှိ/မရှိ သိရှိလို၍ မေးမြန်းခြင်းဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ ကျိုင်းတုံမြို့နယ်၊ ပန်လင်စံကျော်ရွာဟာဆိုလို့ရှိရင် ယခင်က အလယ်တန်းကျောင်းဖြစ်ပါတယ်။ အလယ်တန်းဖြစ်တဲ့အတွက် ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ၊ ဆရာမများ လုံလုံလောက်လောက်ရှိခဲ့ပါတယ်။ ဒါပေမဲ့ ၂၀၁၇-၂၀၁၈ ခုနှစ်ပညာသင်နှစ်ကစပြီးတော့ အ.ထ.က ကျောင်း(ခွဲ) အဖြစ် တိုးမြှင့်လိုက်တဲ့အခါမှာ ကျောင်းအုပ်ဆရာကြီးက ပြောင်းရွှေ့သွားပြီး ကျောင်းအုပ်ဆရာကြီးနေရာ လစ်လပ်လျက်ရှိပါတယ်။ အဲဒီ လစ်လပ်လျက်ရှိတဲ့ ကျောင်းအုပ်ဆရာကြီးနေရာကို ကျောင်းဆရာမတစ်ဦးကို ယာယီတာဝန်ထမ်းဆောင်စေတဲ့အခါမှာ ရာထူးတူ ဆရာ၊ ဆရာမများက ရိုသေလေးစားခြင်းမရှိတဲ့အတွက် စီမံခန့်ခွဲရေးမှာလည်းကောင်း၊ အုပ်ချုပ်ရေးမှာသော်လည်းကောင်း အားနည်းခဲ့ရပါတယ်။ ဒါကြောင့်မို့လို့ လစ်လပ်လျက်ရှိတဲ့ ကျောင်းအုပ်ဆရာကြီးနေရာလည်း အမြန်ဆုံးခန့်ထားပေးရန် လိုအပ်လျက်ရှိပါတယ်။ ကျွန်တော် ဒီမေးခွန်းကို ပညာသင်နှစ်စတဲ့အချိန်မှာ စတင်မေးမြန်းရန် ပြင်ဆင်ထားခဲ့ပေမဲ့ ဆရာ၊ ဆရာမများ ခန့်ထားပေးမယ်ဆိုတာကို ကြားသိရတဲ့အတွက် ကျွန်တော်စောင့်ဆိုင်းရင်းနဲ့ ဆဋ္ဌမပုံမှန်အစည်းအဝေး နိုဝင်ဘာလကျမှ ဒီမေးခွန်းကို တင်သွင်းခဲ့ရခြင်းဖြစ်ပါတယ်။ ယနေ့မေးခွန်းမေးတဲ့အချိန်မှာတော့ ကျောင်းပိတ်ရက် ရက်အနည်းငယ်သာကျန်ရှိပါတယ်။ သို့ပေမဲ့လည်း လာမယ့်နှစ်အတွက် အကျိုးရှိမယ်လို့ရည်ရွယ်ပြီးတော့ ဒီမေးခွန်းကို ဆက်လက်မေးမြန်းခြင်းဖြစ်ပါတယ်။ ကျွန်တော်မေးခွန်းတင်သွင်းတဲ့အချိန်တုန်းက ကြည့်မယ်ဆိုလို့ရှိရင် အထက်တန်းပြဆရာနှစ်ဦး၊ အလယ်တန်းပြဆရာ လေးဦး၊ မူလတန်းပြဆရာသုံးဦးပဲရှိတယ်လို့ သိရှိရပါတယ်။ ယခုမေးခွန်းမေးတဲ့အချိန်မှာတော့ အလယ်တန်းပြဆရာ ရှစ်ဦးရှိပြီး တစ်ဦးကတော့ ရာထူးတိုးပြီး ပြောင်းရွှေ့သွားရန် စီစဉ်လျက်ရှိကြောင်း သိရှိရပါတယ်။ အထက်တန်းပြဆရာနှစ်ဦးဟာဆိုလို့ရှိရင် ၂၀၁၇ ခုနှစ် ပညာသင်နှစ်ကျမှ ကျောင်းဆင်းလာခြင်းဖြစ်ပြီး နှစ်ဝက်ကျမှလာပြီး ဆရာဖြစ်တယ်။ အတွေ့အကြုံနုနယ်တယ်။ ကျောင်းသားများနဲ့လည်း ရွယ်တူဖြစ်တဲ့အတွက် ကျောင်းသားတွေနဲ့လည်း သိပ်မလေးစားပြီး ပညာသင်ကြားတဲ့နေရာမှာ အခက်အခဲရှိတာကို တွေ့ရှိရပါတယ်။ အတွေ့အကြုံနုနယ်တဲ့ ဆရာနှစ်ဦးနဲ့လည်း အထက်တန်းကို သင်ကြားလို့မရတဲ့အတွက် အလယ်တန်းပြဆရာတွေကို အထက်တန်းပြအဖြစ်နဲ့ တာဝန်ယူစေတဲ့အခါမှာ အလယ်တန်းပြဆရာများဟာ ၎င်းတို့သင်ကြားနေတဲ့ဘာသာရပ်မဟုတ်တဲ့အတွက် အခက်အခဲများစွာရှိပြီး အထက်တန်းပြနေရာကို သွားသင်တဲ့အခါမှာ အလယ်တန်းမှာလည်း ထပ်မံပြီးလစ်လပ်ပြန်တယ်။ ဒါကြောင့်မို့လို့ ဘယ်လိုမှ အဆင်မပြေ ဖြစ်ခဲ့ရပါတယ်။ ကျွန်တော်တို့ ဒီ ပန်လင် အ.ထ.က ကျောင်း(ခွဲ)အဖြစ်နဲ့ တိုးချဲ့ပေးခြင်းကတော့ ကောင်းတဲ့ရည်ရွယ်ချက်ပါ။ မိုင်းပန်အောက်၊ မိုင်းပန်အထက်မှာရှိတဲ့ ကျောင်းသူ/ကျောင်းသားများ၊ တောင်ပေါ်ငါးအုပ်စုမှာရှိတဲ့ ကျောင်းသူ/ကျောင်းသားတွေဟာ ပန်လင် အ.လ.က

မှာ ကျောင်းတက်ပြီး အလယ်တန်းအောင်မြင်ပြီးတဲ့အခါမှာ မိုင်းခွန်၊ ဝမ်အွန်ကျောင်း(ခွဲ)မှာ ကျောင်း အ.ထ.က ကျောင်းမှာသော်လည်းကောင်း၊ ကျိုင်းတုံ အ.ထ.က ကျောင်းမှာသော် လည်းကောင်း ကျောင်းပညာဆက်လက်သင်ကြားရန် အဆင်မပြေတဲ့အတွက် ၎င်းတို့ဟာ ပညာရေးကနေ ထွက်သွားခဲ့ရတယ်။ အသက်ငယ်ရွယ်ပြီး ကျောင်းကနေထွက်သွားတဲ့အတွက် နိုင်ငံတော်အတွက် လည်း အကျိုးမရှိဘူး။ ဒေသအတွက်လည်း လုံးဝအကျိုးမရှိဘဲ အချည်းနှီး အလဟဿ ဖြစ်နေပါ တယ်။ ဒါကြောင့်မို့လို့ အလယ်တန်းအဆင့်အောင်တဲ့ ကျောင်းသားတွေကို အထက်တန်းပညာ သင်ကြားနိုင်ရန်အတွက် ရည်ရွယ်ပြီးတော့ ပန်လင်စံကျော် အ.ထ.က ကျောင်း(ခွဲ)ကို ဖွင့်ခဲ့ခြင်းဖြစ်ပါ တယ်။ သို့ပေမဲ့လည်း ဆရာ၊ ဆရာမများ မလုံလောက်တဲ့အတွက် မြို့ကြီးတွေမှာဆိုရင် ဂုဏ်ထူးတွေ ဘာသာစုံ၊ ငါးဘာသာ၊ လေးဘာသာ၊ သုံးဘာသာ စသဖြင့် တစ်ပုံကြီးအောင်နေတဲ့အချိန်မှာ ပန်လင် အ.ထ.က ကျောင်း(ခွဲ)မှာတော့ ဆယ်တန်းအောင်ဖို့ မျှော်လင့်ချက်ကင်းဝေးနေတဲ့ အခြေအနေမျိုး ဖြစ်ပါတယ်။ သို့ဖြစ်ပါတဲ့အတွက်ကြောင့် လစ်လပ်လျက်ရှိတဲ့ကျောင်းအုပ်ကြီးရာထူးနဲ့ အထက်တန်း၊ အလယ်တန်း၊ မူလတန်းပြ ဆရာ၊ ဆရာမများ အမြန်ဆုံးခန့်ထားပေးနိုင်ခြင်းရှိ/မရှိ မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်ကပဲ ဆက်လက်ပြီး ရှမ်းပြည်နယ်၊ ကျိုင်းတုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးဖြစ်သော ဦးစတီဖန်၏ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ ကျိုင်းတုံမြို့နယ်၊ ပန်လင်စံကျော်ရွာရှိ အခြေခံပညာ အထက်တန်း ကျောင်း(ခွဲ)တွင် လစ်လပ်လျက်ရှိသော ကျောင်းအုပ်ဆရာကြီးနေရာနှင့် အထက်တန်းပြ၊ အလယ်တန်း ပြနှင့် မူလတန်းပြ ဆရာ၊ ဆရာမများ အမြန်ဆုံးခန့်ထားပေးနိုင်ခြင်းရှိ/မရှိဆိုတဲ့ မေးခွန်းနှင့်စပ်လျဉ်းပြီး ဖြေကြားတင်ပြမှာဖြစ်ပါတယ်။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ ကျိုင်းတုံမြို့နယ်၊ ပန်လင်စံကျော်ရွာရှိ ပန်လင်အောက် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)သည် ယခု ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင်မှ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အဖြစ် ကျောင်းအဆင့်တိုးမြှင့်ဆောင်ရွက်ပေးခဲ့ခြင်း ဖြစ်ပါတယ်။ လက်ရှိအားဖြင့် အဆိုပါကျောင်းတွင် မူလတန်းပြဆရာသုံးဦး၊ အလယ်တန်းပြဆရာနှစ်ဦး၊ အလယ်တန်းပြ ဆရာခြောက်ဦး၊ အထက်တန်းပြနှစ်ဦး စုစုပေါင်းသင်ကြားရေးဝန်ထမ်း ၁၃ ဦး၊ ရုံးဝန်ထမ်းသုံးဦး တာဝန် ထမ်းဆောင်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ အထက်တန်းအဆင့်သင် ကျောင်းသူ/ကျောင်းသား များအနေဖြင့် ဒသမတန်းမှာ ပညာသင်ယူသူမရှိဘဲ နဝမတန်းမှာ ၄၂ ဦးရှိပါကြောင်း တင်ပြအပ်ပါတယ်။ အဋ္ဌမတန်းမှာ ၃၁ ဦး၊ သတ္တမတန်းမှာ ၄၃ ဦး၊ ဆဋ္ဌမတန်းမှာ ၄၄ ဦး၊ ပဉ္စမတန်းမှာ ၆၆ ဦး၊ မူလတန်း အဆင့်သင်ကျောင်းသူ/ကျောင်းသားများအနေဖြင့် စတုတ္ထတန်းမှာ ၃၉ ဦး၊ တတိယတန်းမှာ ၄၁ ဦး၊ ဒုတိယတန်းမှာ ၄၂ ဦး၊ ပထမတန်းမှာ ၄၂ ဦး၊ သူငယ်တန်း KG မှာ ၂၉ ဦး စုစုပေါင်း ၁၉၃ ဦး ပညာသင် ကြားလျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ကျွန်တော်တို့ တစ်ပြည်လုံး ဆရာလိုအပ်ချက်မှာ ၃၃၀၀၀

ကျော်ဖြစ်သော်လည်း ကျွန်တော်တို့ ခန့်ထားနိုင်မှုမှာ နှစ်ချင်းအလိုက် ၁၁၀၀၀ ကျော် သုံးနှစ်ဆက်ပြီး ခန့်ထားဖို့ စီမံဆောင်ရွက်လျက်ရှိပါတယ်။ အဆိုပါဆရာအသစ်များ ဖြည့်စွက်ခန့်ထားပေးချိန်မှာ ယခုလို လိုအပ်နေတဲ့ကျောင်းများကို ဦးစားပေးပြီး လာမည့်ပညာသင်နှစ်မှာ ဆရာအင်အား ဖြည့်စွက်ဆောင်ရွက်ပေးပါမည်ဖြစ်ကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။ မေးခွန်းများဖြေကြားပြီးတဲ့ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**ဒေါ်ချိုချို၊ အုတ်တွင်းမဲဆန္ဒနယ်ကတင်သွင်းသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လျင်မြန်ချောမွေ့လွယ်ကူစွာဝင်ရောက်နိုင်ပြီး လုပ်သားအင်အားအခြေပြုသော ကုန်ထုတ်လုပ်ငန်းများ (Labour Intensive Industry) ပိုမိုဖွံ့ဖြိုးတိုးတက်ကျယ်ပြန့်လာစေရန်အတွက် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများပေါ်လာအောင်ကူညီဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါ်ချိုချို၊ အုတ်တွင်းမဲဆန္ဒနယ်က ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး စတုတ္ထနေ့ (၂၂-၁-၂၀၁၈ ရက်နေ့)မှာ တင်သွင်းတဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လျင်မြန်ချောမွေ့လွယ်ကူစွာ ဝင်ရောက်နိုင်ပြီး လုပ်သားအင်အား အခြေပြုသော ကုန်ထုတ်လုပ်ငန်းများ (Labour Intensive Industry) ပိုမိုဖွံ့ဖြိုးတိုးတက်ကျယ်ပြန့်လာစေရန်အတွက် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ ပေါ်လာအောင် ကူညီဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၇၀ အရ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေးမယ့် ကိုယ်စားလှယ် ၁၃ ဦးရှိပါတယ်။ ပထမဦးစွာ ဆိပ်ကြီး/ခနောင်တိုမဲဆန္ဒနယ်မှ ဦးတင်ထွန်းနိုင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးတင်ထွန်းနိုင်(ဆိပ်ကြီး/ခနောင်တိုမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးကို မင်္ဂလာပါ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို Power Point နဲ့ တင်ပြဆွေးနွေးခွင့်ပြုပါခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ အုတ်တွင်းမဲဆန္ဒနယ်က ဒေါ်ချိုချို တင်ပြသွားတဲ့ လုပ်သားအင်အားအခြေပြု ကုန်ထုတ်လုပ်ငန်းတွေနဲ့ပတ်သက်ပြီးတော့ လက်ရှိ အထည်ချုပ်လုပ်ငန်းတွေ လက်ရှိရင်ဆိုင်နေရတဲ့ အခက်အခဲစိန်ခေါ်မှုတွေကို ဒီနေ့မှာ အဓိက ဆွေးနွေးအကြံပြုသွားမှာဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းများနဲ့ အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးထားနိုင်မှုကို တင်ပြထားတဲ့ Power Point ဖြစ်ပါတယ်။ ဒီထဲမှာ ကျွန်တော်တို့မြန်မာနိုင်ငံမှာ လက်ရှိအထည်ချုပ်စက်ရုံပေါင်း ၄၆၀ ကျော်ရှိပြီးတော့ အဲဒီစက်ရုံတွေကနေပြီးတော့ အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးနိုင်မှုဟာ လေးသိန်းခွဲခန့်ရှိပါတယ်။ ဒါဟာ ဘာကိုပြသလဲဆိုလို့ရှိရင် အထည်ချုပ်စက်ရုံဆိုတာ တစ်ရုံတစ်ရုံကို အလုပ်သမား ပျမ်းမျှအင်အား ၁၀၀၀ လောက်ရှိတယ်ဆိုတဲ့သဘောပါပဲ။ အဆိုရှင်တင်ပြသွားသလို အခုလိုမျိုး Labour

Intensive Industry တွေပိုမိုဖွံ့ဖြိုးတိုးတက်ပြီး ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းတွေ ပေါ်လာစေဖို့ဆိုလို့ ရှိရင် နိုင်ငံတော်အစိုးရအနေနဲ့ ဒီအထည်ချုပ်လုပ်ငန်းတွေရဲ့ ကျွန်တော် Power Point မှာတင်ပြထားတဲ့ အဓိကစိန်ခေါ်မှုတွေကို အစိုးရကနေပြီးတော့ ထိထိရောက်ရောက်ကူညီပံ့ပိုးပေးနိုင်ဖို့လိုပါတယ်။ ဒီမှာ စိန်ခေါ်မှုက အချက်ပေါင်း(၁၀)ချက်လောက် ကျွန်တော်ဆွဲထုတ်ထားပါတယ်။ ဒါပေမဲ့ အချိန်အကန့်အသတ်အရ အပေါ်ဆုံးကအနီနဲ့ပြထားတဲ့အချက်နှစ်ချက်ကိုပဲ ဒီကနေ့မှာ အဓိကထား ဆွေးနွေးသွားမှာဖြစ်ပါတယ်။

ဒါကတော့ ကျွန်တော်တို့ ပထမဆုံး Labour Intensive Industry တွေ လတ်တလော အရေးတကြီးရင်ဆိုင်နေရတဲ့ အကြပ်အတည်းဖြစ်ပါတယ်။ အားလုံးသိတဲ့အတိုင်း ကျွန်တော်တို့ မကြာခင်ကပဲ အနိမ့်ဆုံးလုပ်ခလစာကို ယခင်သတ်မှတ်ထားတဲ့ ၃၆၀၀ ကျပ်ကနေပြီးတော့ ၄၈၀၀ သတ်မှတ်လိုက်ပါတယ်။ အလုပ်သမားတွေအနေနဲ့ကလည်း လက်ရှိ အထွေထွေအရပ်ရပ် နေထိုင်စားသောက်စရိတ်တွေ တက်လာတဲ့အတွက်မို့လို့ အရင် ၃၆၀၀ ကျပ်ရရှိတာကနေ မလောက်တဲ့ အတွက်မို့လို့ ထပ်တိုးတောင်းတာဖြစ်သလို Labour Intensive Industry ဖြစ်တဲ့ အထည်ချုပ်တွေအတွက်ကျတော့လည်း ဒီ ၁၂၀၀ ကျပ်တိုးလိုက်တဲ့အတွက်မို့လို့ သူတို့ရဲ့စက်ရုံမှာ လစဉ်ဝင်ငွေရဲ့ ဘယ်လောက်အကြပ်အတည်းဖြစ်သွားတယ်ဆိုတဲ့ဥစ္စာလေးကို ကျွန်တော် Power Point ထဲမှာ တင်ပြထားပါတယ်။ အကယ်၍ ၃၆၀၀ ကျပ်ဆိုလို့ရှိရင် သူတို့အနေနဲ့ Power Point မှာ အသေးစိတ်တင်ပြထားသလိုပဲ အကျိုးအမြတ်အနေနဲ့ ၁၀ ရာခိုင်နှုန်းလောက် ကျန်သော်ငြားလည်းပဲ ကျွန်တော်တို့ အခု ၄၆၀၀ ကျပ်တိုးလိုက်တဲ့အခါမှာတော့ အလုပ်သမားလစာစရိတ်ရဲ့ ၇၀ ရာခိုင်နှုန်းရဲ့ ၃၃ ရာခိုင်နှုန်းလောက် တိုးလာတာဖြစ်တဲ့အတွက်မို့လို့ လက်ရှိဒီလုပ်ခလစာစရိတ်နဲ့ အထည်ချုပ်လုပ်ငန်းတွေရပ်တည်ဖို့ အင်မတန်ခဲယဉ်းသွားတာကို တွေ့ရမှာဖြစ်ပါတယ်။

ဒါကတော့ အနိမ့်ဆုံးလုပ်ခလစာသတ်မှတ်မှုနဲ့ပတ်သက်ပြီးတော့ နိုင်ငံတကာရဲ့ သတ်မှတ်မှုပုံစံတွေကို နှိုင်းယှဉ်နိုင်ဖို့ ကျွန်တော်တင်ပြထားတာဖြစ်ပါတယ်။ နိုင်ငံတကာအထူးသဖြင့် အာဆီယံနိုင်ငံတွေရဲ့ အနိမ့်ဆုံးလုပ်ခလစာသတ်မှတ်မှုပုံစံထဲမှာ ကျွန်တော်တို့နိုင်ငံလို အခုလိုမျိုး တစ်နိုင်ငံလုံးတစ်ပြေးညီသတ်မှတ်တဲ့နိုင်ငံဆိုတာမရှိကြောင်း တွေ့ရပါတယ်။ အာရှမှာတောင်မှ တစ်နိုင်ငံလုံးတစ်ပြေးညီ နေရာဒေသမရွေးသတ်မှတ်တဲ့နိုင်ငံရယ်ဆိုလို့ တောင်ကိုရီးယားတစ်နိုင်ငံတည်းရှိပြီးတော့ အခု မကြာခင်ကပဲ ကျွန်တော်တို့နိုင်ငံကတော့ ဒုတိယမြောက် အာရှတိုက်မှာ တစ်နေရာတည်းကို တစ်ပြေးညီသတ်မှတ်တဲ့နိုင်ငံအဖြစ် ကျွန်တော်တို့ ပေါ်ထွန်းလာတာဖြစ်ပါတယ်။ ဒီကိစ္စဟာ ဘာနဲ့လည်း သွားပြီးတော့ ကျွန်တော်တို့ လိုက်လျော်ညီထွေမှုအားနည်းနေသလဲဆိုလို့ရှိရင် မကြာခင်က အတည်ပြုပြဋ္ဌာန်းလိုက်တဲ့ ရင်းနှီးမြှုပ်နှံမှုဥပဒေပါ ဖွံ့ဖြိုးမှုနည်းတဲ့ဒေသတွေကို ကျွန်တော်တို့ Incentive Tax Exemption ပေးတဲ့ကိစ္စနဲ့လည်း ဒီကိစ္စက နည်းနည်းလေး Harmony မဖြစ်နေတာမို့လို့ ဝန်ကြီးဌာနများအနေနဲ့ ပြန်လည်စိစစ်ဖို့လိုအပ်ပါတယ်။

အဲဒီတော့ ဒီလိုအလုပ်ရှင်အလုပ်သမား နှစ်ဦးနှစ်ဖက်အကြပ်အတည်းဆိုက်နေချိန်မှာ အစိုးရနှင့် တိုက်ရိုက်တာဝန်ရှိတဲ့ ဝန်ကြီးဌာန၊ ဦးစီးဌာနများက အစွမ်းကုန်ကူညီပံ့ပိုးပေးဖို့ အထူးလိုအပ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ လစဉ်အလုပ်ရှင်အလုပ်သမားထည့်ဝင်ကြေးနဲ့ အလုပ်သမား

လူမှုဖူလုံရေးကိစ္စဆောင်ရွက်နေတဲ့ လူမှုဖူလုံရေးရဲ့ဘတ်ဂျက်ကို ကျွန်တော်လေ့လာကြည့်ပါတယ်။ ဒါကတော့ ၂၀၁၈ ခုနှစ် လူမှုဖူလုံရေးပထမမီနီဘတ်ဂျက်မှာ လူမှုဖူလုံရေးအဖွဲ့အစည်းဟာဆိုလို့ရှိရင် ဝင်ငွေအနေနဲ့ အလုပ်ရှင်အလုပ်သမားတွေဆီကနေပြီးတော့ ကောက်ခံရရှိတဲ့ငွေတွေ နှစ်စဉ်ဘီလီယံ ၈၀ လောက်ရှိပြီးတော့ ပြန်လည်သုံးနေတာကတော့ ကျွန်တော်တို့ သာမန်ရော၊ ငွေလုံးငွေရင်းရော ပေါင်းမှသာလျှင် ဘီလီယံ ၂၀ လောက်ပဲသုံးတဲ့အတွက်မို့လို့ နှစ်စဉ် သူတို့က ပိုလျှံရန်ပုံငွေ ဘီလီယံ ၆၀ ခန့်ရနေပါတယ်။ အဲဒီတော့ လူမှုဖူလုံရေးအဖွဲ့ဆိုတာ ပြည်သူလူထုရဲ့ထည့်ဝင်ငွေ၊ အလုပ်ရှင်တွေရဲ့ ထည့်ဝင်ငွေနဲ့ သူတို့ အလုပ်သမားတွေရဲ့ လူမှုဖူလုံရေးကို ဆောင်ရွက်ရတဲ့အဖွဲ့အစည်းဖြစ်ပြီးတော့ စီးပွားရေးဆိုင်ရာအဖွဲ့အစည်းမဟုတ်ပါဘူး။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ဒီကိစ္စကိုလည်း ပြန်လည်သုံးသပ်ပေးပါလို့ တိုက်တွန်းလိုပါတယ်။

ဒါကတော့ ခုနက လူမှုဖူလုံရေးအဖွဲ့ရဲ့ ဖြန့်ကျက်ထားတဲ့အခြေအနေတွေနဲ့ တစ်နိုင်ငံလုံးမှာရှိတဲ့ ကျွန်တော်တို့ ဆေးခန်းတွေဖြစ်ပါတယ်။ အခုဆိုလို့ရှိရင် အလုပ်သမား ၁၁ သိန်းလောက်ရှိပေမယ့်လို့ ဆေးခန်းကတော့ ၁၅၀ လောက်ပဲရှိပါတယ်။ ဒါလေးတွေကြောင့်မို့လို့ ကျွန်တော်တို့ လူမှုဖူလုံရေးအဖွဲ့ကြီးအနေနဲ့ ယခုထက်ပိုပြီးတော့ ဘီလီယံနဲ့ချီနေတဲ့ ပိုက်ဆံတွေကို အရှိန်အဟုန်မြှင့်ပြီးတော့ အလုပ်သမားတွေရဲ့ဘဝ လူမှုဖူလုံရေးအတွက် ကြိုးစားဆောင်ရွက်သွားပါလို့ တိုက်တွန်းလိုပါတယ်။ ဒါကတော့ ဒုတိယစိတ်ခေါ်မှုဖြစ်ပါတယ်။ ကျွန်တော်တို့တိုင်းပြည်မှာ TVET လို့ခေါ်တဲ့ နည်းပညာ၊ သက်မွေးဝမ်းကြောင်းပညာတွေ လွန်စွာအားနည်းနေပါတယ်။ Power Point ထဲမှာ ကျွန်တော်တို့ တခြားနိုင်ငံတွေရဲ့ အလယ်တန်းအဆင့်ပြီးလို့ရှိရင် စက်မှုလက်မှုအထက်တန်းကျောင်းတွေ၊ နည်းပညာသက်မွေးတွေကိုသွားတဲ့ ရာခိုင်နှုန်းတွေပြထားပါတယ်။ ကျွန်တော်တို့နိုင်ငံကတော့ ဒေသတွင်းနိုင်ငံတွေဖြစ်တဲ့ အင်ဒိုနီးရှားနဲ့စာလို့ရှိရင်ကိုပဲ ကျွန်တော်တို့က ၈၄ ဆလောက် နည်းနေပါတယ်။ ထိုင်းနိုင်ငံနဲ့ဆိုရင် အဆ ၇၀ လောက်နည်းနေပါတယ်။ လာအိုနဲ့ဆိုရင် ၆ ဆလောက်နည်းနေပါတယ်။ ဒါကြောင့်မို့လို့ ဒီနည်းပညာသက်မွေးဝမ်းကျောင်းပညာရေးကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနများကနေပြီးတော့ အားထည့်ပြီးတော့ ထိထိရောက်ရောက်အကောင်အထည်ဖော်ဆောင်ရွက်ဖို့လိုပါတယ်။ ဒါကတော့ လက်ရှိအလုပ်အကိုင်အခွင့်အလမ်းရရှိရေးအတွက် ဒီနေ့အချိန်မှာ အလုပ်သမားတွေဟာ ပြင်ပတစ်ပိုင်တစ်နိုင်သင်တန်းတွေကိုသာ အားကိုးနေရပါတယ်လို့ တင်ပြရင်းနဲ့ ကျွန်တော့်အနေနဲ့ အကြံပြုထောက်ခံအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကောလင်းမဲဆန္ဒနယ်မှ ဦးမျိုးဇော်အောင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးမျိုးဇော်အောင်(ကောလင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ကောလင်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဇော်အောင်ဖြစ်ပါတယ်။ ဒေါ်ချိုချို အုတ်တွင်းမဲဆန္ဒနယ်က တင်သွင်းထားတဲ့ အဆိုနှင့်ပတ်သက်ပြီး ထောက်ခံအကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ Power Point ဖြင့် တင်ပြခွင့်ပြုပါခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ Labour Intensive Industry ဆိုတာဟာ အလုပ်သမားများများနဲ့ ထုတ်ကုန်တွေ၊ ဝန်ဆောင်မှုတွေ ထုတ်လုပ်တဲ့လုပ်ငန်းတွေဖြစ်ပါတယ်။ အရင်းအနှီးကြီးပြီး နည်းပညာတွေလည်းလိုအပ်တာဖြစ်ပါတယ်။ Labour Intensive Industry တွေသာတိုးတက်လာမယ်ဆိုရင်

အကျိုးကျေးဇူးတွေအများကြီးရှိမှာပါ။ အဆိုရှင်ဆွေးနွေးခဲ့သလို အလုပ်အကိုင်အခွင့်အလမ်းတွေ တိုးနိုင်ရုံသာမကဘဲနဲ့ ပြည်တွင်းထွက်ပစ္စည်းတွေအပေါ်မှာ Valve Added လုပ်ငန်းတွေလည်း ပိုမိုဖွံ့ဖြိုးလာပြီးတော့မှ နည်းပညာတွေလည်း ရရှိလာမှာဖြစ်ပါတယ်။ ဒီလိုလုပ်ငန်းတွေ မဖွံ့ဖြိုးတဲ့အတွက် အလုပ်အကိုင်အခွင့်အလမ်းတွေ နည်းပါးလာနေပြီးတော့မှ ဝင်ငွေတွေလည်း နည်းလာပါတယ်။ ဝင်ငွေနည်းတော့ စီးပွားရေးတိုးတက်မှုနှေးပါတယ်။ စီးပွားရေးတိုးတက်မှုနှေးတော့ ပြည်တွင်းလုပ်သားတွေ နိုင်ငံခြားသွားလုပ်ကြပါတယ်။ ဒီတော့ ဦးနှောက်ယိုစီးမှုတွေဖြစ်ပြီး ပြည်တွင်းမှာကျွမ်းကျင်လုပ်သား ရှားပါးမှုပြဿနာကြုံလာရပါတယ်။ ကျွမ်းကျင်လုပ်သားရှားတော့ လုပ်ငန်းရှင်တွေကလည်းပဲ ဝင်လာဖို့တွန့်ဆုတ်ပြီးတော့ ဆိုးကျိုးသံသရာလည်နေပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ဒီလိုစက်ရုံ၊ အလုပ်ရုံတွေကို လာရောက်ရင်းနှီးမြှုပ်နှံဖို့ ဖိတ်ခေါ်မယ်ဆိုလို့ရှိရင် ဘယ်လုပ်ငန်းတွေကိုအဓိကဖွံ့ဖြိုးအောင် လုပ်ပြီး ဖိတ်ခေါ်မှာလဲဆိုတာကို အရင်ဆုံးစဉ်းစားရမှာဖြစ်ပါတယ်။ အထည်ချုပ်လုပ်ငန်းတွေလား၊ စိုက်ပျိုးရေးထုတ်ကုန်တွေလား၊ အစားအသောက်လုပ်ငန်းတွေလား၊ သစ်လုပ်ငန်းတွေလားဆိုတာကို ကျွန်တော်တို့ အရင်ဆုံး ရွေးချယ်စဉ်းစားရမှာဖြစ်ပါတယ်။ ဒီနေရာမှာ တစ်ခုအရေးကြီးတာက နိုင်ငံတကာရင်းနှီးမြှုပ်နှံသူတွေကို ဖိတ်ခေါ်မယ်ဆိုလို့ရှိရင် ရင်နှီးမြှုပ်နှံမယ့်သူတွေဘက်ကလည်း စဉ်းစားဖို့လိုပါတယ်။ အခွန်ငွေသက်သာ၊ မြေပေါပြီးတော့မှ၊ လျှပ်စစ်မီးတွေပြည့်စုံနေပြီးတော့မှ ဒီလိုမျိုး ရင်းနှီးမြှုပ်နှံသူတွေကို အပြိုင်အဆိုင်ဖိတ်ခေါ်နေကြတဲ့ အခြားနိုင်ငံတွေကို မသွားဘဲနဲ့ တို့မြန်မာနိုင်ငံကို ဘာကြောင့်မို့လို့ သွားမှာလဲဆိုတဲ့ ဒီလုပ်ငန်းရှင်တွေဘက်က ရှုထောင့်ကမေးခွန်းကို ကျွန်တော်တို့ ဖြေနိုင်ရမှာဖြစ်ပါတယ်။ ဒီအဖြေကို ဖြေနိုင်ဖို့ရာအတွက် ရင်းနှီးမြှုပ်နှံမှုတွေကိုကြိုဆိုတဲ့ မဟာဗျူဟာ၊ နည်းဗျူဟာတွေ၊ Welcome Policy တွေကို ကျွန်တော်တို့ ချမှတ်ရမှာဖြစ်ပါတယ်။ ပြီးမှ ဘယ်ကဏ္ဍကို ဘယ်နှစ်နှစ်အတွင်း ဘယ်လောက်တိုးတက်အောင်လုပ်မယ်ဆိုတဲ့ရေတို၊ ရေရှည် ရည်မှန်းချက်တွေချမှတ်ရမှာပါ။ ဒီနေရာမှာ မဟာဗျူဟာချမယ်ဆိုလို့ရှိရင် အခြေအနေကို မှန်မှန်ကန်ကန်သုံးသပ်ဖို့လည်း လိုပါတယ်။ ဘာကြောင့်မို့လို့ ရင်းနှီးမြှုပ်နှံမှုတွေမလာသေးတာလဲ။ အခု ဘယ်အခြေအနေရောက်နေပြီလဲ။ ကိုယ်သွားချင်တဲ့အခြေအနေရောက်ဖို့ဆိုလို့ရှိရင် ဘာတွေလုပ်ဖို့လိုသလဲဆိုတာကို သေချာသုံးသပ်ရမှာဖြစ်ပါတယ်။ ဒါကတော့ SWOT Analysis နမူနာလုပ်ထားတာဖြစ်ပါတယ်။ ကိုယ့်နိုင်ငံအနေနဲ့ အားသာချက်တွေ အများကြီးရှိပါတယ်။ သဘာဝအရင်းအမြစ်တွေပေါပါတယ်။ ဥပဒေတွေလည်းပြင်ထားတယ်။ အလုပ်သမားတွေပေါပါတယ်။ ကုန်ကြမ်းပစ္စည်းတွေလည်း ပေါပါတယ်။ ဒီအားသာချက်တွေကြောင့်မို့လို့လည်းပဲ ရင်းနှီးမြှုပ်နှံမယ့်သူတွေကမြန်မာနိုင်ငံကို စိတ်ဝင်စားကြပါတယ်။ ဒါပေမဲ့ အားနည်းချက်တွေလည်း အများကြီးရှိပါတယ်။ ကျွမ်းကျင်အလုပ်သမားတွေရှားတယ်။ မြေဈေးတွေကြီးတယ်။ လျှပ်စစ်မီးမလုံလောက်ဘူး။ မူဝါဒတွေတည်ငြိမ်ဖို့လိုနေသေးတယ်။ အကျင့်ပျက်ခြစားမှုတွေလည်းများပါတယ်။ မြန်မာပြည်ရောက်တော့ ငါတို့လည်း Under Table သဘောကို နားလည်လာတယ်ဆိုပြီး ဒါနိုင်ငံခြားလုပ်ငန်းရှင် တစ်ယောက်ကပြောတာ ကြားခဲ့ရဖူးပါတယ်။ ဒီအချက်တွေက ရင်းနှီးမြှုပ်နှံမယ့်သူတွေကို တွန့်ဆုတ်စေတဲ့အချက်တွေဖြစ်ပါတယ်။ ကျွန်တော်တို့အတွက် အခွင့်အလမ်းတွေလည်း ရှိပါတယ်။ မြန်မာနိုင်ငံကိုနိုင်ငံတကာက စိတ်ဝင်စားမှုများနေတာ၊ ကမ္ဘာ့သယံဇာတအကန့်အသတ်ရှိတာတွေဟာ တကယ့်အခွင့်အလမ်းကြီးဖြစ်ပါတယ်။ အဲဒီလိုပဲ စိန်ခေါ်မှုတွေလည်းပဲ ကျွန်တော်တို့ အများကြီးရှိပါတယ်။

ကျွန်တော်တို့ထက်စောပြီး ရင်းနှီးမြှုပ်နှံမယ့်သူတွေကို ဖိတ်ခေါ်နေကြတဲ့ ပြိုင်ဘက်တွေ ရင်းနှီးမြှုပ်နှံမယ့်သူတွေကလည်းပဲ မလိုလားအပ်တဲ့ စွန့်စားမှုတွေ မလုပ်ချင်ကြဘူး။ ဒါတွေဟာ ကျွန်တော်တို့ တကယ့်စိန်ခေါ်မှုတွေဖြစ်ပါတယ်။ တချို့ ပြည်တွင်းပြဿနာတွေကြောင့်မို့လို့ နိုင်ငံတကာပုံရိပ်ကျတာဟာလည်းပဲ ထိခိုက်မှုအရမ်းကြီးမားသလို မူဝါဒသစ်တွေ၊ နိုင်ငံရေးအခြေအနေတွေကို စိတ်မချသေးလို့ မြန်မာနိုင်ငံကို စောင့်ကြည့်ရအုံးမယ့် နိုင်ငံထဲထည့်ထားကြပါတယ်။ ဂျပန်နိုင်ငံကို တာဝန်ပေးချက်အရသွားခဲ့တုန်းက လုပ်ငန်းရှင်တစ်ယောက်ပြောတာမှတ်သားခဲ့ရဖူးပါတယ်။ သူတို့ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံချင်ပါတယ်။ သူတို့ အခွန်ဆောင်ပြီး တရားဝင်လုပ်မှာမို့လို့ မြန်မာနိုင်ငံအနေနဲ့ ဘေးနိုင်ငံတွေက အခွန်အမျိုးမျိုးရှောင်ပြီး ဝင်လာတဲ့ တရားမဝင်ကုန်သွယ်မှုတွေကို ဘယ်လို Level Play Field ညီအောင် လုပ်ပေးမလဲဆိုတဲ့ ဆွေးနွေးချက်ဖြစ်ပါတယ်။ နောက်တစ်ခုက ကျွန်တော်တို့ဆီက တချို့လူတွေက ညှိနှိုင်းမှုအဆင့်ဆင့် မလုပ်ဘဲနဲ့ တစ်ခုခုပြဿနာတက်လို့ရှိရင် သပိတ်အရင်ဆုံးထမှောက်ကြပါတယ်။ ဒါဟာ ယဉ်ကျေးမှု တစ်ခုလိုဖြစ်လာပါတယ်။ အလုပ်သမားများများနဲ့လုပ်ရတဲ့လုပ်ငန်းတွေဟာ သပိတ်မှောက်မှုတွေနဲ့ပဲ ရင်ဆိုင်နေရမယ်ဆိုရင်တော့ ဘယ်လုပ်ငန်းရှင်မှ စိတ်ဝင်စားမှာမဟုတ်ပါဘူး။ အဲဒီတော့ ကျွန်တော်တို့အနေနဲ့ အားသာချက်တွေကိုသုံး အားနည်းချက်တွေကို ပြင်ပြီးတော့မှ အခွင့်အလမ်းတွေကို ဖမ်းဆုပ်နိုင်အောင် ကြိုးစားရမှာပါ။ အကန့်အသတ်အတားအဆီးတွေကို ကျော်လွှားကြရမှာပါ။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ ဆွေးနွေးလိုတာကတော့ Labour Intensive Industry တွေတိုးတက်အောင်လုပ်လိုက်တယ်။ အလုပ်အကိုင်အခွင့်အလမ်းတွေများလာတယ်။ ဝင်ငွေတွေတိုးလာတယ်။ စီးပွားရေးတွေကောင်းလာတယ်ဆိုတာ စိတ်ကူးယဉ်လို့ကတော့ အင်မတန် ကောင်းပါတယ်။ ဒါပေမဲ့ လက်တွေ့ဖြစ်လာဖို့ကတော့ အဲဒီအတွက်ပြင်ဆင်မှုတွေအများကြီး လုပ်ကြရအုံးမှာဖြစ်ပါတယ်။ နှစ်အလိုက်လောက်မှာ စီးပွားရေးပေါက်ကွဲတိုးတက်လာဖို့ ပြင်ဆင်မှုတွေကို ဖြည်းဖြည်းဆောင်ရွက်ရမှာဖြစ်ပါတယ်။ နိုင်ငံတစ်ခုတိုးတက်ဖို့ဆိုတာ ဆေးမီးတိုမရှိပါဘူး။ အမြန်ဆုံးရောက်မယ့်အမှန်ကန်ဆုံးနည်းလမ်းကို ရွေးကြရမှာဖြစ်ပါတယ်။ နောက်ဆုံးအနေနဲ့ အစိုးရက ရင်းနှီးမြှုပ်နှံမယ့်သူတွေလာအောင် စောင့်မနေဘဲနဲ့ နိုင်ငံတကာလုပ်ငန်းရှင်တွေကို လာနိုင်ဖို့အရေး တိုက်ရိုက်ဖိတ်ခေါ်ဖို့ ရင်းနှီးမြှုပ်နှံဖို့ ဆွဲအားကောင်းတဲ့ အခြေအနေတွေကို ဖန်တီးပေးဖို့နဲ့ တည်ငြိမ်တဲ့ လုပ်ငန်းခွင်အခြေအနေတွေကို ဖန်တီးပေးဖို့ လိုအပ်ပါတယ်လို့ အကြံပြုဆွေးနွေးလိုပါတယ်။ မြန်မာပြည်သူအားလုံး စီးပွားရေးတိုးတက်ကြပါစေ။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သိန္နီမဲဆန္ဒနယ်မှ ဦးစိုင်းဦးခမ်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းဦးခမ်း(သိန္နီမဲဆန္ဒနယ်)**။ ။ အားလုံးပဲ မင်္ဂလာပါ။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ သိန္နီမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဦးခမ်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို တင်သွင်းတဲ့အဆိုအပေါ်မှာ အကြံပြုထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုမှာ နိုင်ငံတော်ရဲ့စီးပွားရေးတိုးတက်မှုနှုန်းကို အရှိန်မြှင့်တင်ဖို့၊ မြန်မာနိုင်ငံရဲ့စီးပွားရေးအခွင့်အလမ်းများကို အကျိုးရှိစွာဖော်ထုတ်အသုံးချနိုင်ဖို့၊ ရင်းနှီး

မြှုပ်နှံသူများကိုဖိတ်ခေါ်ပြီး နိုင်ငံတော်ရဲ့အလုပ်လက်မဲ့ပြဿနာကိုဖြေရှင်း၍ နိုင်ငံသားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ဖို့၊ ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်နေကြတဲ့ ရွှေ့ပြောင်းအလုပ်သမားများကို ပြန်လည်ခေါ်ယူပြီး ပြည်တွင်းမှာ အလုပ်ပေးနိုင်ဖို့ စတဲ့ ရည်ရွယ်ချက်ကောင်းများနဲ့ အဆိုရှင်က တင်သွင်းထားတာ ဖြစ်ပါတယ်။ ဒုတိယအကြိမ် လွှတ်တော်သက်တမ်းမှာပဲ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေအသစ်ကို ပြည်ထောင်စုလွှတ်တော်ကနေပြီးတော့မှ အတည်ပြုပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါတယ်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ကလည်းပဲ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာမူဝါဒများ၊ နည်းဥပဒေများကို ထုတ်ပြန်ကာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနဲ့ နိုင်ငံသားရင်းနှီးမြှုပ်နှံမှုတို့ကို ခွင့်ပြုပေးသွားနိုင်ရန်စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ဒါကြောင့် ပြည်ထောင်စုအစိုးရသက်ဆိုင်ရာဝန်ကြီးများအနေနဲ့ အနာဂတ်မှာ ရေရှည်တည်တံ့ခိုင်မာတဲ့ နိုင်ငံ့စီးပွားရေးတိုးတက်မှုကို ရရှိစေဖို့၊ ဒေသတွင်း ပထဝီအားသာချက်ကို အသုံးချ၍ မြန်မာနိုင်ငံရဲ့စီးပွားရေးအခွင့်အလမ်းများကို ဖော်ထုတ်ပေးနိုင်ဖို့၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်နိုင်ဖို့အတွက် လုပ်ထုံးလုပ်နည်းများကို ပြန်လည်ပြင်ဆင်ခြင်း၊ ကြိုးနီစနစ်ကို လျှော့ချခြင်း၊ လာဘ်ပေးလာဘ်ယူမှုကို ထိန်းချုပ်ခြင်းစတာတွေကို အရေးတကြီးဆောင်ရွက်သွားဖို့ အကြံပြုလိုပါတယ်။ နိုင်ငံတွင်းသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ စီးဝင်လာစေဖို့အတွက် ရင်းနှီးမြှုပ်နှံသူတွေ စိတ်ဝင်စားပြီး အလွယ်တကူဝင်ရောက်နိုင်မယ့် ရေခံ၊ မြေခံအခင်းအကျင်းမျိုးဖြစ်အောင် အထူးတလည်ပြင်ဆင်ထားပေးဖို့ လိုအပ်နေပါတယ်။ နိုင်ငံရဲ့လက်ရှိအခြေခံအဆောက်အဦ(Infrastructure)ပိုင်းရဲ့ အားနည်းချက်တွေကို ဖြည့်ဆည်းပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံသူတွေအတွက် အခက်အခဲအဟန့်အတားဖြစ်စေမယ့်အရာတွေကို ဖယ်ရှားပေးဖို့နဲ့၊ ဖြေလျှော့ပေးဖို့ လိုအပ်ပါတယ်။ နောက်တစ်ချက်က မိမိနိုင်ငံရဲ့ချမှတ်ထားတဲ့စီးပွားရေးမူဝါဒအပေါ်မှာ တိုက်ရိုက်သက်ဆိုင်နေပါတယ်။ ဥပမာတစ်ခုအနေနဲ့တင်ပြလိုတာက နိုင်ငံပိုင်လုပ်ငန်းတွေကို ပုဂ္ဂလိကပိုင်အဖြစ် ပြုပြင်ပြောင်းလဲမယ့်လုပ်ငန်းတွေဖြစ်ပါတယ်။ အသေးစားနှင့် အလတ်စား (SME) လုပ်ငန်းတွေထဲက ခေတ်စနစ်နဲ့အညီ ပြုပြင်ပြောင်းလဲမှုလုပ်ဖို့ လိုအပ်လျက်ရှိတဲ့ နိုင်ငံပိုင်စက်ရုံ ၃၃ ရုံလောက်ဟာ ပုဂ္ဂလိကကို လုပ်ကိုင်ခွင့်ပေးဖို့စီစဉ်လျက်ရှိကြောင်း သိရပါတယ်။ ဒီလိုမျိုး လက်ရှိ အရှုံးပေါ်နေပြီး ကုန်ထုတ်လုပ်မှုကျဆင်းနေတဲ့ ခေတ်မမီတော့တဲ့စက်ရုံတွေကို ပြုပြင်ပြောင်းလဲဖို့ဆိုတာ ပြည်ပကအရင်းအနှီးနဲ့ နည်းပညာတွေကို အမှီပြုပြီး ပြည်ပရင်းနှီးမြှုပ်နှံမှုကို ဖိတ်ခေါ်မှသာလျှင် အောင်မြင်နိုင်မှာဖြစ်ပါတယ်။ ဒီအပိုင်းတွေမှာလည်းပဲ မလိုလားအပ်တဲ့ စည်းမျဉ်းစည်းကမ်းတွေကို လျှော့ချပြီး မြန်မြန်ဆန်ဆန်လွှဲပြောင်းဆောင်ရွက်သွားဖို့ တိုက်တွန်းအကြံပြုအပ်ပါတယ်။ ဒါမှသာလျှင် မူလစက်ရုံတွေမှာ တာဝန်ထမ်းဆောင်နေကြတဲ့ဝန်ထမ်းတွေအတွက် အလုပ်အကိုင်ရရှိပြီး ကုန်ထုတ်လုပ်မှုအပိုင်းမှာလည်း ပြန်လည်တိုးတက်လာစေနိုင်မှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ဆီမှာ SME လုပ်ငန်းငယ်လေးတွေကို ငွေထုတ်ချေးပေးတဲ့ဘဏ်တွေ လေ့လာကြည့်တဲ့အခါမှာ အမှန်တကယ်လက်တွေ့နယ်ပယ်ကို ဆင်းလာခြင်းမရှိဘဲ ရုံးမှာပဲအလုပ်လုပ်နေတာကို တွေ့နေရပါတယ်။ အာဆီယံနိုင်ငံအချို့မှာဆိုရင် SME လုပ်ငန်းတွေကို ဖွံ့ဖြိုးရှင်သန်အားကောင်းလာစေဖို့အတွက် ဘဏ်မန်နေဂျာတွေကိုယ်တိုင် ကွင်းဆင်းဆောင်ရွက်ပေးနေတာကို သိရပါတယ်။ ကျွန်တော်တို့ဆီကဘဏ်တွေအနေနဲ့လည်း အတုယူကြဖို့ အကြံပြုလိုပါတယ်။ နောက်ပြီး ပြည်ပကနေ

လာရောက်ရင်းနှီးမြှုပ်နှံကြမယ့်သူတွေအတွက် နေရေး၊ ထိုင်ရေး၊ လုံခြုံရေးရရှိရေးတွေက အရေးပါပါတယ်။ နိုင်ငံခြားသားတွေကို လုံလုံခြုံခြုံနဲ့ တရားဝင်အခြေပြုနေထိုင်သွားဖို့ ကွန်ဒိုမီနီယံဥပဒေတွေ ပြဋ္ဌာန်းပေးဖို့ လိုအပ်နေပါတယ်။ လွှတ်တော်ကနေ ကွန်ဒိုမီနီယံဥပဒေတွေကို ရေးဆွဲပြဋ္ဌာန်းပေးမှသာလျှင် ရင်းနှီးမြှုပ်နှံသူတွေဟာ စည်ပင်လာမှာ ဖြစ်ပါတယ်။ ဒါ့အပြင် စက်ရုံအလုပ်ရုံတွေ တည်ဆောက်ဖို့ မြေနေရာရရှိရေးဟာလည်း အထူးအရေးကြီးပါတယ်။ မြေဈေးတွေ ခေါင်ခိုက်နေတဲ့ တိုင်းပြည်မှာ ဘယ်ရင်းနှီးမြှုပ်နှံမှုကိုမှ ဆွဲဆောင်နိုင်မှာ မဟုတ်ပါဘူး။ မြေဈေးတွေ မြင့်တက်လာတာနဲ့အမျှ အိမ်ဈေး၊ တိုက်ခန်းဈေးတွေပါ နောက်ကနေအကုန် လိုက်တက်မှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ မြေဈေး၊ အိမ်ဈေးတွေ ထိုးတက်အောင် ဈေးကစားနေကြတဲ့အဖြစ်မျိုးကနေ မပေါ်ပေါက်အောင် အစိုးရက ဝင်ရောက်ထိန်းညှိပေးဖို့နဲ့ မှန်ကန်တဲ့ မြေယာမူဝါဒများချမှတ်ပေးဖို့ကိုလည်းပဲ အကြံပြုလိုပါတယ်။ နောက်တစ်ခုက မရှိမဖြစ်လိုအပ်တဲ့ လျှပ်စစ်မီး၊ လမ်းပန်းဆက်သွယ်ရေး၊ အခြေခံအဆောက်အဦတွေနဲ့ ရုံးပိုင်းဆိုင်ရာလုပ်ထုံးလုပ်နည်းတွေမှာ လွယ်ကူအဆင်ပြေချောမွေ့စေဖို့အတွက် အချိန်ကုန်သက်သာစေမယ့် One Stop Service များ ထားရှိပြီးတော့ ထိထိရောက်ရောက်ဆောင်ရွက်ပေးဖို့ အထူးလိုအပ်ပါတယ်။ နောက်တစ်ခုအနေနဲ့ ခေတ်နှင့်အညီ ပြုပြင်သင့်တဲ့ဥပဒေတွေကို ပြုပြင်သွားဖို့ လိုအပ်ပါတယ်။ အင်္ဂလိပ်ခေတ်က ပြဋ္ဌာန်းခဲ့တဲ့စက်မှုထုတ်ကုန်ဒီဇိုင်းကုန်အမှတ်တံဆိပ်စတဲ့ မူပိုင်ခွင့်ဥပဒေ(Property Act)တွေဟာ ခေတ်ကာလနှင့် လျော်ညီစွာမရှိတော့တာကိုလည်း တွေ့ရပါတယ်။ နောက်ဆုံးအနေနဲ့ တင်ပြလိုတာကတော့ အင်တာနက်ကိုအသုံးပြုပြီး လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်နေတဲ့ e-Government တစ်ရပ်ကို အမြန်ဆုံးဖော်ဆောင်ပေးဖို့ လိုအပ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီး ပြည်သူ့လွှတ်တော်မှာ ပို့ဆောင်ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီဥက္ကဋ္ဌဖြစ်တဲ့ ဆိပ်ကမ်းမဲဆန္ဒနယ်မှ ကိုယ်စားလှယ် အဆိုတင်သွင်းထားပြီးဖြစ်တဲ့အတွက် သူရဲ့အဆိုမှာ အကျယ်တဝင့် ဖော်ပြထားပြီးဖြစ်ပါတယ်။

ဒေသအတွင်းမှာရှိတဲ့ အာဆီယံနိုင်ငံတွေရဲ့ဖွံ့ဖြိုးတိုးတက်တဲ့လမ်းကြောင်းကိုကြည့်တဲ့အခါမှာ လုပ်သားအင်အားအခြေပြု ကုန်ထုတ်လုပ်ငန်းများတွေကနေတစ်ဆင့် အစပြုခဲ့တာဖြစ်လို့ မြန်မာနိုင်ငံကဲ့သို့သော လုပ်သားအရင်းအမြစ်ကြွယ်ဝတဲ့နိုင်ငံအနေနဲ့ တိုင်းပြည်စီးပွားရေးကို ဆွဲဆောင်နိုင်ဖို့ ဆင်းရဲနွမ်းပါးမှုပြဿနာ၊ အလုပ်အကိုင်ရှားပါးမှုပြဿနာတွေကို ဖြေရှင်းသွားနိုင်ဖို့အတွက် ဒေါ်ချိုချို ရဲ့အဆိုကို ထောက်ခံအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မင်းကင်းမဲဆန္ဒနယ်က ဦးမောင်မြင့် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးမောင်မြင့်(မင်းကင်းမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်က မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့် ဖြစ်ပြီး ဒေါ်ချိုချို တင်သွင်းတဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ Labour Intensive Industry ဆိုတာ တကယ်တော့ CMP ပါပဲ။ CMP ရဲ့အရှည်က Cutting manufacturing Packing ဖြစ်ပါတယ်။ အာရှမှာ ဂျပန်တက်သွားတယ်ဆိုတာ အခြေခံကတော့ SME နဲ့ CMP ပါပဲ။ CMP ကလုပ်ခလစာနည်းပြီး ရင်းနှီးမြှုပ်နှံဖို့အတွက် အဆင်ပြေတဲ့ Environment ရှိတဲ့နိုင်ငံကို Shift လုပ်ကျတာ ဓမ္မတာဖြစ်ပါတယ်။ CMP က ဂျပန်ကနေ ဗီယက်နမ်၊ ကမ္ဘောဒီယား၊ ထိုင်း၊ မြန်မာဘက်ကို Shift လုပ်လာကျပါတယ်။ ဒါပေမဲ့ နိုင်ငံရေးမတည်ငြိမ်မှုတွေနဲ့

အတူ မြန်မာနိုင်ငံမှာ ၂၀၀၂-၂၀၀၃ ခုနှစ်များတွင် Sanction လုပ်ဖို့အတွက် ပြည်တွင်းပြည်ပက အတိုက်အခံတွေရဲ့တောင်းဆိုမှုအရ ပြည်တွင်းကိုရောက်လာပြီးတဲ့ CMP လုပ်ငန်းတွေ ပြန်ထွက်သွားကြတာကို မှတ်မိဦးမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ စုစုပေါင်းအလုပ်သမားတစ်သိန်းလောက် အလုပ်ပြုတ်သွားခဲ့ဖူးပါတယ်။ ဒီလိုနဲ့ CMP ဟာ ဖုတ်လိုက်ဖုတ်လိုက်ဖြစ်နေခဲ့သလို Made in Myanmar တံဆိပ်တောင်မှ ကပ်လို့မရတဲ့အခြေအနေလည်း ရှိခဲ့ဖူးပါတယ်။ ပြည်ပကိုရောက်မှ Made in Thailand, Made in Malaysia တံဆိပ်တွေ ပြောင်းကပ်ရတာတွေလည်းရှိခဲ့ဖူးပါတယ်။ အစိုးရအဖွဲ့မှာ CMP ဖွံ့ထားရေးကော်မတီဆိုတာရှိပါတယ်။ ကျွန်တော်လည်း ဒီကော်မတီမှာ ဥက္ကဋ္ဌလုပ်ခဲ့ဖူးပါတယ်။ အလုပ်သမားဝန်ကြီးက အဲဒီကော်မတီရဲ့ဥက္ကဋ္ဌဖြစ်ပါတယ်။ CMP ရဲ့အခြေခံကတော့ တစ်ဖက်မှ ပို့ပေးတဲ့ ကုန်ကြမ်း၊ ဥပမာအားဖြင့် အဝတ်စကို ရန်ကုန်ဆိပ်ကမ်းရောက်ပြီးတော့မှ သုံးလအတွင်းမှာ ချုပ်လုပ်ထုတ်ပိုးပြီးတော့မှ ပြန်လည်ပို့ရမှာ ဖြစ်ပါတယ်။ ဆိုလိုတာကတော့ Time Constraint ရှိပါတယ်။ နိုင်ငံတကာက အဲဒီလေး၊ ငါး၊ ခြောက်လအတွင်းမှာ ခေတ်စားလာနိုင်တဲ့၊ ရာသီဥတုနဲ့ကိုက်ညီတဲ့အဝတ်အစားနှင့် ဒီဇိုင်းတွေကို ပို့တာဖြစ်လို့ Just in Time ဆောင်ရွက်နိုင်ရပါတယ်။ ဆိပ်ကမ်းမှာ ရှင်းလင်းရေးလုပ်လို့ရှိရင်၊ စက်ရုံမှ အလုပ်သမားတွေက မကြာခဏသပိတ်မှောက်နေရင်၊ မီး မကြာခဏပျက်နေရင် အချိန်မမီပါဘူး။ ဒါကြောင့် လုပ်ငန်းရှင်တွေဟာ ဖောက်သည်မပြတ်ချင်လို့ ကုန်ပစ္စည်းတွေကို သင်္ဘောနဲ့တင်ရင် အချိန်မမီတဲ့အတွက် Air Freight နဲ့အကုန်အကျခံပို့ရတာတွေလည်း ရှိခဲ့ဖူးပါတယ်။ အိမ်နီးချင်းထိုင်းနိုင်ငံ ဘန်ကောက်မှာ ရေအများကြီး ကြီးခဲ့ဖူးတယ်။ နိုင်ငံရေးအရ ရက်ရှည်ဆန္ဒပြပွဲကြီးတွေဖြစ်ခဲ့ဖူးတယ်။ ဒါပေမဲ့ CMP တွေဟာ ထိုင်းကနေ ထွက်မသွားပါဘူး။ ဘာကြောင့်လဲဆိုတော့ သူတို့မှာ CMP Friendly Environment တစ်ခုရှိနေတာ သေချာလို့ပါပဲ။ ဒါဆိုရင် CMP အတွက် ဘာတွေလိုသလဲဆိုရင်တော့ အဓိကကျတဲ့ ကိုးချက်ပဲ တင်ပြလိုပါတယ်။ (၁) မြေနေရာ၊ (၂) လမ်းပန်းဆက်သွယ်ရေး၊ (၃) လျှပ်စစ်၊ (၄) ကျွမ်းကျင်လုပ်သား၊ (၅) ခိုင်မာပြီးတော့မှ ညင်သာပျော့ပျောင်းတဲ့အလုပ်သမားဥပဒေ၊ (၆) လုပ်ခလစာ၊ (၇) ဆိပ်ကမ်းရှင်းလင်းရေး၊ (၈) Investment မှာ Red Tape တွေဖယ်ရှားရေးနဲ့ (၉) International Trust ပြန်လည်ရရှိရေးဖြစ်ပါတယ်။ ဒီဟာတွေအားလုံးကို ဆွေးနွေးရမယ်ဆိုရင် အချိန်နှစ်နာရီလောက်လိုပါတယ်။

ဒါကြောင့် ကျွန်တော်အကျဉ်းပဲဆွေးနွေးပါ့မယ်။ (၁)ဖြစ်တဲ့ စက်ရုံမြေနေရာရရှိရေးကို ယခင်အစိုးရရော ယခု အစိုးရရော တာဝန်ယူမှုမရှိပါဘူး။ ပွားရမ်းခတွေ သိပ်မြင့်ပါတယ်။ နိုင်ငံတကာပေါက်ဈေးထက် အနည်းဆုံးနှစ်ဆလောက်မြင့်ပါတယ်။ ဒါကို ကျော်လွှားနိုင်ဖို့ဆိုရင်တော့ Industrial Zones အသစ်တွေကို Developer တွေရွေးချယ်ပြီးတော့မှ အမြန်ဆုံးဆောင်ရွက်ခြင်းဖြင့် ကျော်လွှားနိုင်မှာဖြစ်ပါတယ်။ (၂)ဖြစ်တဲ့ လမ်းပန်းဆက်သွယ်ရေးကတော့ ကွန်တိန်နာတွေကြောင့် လမ်းပိတ်တယ်ဆိုရင် မပိတ်အောင်ပဲ လုပ်ဖို့ရှိပါတယ်။ (၃) လျှပ်စစ်က မှန်မှန်မလာဘူး။ Voltage မပြည့်ဘူး။ သူများနိုင်ငံတွေမှာမရှိတဲ့ ဒီအခက်အခဲက ကျွန်တော်တို့နိုင်ငံမှာ အကြီးမားဆုံးပြဿနာဖြစ်နေပါတယ်။ ဒါကြောင့်မို့လို့ ဒီဇယ်အင်ဂျင်နဲ့မီးပေးတာအပြင် Clean Coal Technology ကိုလည်း ကျွန်တော်တို့ ကျင့်သုံးဖို့အတွက် စဉ်းစားသင့်တယ်ဆိုတာကို တင်ပြလိုပါတယ်။ (၄) ကျွမ်းကျင်လုပ်သားပါ။ တစ်နေ့ကို ၁၀ ထည်ချုပ်ရမယ်၊ ၁၀ ရဲ့အထက်ကို ပြီးလို့ရှိရင် Piece Rate

ပေးမယ်ဆိုတဲ့မက်လုံးကိုပေးပေမဲ့ ကျွန်တော်တို့ဆီမှာ မချုပ်နိုင်ကြတာများပါတယ်။ အလုပ်သမားတွေက နိုင်ငံခြားကိုထွက်သွားလို့ရှိရင်တော့ နိုင်ငံခြားရောက်ရင်တော့ ၁၅ ထည် ပြီးသွားပါတယ်။ ဘာကြောင့်လဲ Piece Rate ကလည်း မြင့်လို့ပါ။ Skill တွေလည်း တက်လာလို့ပါ။ ဒါကြောင့်မို့လို့ အလုပ်ရှင်၊ အလုပ်သမားတွေအားလုံး ဒါကို ပြန်လည်သုံးသပ်သင့်ပါတယ်။ (၅) ညင်သာပြီးတော့မှ ပျော့ပျောင်းခိုင်မာတဲ့အလုပ်သမားဥပဒေလိုပါတယ်။ တကယ်တော့ Overtime ဟာလိုပါတယ်။ Overtime ကို အလုပ်သမားနှင့် အလုပ်ရှင်သဘောတူရင် ခွင့်ပြုသင့်တယ်။ ဒါပေမဲ့ နည်းဥပဒေမှာ နာရီကန့်သတ်ချက်ရှိနေပါတယ်။ ဒါကြောင့်မို့လို့ အလုပ်ရှင်နှင့် အလုပ်သမားက ဒါကိုညှိနှိုင်းဆောင်ရွက်ကြဖို့လိုတယ်ဆိုတာကို ကျွန်တော်တင်ပြလိုပါတယ်။ ဆန္ဒပြတာဟာ ပြဿနာကို ဖြေရှင်းတဲ့နည်းလမ်းကောင်းတစ်ခုမဟုတ်ပါဘူး။ ဒီလိုခဏခဏဆန္ဒပြတာ ဟာ Investor တွေကို Discourage ဖြစ်စေပါတယ်။ (၆)က လုပ်ခလစာပါ။ ယခုအခါမှာ ၃၆၀၀ ကျပ်ကနေ ၄၈၀၀ ကျပ်တိုးဖို့လုပ်နေတယ်။ တကယ်တိုးမယ်ဆိုလို့ရှိရင် CMP တွေရှင်သန်နိုင်ပါ့မလားဆိုတာ စဉ်းစားဖို့လိုပါတယ်။ တစ်ဖက် ကလည်း အလုပ်သမားတွေရဲ့နေ့စဉ်စားဝတ်နေရေး၊ လူမှုရေးစရိတ်ကလည်း မြင့်တက်နေပါတယ်။ ဒါကြောင့်မို့လို့ ဒါကိုတော့ နှစ်ဖက်ချိန်ပြီးလုပ်ဖို့လိုပါတယ်။ ဇွတ် လုပ်မယ်ဆိုရင်တော့ CMP တွေဟာ ဘင်္ဂလားဒေ့ရှ်ဘက်ကို Shift လုပ်လာဖို့ သေချာနေတယ်လို့ ကျွန်တော်ပြောလိုပါတယ်။ ဆိပ်ကမ်းရှင်းလင်းရေး တကယ်တော့မလွယ်ပါဘူး။ ကျွန်တော် ဥက္ကဋ္ဌလုပ်တုန်းက သုံးခါ၊ လေးခါလောက်ဆွေးနွေးခဲ့ဖူးပါတယ်။ ဌာနဆိုင်ရာတွေက သူတို့မှာရှိနေတဲ့ Existing Rule and Regulation တွေကို လျှော့ချပေးဖို့အတွက် မလိုလားဘူးလို့ဘဲ ကျွန်တော်အတိုချုပ်ပြောကြားလိုပါတယ်။ (၈) Red Tape တွေ လျှော့ချဖို့ပါ။ Investment Committee မှာ ကိုအောင်နိုင်ဦးတို့ ကြိုးစားလုပ်ကိုင်နေတာတွေ့ပါတယ်။ သူတစ်ယောက်တည်းနဲ့မရပါဘူး။ ကော်မတီဥက္ကဋ္ဌနှင့် အကြီးတန်းအရာရှိတွေက Investment Friendly Attitude ရှိဖို့လိုတယ်လို့ ပြောကြားလိုပါတယ်။ နောက်တစ်ခုကတော့ နံပါတ်(၉)ပါ။ International Trust ရရှိဖို့ ဖြစ်ပါတယ်။ ကျွန်တော်တို့လွှတ်တော်မှာပဲ FDI လုပ်ငန်းနှစ်ခုဖြစ်ပါတယ်။ Port နဲ့ ဆေးရုံပါ။ ဒါကို လွှတ်တော်မှာမဲခွဲပြီးတော့မှ ရပ်ဆိုင်းပြစ်ခဲ့ဖူးတယ်ဆိုတာ ခင်ဗျားတို့လွှတ်တော်ကိုယ်စားလှယ်အားလုံးမှတ်မိမှာ ဖြစ်ပါတယ်။

အလားတူပါပဲ။ ပြည်တွင်းပြည်ပက ရင်းနှီးမြှုပ်နှံမှုတွေပါဝင်တဲ့ Real estate တွေကို ပြန်လည်ပြီးတော့မှ စိစစ်မယ်ဆိုပြီးတော့မှ High-rise တွေအားလုံးကို ရပ်ဆိုင်းပစ်တာလည်း ဖြစ်ပါတယ်။ ဒီလိုမျိုး Trust တွေ ပျက်အောင်လုပ်သွားလိုက်တာဟာဆိုလို့ရှိရင်တော့ Supply Chain တစ်ခုလုံး ပြိုလဲမသွားပေမဲ့ ကစဉ့်ကလျားဖြစ်ခဲ့ပါတယ်။ Trust ကို ပျက်အောင်လုပ်ရတာလွယ်ပါတယ်။ ပြန်ပြီး တော့မှ တည်ဆောက်ရတာ တကယ်တော့မလွယ်ပါဘူး။ ကြိုးစားဖို့ လိုပါတယ်။ အချိန်တစ်ခုလိုပါ လိမ့်မယ်။ ဒါပေမဲ့ အဆိုးထဲက အကောင်းပါ။ ဒေါ်ချိုချိုပြောသလို FDI အဝင်နည်းနေတယ်ဆိုပေမဲ့ ပြီးခဲ့တဲ့ရက်က ကျွန်တော် အထည်ချုပ်အသင်းဥက္ကဋ္ဌဖြစ်တဲ့ ဦးမြင့်စိုးနဲ့တွေ့ပါတယ်။ သူပြောတာက တော့ CMP ပို့ကုန်တန်ဖိုးဟာ 3 Billion US dollar ရောက်နေပြီလို့ သူကပြောပါတယ်။ ကျွန်တော် ယုံလည်းယုံကြည်ပါတယ်။ ဆက်လည်း တိုးတက်နိုင်တဲ့အနေအထားရှိပါတယ်လို့ သူပြောပါတယ်။ ဒါကြောင့် အစိုးရကသာ တကယ်လို့ထိထိရောက်ရောက်အားပေးမယ်၊ ကူညီမယ်ဆိုရင်တော့ဖြင့် CMP

လုပ်ငန်း၊ FDI ကနေ အားလုံးဟာ တိုးတက်လာမှာဖြစ်ကြောင်း တင်ပြရင်းနဲ့ ထောက်ခံဆွေးနွေးအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်အေဇင်လတ် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်အေဇင်လတ်(ရွှေဘိုမဲဆန္ဒနယ်)**။ ။ လေးစားရပါတဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်အားလုံးမင်္ဂလာပါရှင်။ ကျွန်မ ရွှေဘိုမဲဆန္ဒနယ်က ဒေါက်တာဒေါ်အေဇင်လတ် ဖြစ်ပါတယ်။ အခု ကျွန်မက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ချိုချိုရဲ့အဆိုမှာ ပါဝင်ထောက်ခံဆွေးနွေးမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ နိုင်ငံတစ်နိုင်ငံရဲ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ဆိုတာက အဲဒီနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေကို အာမခံပေးထားနိုင်တဲ့ဥပဒေတွေရှိပြီလားဆိုတာကတော့ အရင်ဆုံး ဆန်းစစ်ဖို့ လိုပါလိမ့်မယ်။ ကျွန်မတို့နိုင်ငံကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၇ဝ၊ ၃၇၁၊ ၃၇၂ နဲ့ ၄၅၅ တို့ရှိပြီးဖြစ်သလို ကျွန်မတို့ ၂၀၁၆ ခုနှစ်ကပဲ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေအသစ်ကလည်း ပိုမိုကောင်းမွန်တဲ့ပြင်ဆင်ပြဋ္ဌာန်းချက်တွေနဲ့ ပြင်ဆင်ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါတယ်။ ဒါပေမဲ့ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ကို ကျွန်မတို့အနေနဲ့ လမ်းညွှန်မှုလေးအနည်းငယ်ပေးထားပြီးတော့ လုပ်ပိုင်ခွင့်တွေက ကျယ်ကျယ်ပြန့်ပြန့် ပေးထားသလိုဖြစ်နေတဲ့အတွက်ကြောင့်မို့လို့ နည်းဥပဒေအပိုင်းမှာ ပြန်လည်သုံးသပ်ပြင်ဆင်ဖို့နဲ့ လိုအပ်သလိုညွှန်ကြားချက်များထုတ်ပြန်ဖို့ကတော့လိုပါကြောင်း ကျွန်မ ပထမဆုံး အချက်အနေနဲ့ အကြံပြုချင်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေ များပြားဖို့ဆိုရင် ငွေကြေး အထောက်အပံ့အားကောင်းဖို့ကလည်း အင်မတန်မှအရေးကြီးလှပါတယ်။ ကျွန်မတို့နိုင်ငံမှာတော့ စီးပွားရေးလုပ်ငန်းစုစုပေါင်းအားလုံးရဲ့ ၉၀ ရာခိုင်နှုန်းကျော်ဖြစ်တဲ့ အသေးစား၊ အလတ်စားနိုင်ငံများရဲ့ငွေကြေးအထောက်အပံ့ရမှုဟာ အင်မတန်မှ ခက်ခဲနေဆဲဖြစ်သလို ကျွန်မတို့နိုင်ငံမှာ ပြည်ပနိုင်ငံကနေပြီးတော့မှ မဆိုသလောက်အတိုးနှုန်းနဲ့လာရောက်ချေးပေးတဲ့ချေးငွေပင်လျှင် ကျွန်မတို့ ပြည်တွင်းဘဏ်တွေကို ဖြတ်သန်းပြီးလို့ အသင့်ဖြစ်ချေးငွေဖြစ်တဲ့အခါမှာ အတိုးနှုန်းဟာ အင်မတန်မှများပြားသွားတာကို ကျွန်မတို့သိရပါတယ်။ ဒီအတွက်လည်း သက်ဆိုင်ရာဝန်ကြီးဌာနက ပြန်လည်ဖြေကြားတဲ့အခါမှာ ဒီချေးငွေများရဲ့အတိုးနှုန်းကို စုငွေများရဲ့အတိုးနှုန်းအောက် လျှော့ချလို့မရပါကြောင်း ဖြေကြားတာကိုလည်း ကျွန်မတို့က ကြားသိပါတယ်။ ဒါပေမဲ့ ကျွန်မတို့အနေနဲ့က ကိုယ့်နိုင်ငံရဲ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက်ဖြစ်တဲ့အတွက် ဒီထက်ပိုပြီးတော့ ရင်ဆိုင်ဖြေရှင်းရင် ဘယ်လိုရမလဲဆိုတဲ့ အကြောင်းပြချက်ထက်တစ်ဆင့်မြင့်တဲ့ ဖြေရှင်းချက်မျိုးကို ကျွန်မတို့က လိုလားလျက်ရှိပါကြောင်း ဒုတိယအချက်အနေနဲ့ ကျွန်မအကြံပြုပါတယ်။ နောက်ဆက်လက်ပြီး ကျွန်မဆွေးနွေးချင်တာက ကျွန်မတို့က ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေပြုလုပ်ဖို့အတွက် ငွေကြေးအထောက်အပံ့တွေကို ကျွန်မတို့ ပြည်တွင်းမှာမရနိုင်ဘူးဆိုလို့ရှိရင် ကျွန်မတို့အနေနဲ့ လိုအပ်တဲ့ စည်းမျဉ်းနည်းလမ်းတွေကိုသတ်မှတ်ပြီးတော့ နိုင်ငံခြားဘဏ်များဆီက ဝန်ဆောင်မှုရယူဖို့ရော မရသေးဘူးလားဆိုတာကိုလည်း ကျွန်မတို့က သုံးသပ်လာကြပါတယ်။ ဆိုလိုတဲ့အနက်ဥပမာကဘာလဲဆိုတော့ ကျွန်မတို့ဒီနေ့ခေတ်မှာ ပြည်တွင်းကနေ စိုက်ပျိုးထုတ်လုပ်တဲ့ကြက်သွန်နီကအစ၊ ခေါက်ဆွဲခြောက်အလယ်၊ ဘီစကစ်အဆုံးဟာ နိစ္စဓူဝဆိုသလို ဈေးကွက်မှာ ပြည်ပမှတင်သွင်းလာတဲ့သွင်းကုန်တွေနဲ့ ဈေးကွက်လုနေရတဲ့အချိန်မှာ

ပြည်တွင်းဘဏ်များကိုရော၊ ပြည်ပကဘဏ်များနဲ့ ဈေးကွက်မှာယှဉ်ပြိုင်ဖို့ရာ အချိန်မကျရောက်သေးဘူးလားလို့လည်း သုံးသပ်လာကြပါတယ်။ ဒါတွေကိုလည်း ကျွန်မတို့အနေနဲ့ရင်ဆိုင်ဖြေရှင်းပြီးတော့ ဖြေရှင်းချက်ပေးဖို့အချိန်ကျရောက်ပြီဖြစ်ပါကြောင်းလည်း ကျွန်မအကြံပြုချင်ပါတယ်။

လေးစားရတဲ့ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မဆက်လက်ပြီးတော့အကြံပြုချင်တာကတော့ ကျွန်မတို့နိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းတွေကို ဆက်လက်ပြီးအားကောင်းဖို့ဆိုရင် ကျွန်မတို့ထပ်မံအာရုံစူးစိုက်ရမယ့်ကဏ္ဍကတော့ အလုပ်သမားရေးရာကဏ္ဍဖြစ်ပါတယ်။ ၂၀၁၁ ခုနှစ်မှာ အလုပ်သမားအဖွဲ့အစည်းဥပဒေကို ပြဋ္ဌာန်းပြီးဖြစ်ပေမဲ့ ဒီအဖွဲ့အစည်းတွေကို ကောင်းမွန်စွာထိန်းညှိပေါင်းစပ်နိုင်တဲ့ပတ်ဝန်းကျင်မျိုးကိုမဖန်တီးနိုင်တဲ့အခါမှာ အလုပ်ရှင်နဲ့အလုပ်သမားပဋိပက္ခတွေက မကြာခဏဖြစ်ပွားလျက်ရှိပါတယ်။ ဒါတွေဟာ ကျွန်မတို့ရဲ့ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းတွေကို ဟန့်တားရာရောက်တဲ့အတွက် ကျွန်မတို့အနေနဲ့ ၂၀၁၂ ခုနှစ်၊ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေရဲ့လိုအပ်တဲ့အချက်တွေကို ပြန်လည်ပြင်ဆင်ပြဋ္ဌာန်းဖို့လိုပါတယ်။ ပြီးရင် ကျွန်မတို့ ဒီပြဿနာတွေကို ကိုင်တွယ်ဖြေရှင်းတဲ့ပြည်ထောင်စုဝန်ကြီးဌာနနဲ့ တိုင်းဒေသကြီးနဲ့ပြည်နယ်အစိုးရရဲ့ကြားမှာ ရှင်းလင်းပြတ်သားတဲ့ တာဝန်ခွဲဝေမှုမျိုးနဲ့ အပြီးအပြတ်ဖြေရှင်းတဲ့ပုံစံမျိုးတွေကိုလည်း လေ့ကျင့်ထားဖို့လိုပါကြောင်း ကျွန်မက ထပ်မံအကြံပြုချင်ပါတယ်။

လေးစားရပါတဲ့ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေ အင်မတန်များပြားအားကောင်းတဲ့နိုင်ငံတွေမှာ ပွင့်လင်းမြင်သာတဲ့ပြည်သူ့ဘဏ္ဍာငွေစီမံခန့်ခွဲမှုစနစ်တွေဟာလည်းရှိကြပါတယ်။ ဒါဟာ ကျွန်မတို့ရဲ့စီးပွားရေးမူဝါဒရဲ့ပထမဆုံးအချက်ဖြစ်ပြီးတော့ ရင်းနှီးမြှုပ်နှံမှုတွေကို အင်မတန်မှ ဆွဲဆောင်နိုင်တဲ့အချက်ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်မတို့နိုင်ငံမှာ အခုအချိန်မှာ ပွင့်လင်းမြင်သာတဲ့ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှုစနစ်ရှိပြီလားဆိုတော့၊ အရင်ကထက်စာရင်တော့ အစိုးရရဲ့အသုံးစရိတ်တွေကို ဖော်ပြတဲ့အပိုင်းမှာ ပိုမိုပွင့်လင်းမြင်သာမှုအမှန်ရှိလာပါပြီ။ ဒါပေမဲ့ အစိုးရရဲ့ရငွေစာရင်းတွေဖော်ပြတဲ့အပိုင်းမှာတော့ ကျွန်မတို့ ပိုမိုတိုးတက်ဖို့လိုပါသေးတယ်။ ကျွန်မဥပမာအနေနဲ့ပြောရရင် ယနေ့ ပြည်တွင်းအခွန်ဦးစီးဌာနအနေနဲ့ဆိုလို့ရှိရင် မြို့နယ်အဆင့်မှာပဲ ရရှိတဲ့အခွန်အမျိုးအစားနဲ့ ရငွေစာရင်းကို မြို့နယ်အလိုက် အများပြည်သူမြင်သာအောင် ထုတ်ပြန်ကြေညာပေးရင် ပိုကောင်းပါတယ်။ ဒါပေမဲ့ အခုအခါမှာ အများဆုံးအခွန်ထမ်းဆောင်တဲ့ဦးရေတချို့တစ်ဝက်ကိုပဲ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ထုတ်ပြန်ကြေညာပေးခြင်းမျိုးကတော့ ကျွန်မတို့ အခွန်နဲ့အရေအတွက်များပြားဖို့အတွက်လည်း ဆွဲဆောင်နိုင်ခြင်းမရှိသလို ပွင့်လင်းမြင်သာမှုကဏ္ဍကိုလည်း အားလျော့စေလျက်ရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်မတို့အနေနဲ့ အကြံပြုချင်တာက ဘယ်အစိုးရလက်ထက်ကမှ ကျွန်မတို့မလုပ်ခဲ့ဘူးတဲ့ အစိုးရရဲ့ရငွေစာရင်းထုတ်ပြန်ခြင်းမျိုးကို မြို့နယ်အလိုက် အခွန်ကောက်ခံတဲ့ဌာနတိုင်းဟာ ပြောင်းလဲကျင့်သုံးဖို့လိုပါတယ်လို့လည်း ကျွန်မက အကြံပြုချင်ပါတယ်။

လေးစားရတဲ့ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မနောက်ဆုံးအချက်အနေနဲ့အကြံပြုချင်တာကတော့ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေများပြားဖို့အတွက်ဆိုရင် မျှတတဲ့အခွန်စနစ်ရှိဖို့ကလည်း လိုပါတယ်။ မျှတတဲ့အခွန်စနစ်ဆိုတာဘာလဲဆိုတော့ အခွန်ဆောင်သူတွေအတွက် အဲဒီအခွန်ဟာ လေးလံတဲ့ဝန်ထုပ်ဝန်ပိုးမဖြစ်စေရသလို အခွန်ရှောင်သူတွေအတွက်လည်း အဲဒီအခွန်ဟာ သက်ရောက်မှုရှိတဲ့အခွန်စနစ်ကိုခေါ်တာ

ဖြစ်ပါတယ်။ ဘာလို့လည်းဆိုတော့ မျှတတဲ့အခွန်စနစ်ရှိမှသာ ကျွန်မတို့ရဲ့ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေဟာ ရေရှည်ခိုင်မာမှာလည်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်မတို့အနေနဲ့ဒီနေ့မှာ မျှတတဲ့အခွန်စနစ်ဖြစ်ပြီလားဆိုတာကိုလည်း ပြန်လည်သုံးသပ်ဖို့အချိန်ရောက်နေပါတယ်။ နောက်တစ်ခုက ကျွန်မအကြံပြုချင်တာက ကျွန်မတို့ရဲ့ပုဂ္ဂလိကကဏ္ဍတွေကို တိုးတက်အောင်ကူညီထောက်ပံ့မှုဆိုတာက အစိုးရရဲ့စီးပွားရေးမူဝါဒ(၁၂)ချက်ထဲမှာလည်း ပါပြီးဖြစ်ပါတယ်။ ကျွန်မတို့ ဒီနေ့ဒီချိန်ခါမှာချမှတ်တဲ့အခွန်စနစ်နဲ့ ကျွန်မတို့ရဲ့လုပ်ကိုင်ဆောင်ရွက်နေပုံများဟာ ဒါကိုရော ကိုက်ညီနေပြီလားဆိုတာကိုလည်း ပြန်လည်သုံးသပ်ဖို့လိုပါကြောင်းပြောကြားရင်း ဒီအဆိုကို ထောက်ခံလိုက်ရပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။မြင်းမူမဲဆန္ဒနယ်မှ ဦးစိုးစံသက်ထွန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစိုးစံသက်ထွန်း(မြင်းမူမဲဆန္ဒနယ်)**။ ။လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်အားလုံးပဲမင်္ဂလာပါ။ ကျွန်တော်ကတော့ အုတ်တွင်းမဲဆန္ဒနယ်က ဒေါ်ချိုချိုရဲ့အဆိုကို အကြံပြုဆွေးနွေးသွားမယ့် မြင်းမူမဲဆန္ဒနယ်က ဦးစိုးစံသက်ထွန်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်ရဲ့ဆွေးနွေးချက်တွေကို လေ့လာကြည့်တဲ့အခါမှာ မြန်မာနိုင်ငံမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ တိုးမြင့်ဝင်ရောက်လာစေဖို့အတွက် မြန်မာနိုင်ငံရဲ့ရှိနေပြီးသားအခွင့်အလမ်းများ၊ အစိုးရရဲ့လုပ်ဆောင်ထားမှုများနဲ့ အစိုးရလုပ်ဆောင်ဖို့လိုအပ်နေတဲ့အချက်တချို့ကို ဆွေးနွေးသွားတာတွေ့ရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ပထမဦးဆုံးအကြံပြုလိုတာကတော့ နိုင်ငံရဲ့ရှိနေပြီးသားအခွင့်အလမ်းအသေးစိတ်ရယ်၊ ဖြေလျှော့ပြင်ဆင်ထားတဲ့ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း စတာတွေကိုပြည့်ပြည့်စုံစုံနဲ့ တစ်နေရာတည်းကနေ လွယ်လွယ်ကူကူရနိုင်အောင် စီမံထားဖို့ဖြစ်ပါတယ်။ MIC ရဲ့ Website မှာလည်းပဲ တော်တော်များများကိုတော့ ပြည့်စုံအောင် လွှင့်တင်ထားပါတယ်။ Update လည်းဖြစ်ပါတယ်။ ဒါပေမဲ့ ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် ဖော်ပြထားမှုတွေကတော့ အားနည်းနေသေးတာ တွေ့ရပါတယ်။ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်အတွက်တင်ပြထားတဲ့ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းဆိုင်ရာ လေ့လာမှုအစီရင်ခံစာတွေထုတ်ဝေထားတာတော့ရှိပါတယ်။ ဒါမျိုးတွေကို ပြည်နယ်နှင့်တိုင်းဒေသကြီးအားလုံးအတွက် ထုတ်ဝေပေးဖို့ ကျွန်တော့်အနေနဲ့တိုက်တွန်းလိုပါတယ်။ ဒါ့အပြင် ထူးခြားတဲ့မြို့တွေ၊ ဒေသတွေအတွက်လည်း ဒီလိုလေ့လာမှုအစီရင်ခံစာတွေ ထုတ်ဝေပေးနိုင်မယ်ဆိုရင် ရင်းနှီးမြှုပ်နှံလိုသူတွေဟာ သူတို့ရဲ့လုပ်ငန်းနဲ့အံဝင်ဂွင်ကျဖြစ်မယ့်ဒေသကိုတစ်နေရာတည်းကနေ လွယ်လွယ်ကူကူနဲ့လေ့လာနိုင်မှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ အခုဘဏ္ဍာရေးနှစ်မှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဝင်ရောက်တဲ့အခြေအနေတွေကို လေ့လာကြည့်တဲ့အခါမှာ စင်ကာပူ၊ တရုတ်၊ ဟောင်ကောင်တို့ဟာ ထိပ်ဆုံးမှာရှိနေပြီးတော့ ပမာဏအားလုံးရဲ့ ၇၅ ရာခိုင်နှုန်းကျော်ရှိပါတယ်။ ဒါကြောင့်မို့လို့ ရင်းနှီးမြှုပ်နှံမှုတွေပျံ့ပျံ့နှံ့နှံ့ပိုမိုဝင်ရောက်လာဖို့ ကြိုးစားဖို့လိုသလို ကျွန်တော်တို့ရဲ့ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကိုလည်းကောင်းမွန်အောင် ဖန်တီးဖို့လိုအပ်ပါတယ်။ ဒီလိုဖန်တီးရာမှာလည်းပဲ မြေယာမူဝါဒ၊ အခွန်မူဝါဒတွေတည်ငြိမ်ခိုင်မာဖို့လိုသလို မလိုလားအပ်တဲ့ကုန်ကျစရိတ်တွေ၊ ကြံ့ကြာမှုတွေ မဖြစ်ရအောင်လည်းအစိုးရနဲ့ MIC က ဝိုင်းဝန်းကြပ်မတ်ပေးဖို့ရာအတွက် လိုအပ်မှာဖြစ်ပါတယ်။ ဒီလိုမကြပ်မတ်နိုင်ရင်ဥပဒေတွေဘယ်လောက်ကောင်းကောင်း သဲထဲရေသွန်ပဲဖြစ်နေဦးမှာဖြစ်ပါတယ်။

ဒုတိယအကြံပြုလိုတာကတော့ အမိကစိန်ခေါ်မှုဖြစ်တဲ့ အခြေခံအဆောက်အအုံဆိုင်ရာ လိုအပ်ချက်နဲ့ပတ်သက်လို့ဖြစ်ပါတယ်။ ဒီအခြေခံအဆောက်အအုံဆိုင်ရာစီမံကိန်းများဟာလည်း ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ရေးအတွက် ဦးစားပေးကဏ္ဍတစ်ရပ်ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့က ၂၀၁၅ ခုနှစ် အထူးစီးပွားရေးဇုန်ဥပဒေနဲ့ဖော်ဆောင်နေတဲ့ ကျောက်ဖြူ၊ ထားဝယ် SEZ တွေကို သီလဝါ SEZ အမြန်ဆုံးအဆင်သင့်ဖြစ်အောင် ဖော်ဆောင်သင့်ပါတယ်။ ဒေသအလိုက် အခြေခံအဆောက်အအုံဆိုင်ရာဖြည့်တင်းနိုင်ရေးတွေအတွက် ဒေသနှင့်ကိုက်ညီတဲ့စက်မှုဇုန်များ ပေါ်ထွက်လာဖို့ရာ စက်မှုဇုန်ဥပဒေတစ်ရပ် ပြဋ္ဌာန်းပေးဖို့လည်း လိုပါတယ်။ ဒီဇုန်တွေကနေ ဒေသထွက်ကုန်တွေကို တန်ဖိုးမြှင့်ထုတ်လုပ်တင်ပို့နိုင်တဲ့ စက်မှုလုပ်ငန်းတွေ၊ ပို့ကုန်အသားပေးစက်မှုလုပ်ငန်းတွေ ပေါ်ပေါက်လာအောင် ကြိုးစားပြီးတော့ ကုန်သွယ်မှုဝင်ငွေကို လျှော့ချဖို့ ကြိုးစားရမှာဖြစ်ပါတယ်။ ဒါ့အပြင် ဒီလုပ်ငန်းတွေအောင်မြင်နိုင်ဖို့အတွက် Logistics လုပ်ငန်းတွေကိုလည်း တိုးမြှင့်ရင်းနှီးမြှုပ်နှံဖို့ ကျွန်တော့်အနေနဲ့လည်း အကြံပြုလိုပါတယ်။

တတိယအနေနဲ့ အဆိုရဲ့အမိကအပိုင်းဖြစ်တဲ့ လုပ်သားအင်အားအခြေပြုရင်းနှီးမြှုပ်နှံမှုများနဲ့ပတ်သက်ပြီးတော့ ဆွေးနွေးလိုပါတယ်။ ဒီနေ့ခေတ်ကာလမှာ Investor တွေဟာ Labour Intensive Industry များကို Capital Intensive Industry များအဖြစ် ပြောင်းလဲဖို့ဦးတည်လာခဲ့တာ ကြောင့် ကျွမ်းကျင်မှုဟာ အရေးပါတဲ့ကဏ္ဍတစ်ခုဖြစ်လာပါတယ်။ ဒါကြောင့် ဒီဘက်ခေတ်ကာလမှာ လုပ်သားတွေဘယ်လောက်ပဲ ပေါများနေပါစေ ကျွမ်းကျင်မှုမရှိဘူးဆိုလို့ရှိရင် အလုပ်အကိုင်အခွင့်အလမ်းဟာ ရှားပါးနေဦးမှာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ဒီအလုပ်အကိုင်အခွင့်အလမ်းအတွက် လိုအပ်နေတဲ့၊ ကျွမ်းကျင်မှုကိုပေးနိုင်တဲ့၊ ပံ့ပိုးပျိုးထောင်ပေးမယ့် TVET သင်တန်းကျောင်းတွေဟာ အင်မတန်ရှားပါးနေပါတယ်။ ဒါကြောင့် ကျွမ်းကျင်မှုကိုအကြောင်းပြုပြီးတော့ ပြည်ပကအလုပ်သမားတွေဟာ ပြည်တွင်းအလုပ်သမားဈေးကွက်ကို ခြိမ်းခြောက်နေတာမျိုးတွေလည်း တွေ့နေရပါတယ်။ ဥပမာအားဖြင့်ပြောရရင် အိမ်နီးချင်းနိုင်ငံတွေ၊ ဒေသတွင်းနိုင်ငံတွေမှာ အဝတ်အထည်ဆိုင်ရာပညာရပ်တစ်ခုဖြစ်တဲ့ Textile အင်ဂျင်နီယာပညာရပ်တွေကို အခြေခံအဆင့်ကနေ ဘွဲ့လွန်အဆင့်ထိသင်ကြားနိုင်တာကို တွေ့ရပါတယ်။ ဒေသတွင်းနိုင်ငံတွေမှာသင်ကြားနိုင်သလို ကျွန်တော်တို့နိုင်ငံမှာလည်းပဲ တက္ကသိုလ်အဆင့်မှာ ပြဋ္ဌာန်းပေးတာတွေ၊ Public Private Partnership နဲ့ ဒီလိုပညာရပ်တွေကို သင်ကြားနိုင်တဲ့သင်တန်းကျောင်းတွေ ဖွင့်လှစ်ပေးတာတွေကို ပြုလုပ်ပြီးတော့ ကျွမ်းကျင်လုပ်သားတွေ၊ ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်တွေကို အခုထက်ပိုမိုထွက်ပေါ်လာအောင် စီစဉ်သင့်ကြောင်း အကြံပြုလိုပါတယ်။ အထည်ချုပ်လုပ်ငန်းများနဲ့ပတ်သက်လို့ရှိရင်လည်း CMB အဆင့်ကနေ FOB အဆင့်ကို တက်လှမ်းဖို့လိုသလို အဝတ်အထည်ထုတ်လုပ်မှုဆိုင်ရာ သီးသန့်ဇုန်တစ်ခု ဖန်တီးဖို့လည်းလိုအပ်မှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လုပ်သားအခြေပြုရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား ဒီလိုကြိုတင်ပြင်ဆင်မှုတွေရှိမှသာ အဆင်ပြေအောင်မြင်နိုင်မှာဖြစ်ပါတယ်။ ဒီလိုလုပ်ဆောင်ရာမှာလည်း အစိုးရအပါအဝင် အစိုးရမဟုတ်တဲ့အဖွဲ့အစည်းတွေက အားလုံးဝိုင်းဝန်းဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ အချုပ်အားဖြင့်ပြောရရင် အဆင်သင့်မဖြစ်မီကာလမှာ Sector တစ်ခုကို ဖောင်းပေးလိုက်ခြင်းဟာ မြေငှားပြီး

ပြဿနာရှာ၊ ပြဿနာကိုထိုင်ရှင်းရတဲ့ဘဝကို ရောက်သွားနိုင်ပါတယ်။ လုပ်သားဦးစားပေးစက်မှု လုပ်ငန်းများနည်းတူ အခြားအရေးပါတဲ့အခြေခံအဆောက်အအုံဆိုင်ရာစီမံကိန်းများ၊ စိုက်ပျိုးရေးကို အခြေခံတဲ့ စက်မှုလုပ်ငန်းများနဲ့ဆိုင်တဲ့ Investment များကိုလည်း မျှတစွာတိုးမြှင့်ဖို့ သတိပြုရမှာ ဖြစ်ပါတယ်။ ဒါကြောင့် တည်ငြိမ်ခိုင်မာတဲ့စီးပွားရေးမူဝါဒများဖော်ဆောင်ကာ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်ရရှိရေး ရင်းနှီးမြှုပ်နှံသူများအတွက် ရိုးရှင်းလွယ်ကူတဲ့လုပ်ထုံးလုပ်နည်းများ ချမှတ်နိုင်ရေး၊ ရင်းနှီးမြှုပ်နှံသူများကို ဥပဒေနဲ့အညီ အကာအကွယ်ပေးရေး ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကောင်းများ ဖော်ဆောင်ရေးတို့ကို အလေးထား၍ ဆောင်ရွက်သင့်ပါကြောင်း အကြံပြုရင်းနိဂုံးချုပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစိန်ဝင်း(မအူပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲ မင်္ဂလာပါ။ မအူပင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ဝင်းဖြစ်ပါတယ်။ အုတ်တွင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ချိုချိုရဲ့ ရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်သောအဆိုကို ထောက်ခံ အကြံပြုဖြည့်စွက်ဆွေးနွေးသွားမှာဖြစ်ပါတယ်။ အဆိုရှင် ဒေါ်ချိုချိုဟာ ရည်ရွယ်ချက်ကောင်းဖြစ်တဲ့ (၁) စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်၊ (၂) လုပ်သားအင်အားအခြေခံသည့် စက်ရုံ၊ အလုပ်ရုံများ ပေါ်ပေါက်လာစေရန်၊ (၃) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်စေရန်အတွက် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများပေါ်ပေါက်လာအောင် ကူညီဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရကို စိတ်အား ထက်သန်စွာဖြင့် တိုက်တွန်းသွားတဲ့အတွက် အဆိုအားထောက်ခံပါကြောင်းနှင့် အဆိုရှင်ရဲ့စိတ်အား ထက်သန်မှုကိုလည်း လေးစားမိပါကြောင်း ပဏာမပြောကြားလိုပါတယ်။ အဆိုရှင်မှ ပြောကြားရာတွင် နိုင်ငံရဲ့အဓိကစီးပွားရေးလုပ်ငန်းဖြစ်တဲ့ စိုက်ပျိုးရေးတွင် ရင်းနှီးမြှုပ်နှံမှုအနည်းဆုံးဖြစ်နေကြောင်း ပြောသွားတာကို ကြားသိရပါတယ်။ ကျွန်တော့်အနေဖြင့် စိုက်ပျိုးရေးရင်းနှီးမြှုပ်နှံမှုနှင့် အလုပ်သမား အခွင့်အလမ်းကြီးမားမှုကို အနည်းငယ်ထပ်မံဖြည့်စွက် အကြံပြုလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံရဲ့ စီးပွားရေးသမိုင်းကြောင်းကို လေ့လာတဲ့အခါ လွတ်လပ်ရေးရပြီး ၁၉၄၇ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ ၁၇ နှစ်အတွင်းမှာ အရှေ့တောင်အာရှမှာ မြန်မာနိုင်ငံဟာ အတိုးတက်ဆုံးနိုင်ငံဖြစ်လာ ကြောင်း၊ အဲဒီတုန်းက ရန်ကုန်တက္ကသိုလ်၊ ရန်ကုန်ဆေးရုံကြီး၊ ရန်ကုန်မင်္ဂလာဒုံလေဆိပ်တွေဟာ နိုင်ငံ့ရဲ့နာမည်ဂုဏ်သတင်းကြီးမားပြီးတော့ နိုင်ငံတော်ရဲ့ကိုယ်အင်္ဂါ မြင့်မားလျက်ရှိပါတယ်။ အဲဒီတုန်းက ဘာလို့ဖွံ့ဖြိုးတိုးတက်တာလဲလို့ လေ့လာသုံးသပ်ကြည့်တဲ့အခါ စက်မှုကဏ္ဍထွန်းကားလို့ မဟုတ်ဘဲ စိုက်ပျိုးရေးကဏ္ဍထွန်းကားနေကြောင်း လေ့လာတွေ့ရှိရပါတယ်။ အထူးသဖြင့် လယ်ယာမြေအသုံးချမှုအကောင်းဆုံး၊ စိုက်ဧကအများဆုံးစိုက်ပျိုးကြောင်း၊ လယ်ယာကဏ္ဍထုတ်ကုန် များ နိုင်ငံခြားကိုတင်ပို့နိုင်ကြောင်း လေ့လာတွေ့ရှိရပါတယ်။ ယနေ့အချိန်အခါမှာ လယ်ယာကဏ္ဍ ထုတ်ကုန်ဟာ နည်းပါးကြောင်း အရည်အသွေးမြင့်ထုတ်ကုန်များ မထုတ်လုပ်နိုင်သေးကြောင်း၊ အားနည်းကြောင်း တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စိုက်ပျိုးရေးမှာ အလုပ်သမားလိုအပ်ချက်ကို အကြမ်းအားဖြင့် လေ့လာ တင်ပြရရင် ဥပမာ- စပါးသီးနှံနှစ်ဧကစိုက်ပျိုးလျှင် လေးလအတွင်းမှာ အလုပ်သမား ၁၂၀ ဦးလိုအပ်ပါ

တယ်။ သို့အတွက် စပါးနှစ်ဧကစိုက်ရင် တစ်လအတွင်းမှာ အလုပ်သမား ၃၀ ဦးလိုအပ်ပါတယ်။ သို့အတွက် စပါးနှစ်ဧကစိုက်လျှင် တစ်ရက်မှာ အလုပ်သမားတစ်ဦးနှုန်း လေးလဆက်တိုက်လိုအပ်ပြီး နေ့စဉ်အလုပ်ပေးနိုင်ပါတယ်။ မြန်မာနိုင်ငံဟာ စပါးစိုက်ဧက ၁၈ သန်းနှင့် အခြားသီးနှံစိုက်ဧက၊ သီးထပ်သီးနှံစိုက်ဧကစုစုပေါင်းမိုး/ဆောင်းဧက သန်း ၆၀ ခန့် တစ်နှစ်ကာလအတွင်းမှာ စိုက်ပျိုးနိုင်ပါ တယ်။ ဒါဆိုရင် စပါးနှစ်ဧကစိုက်လျှင် တစ်ရက်မှာအလုပ်သမားတစ်ဦးနှုန်း လိုအပ်သဖြင့် လေးလတိတိ နေ့စဉ်အလုပ်ပေးနိုင်လျှင် မိုးတွင်းစိုက်ဧက သန်း ၃၀ မှာ လေးလအတွင်း တစ်ရက်လျှင် အလုပ်သမား ၁၅ သန်းနှုန်း လေးလတိတိ အလုပ်ပေးနိုင်ပါတယ်။ ဒါကြောင့် လယ်ယာကဏ္ဍကြီးကို သာ စနစ်တကျဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်မယ်ဆိုရင် တစ်ရက်လျှင် အလုပ်သမား ၁၅ သန်း အလုပ်လုပ်နိုင်ပြီး မိုး/ဆောင်းနှစ်ရာသီအတွက် စုစုပေါင်းအလုပ်သမား သန်း ၃၀ နေ့စဉ် အလုပ်ပေးနိုင်ပြီး ၎င်းတို့ရဲ့အလုပ်စွမ်းအားကြောင့် ကိုယ့်ဒေသအတွင်း ကိုယ်လုပ်ရတဲ့အတွက် လူသန်း ၉၀ ရဲ့ အခြေခံ စားဝတ်နေရေးကိုပါ ထောက်ပံ့ပေးနိုင်ကြောင်း လေ့လာတွေ့ရှိရပါတယ်။ ဒါကြောင့် မြေယာသုံးစွဲမှု မရှိ၍ နည်းပါး၍ ယနေ့အချိန်ကာလမှာ နိုင်ငံခြားကို သွားရောက်အလုပ်လုပ်နေရကြောင်း လေ့လာ တွေ့ရှိတင်ပြအပ်ပါတယ်။ သို့ဖြစ်၍ လယ်ယာကဏ္ဍနှင့်အလုပ်သမား စနစ်တကျအသုံးချနိုင်ရင် နိုင်ငံခြားသွားရောက်အလုပ်လုပ်စရာ မလိုသလို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကိုလည်း မျှော်တလင့်လင့် စောင့်စားအားကိုးစရာမလိုသည့်အပြင် နိုင်ငံခြားကသာ မိမိတို့ကို အားကိုးလာပြီး ရင်းနှီးမြှုပ်နှံမှုများ စွာ ဝင်လာမည်ဖြစ်ပါကြောင်း တင်ပြဆွေးနွေးလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံရဲ့ပေးထားချက်က စိုက်ပျိုးရေးဖြစ်သည့်အတွက် ပေးထားချက် စိုက်ပျိုးရေးကို စနစ်တကျ အခြေခိုင်ခိုင်မာမာ အခြေမပြုပါက အခြေမပြုသောမြန်မာနိုင်ငံရဲ့ စီးပွားရေးသည် အခြေမခိုင်သော စီးပွားရေးဖြစ်သဖြင့် အချိန်မရွေး ပြိုလဲသွားနိုင်ပါတယ်။ ယနေ့ ကမ္ဘာကြီးသည် လူဦးရေတိုးတက်လာသည်နှင့်အမျှ စားနပ်ရိက္ခာလိုအပ်ချက် တစ်နှစ်ထက်တစ်နှစ် များပြားလာနေပါကြောင်း၊ အချို့နိုင်ငံများတွင် ရာသီဥတုဖောက်ပြန်မှုဒဏ်နှင့် စားနပ်ရိက္ခာပြတ်လပ်မှု ဒဏ်များ နှစ်ခုစလုံးခံစားနေရကြောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို လယ်ယာ၊ သားငါးကဏ္ဍတွင် ပိုမို တွဲဖက်ဆောင်ရွက်ဖို့လိုအပ်ပါကြောင်း၊ လယ်ယာမြေများကို အကျိုးရှိရှိ အသုံးချဆောင်ရွက်ပါက အလုပ်သမားအခွင့်အလမ်းများ ပိုမိုများပြားလာမည်ဖြစ်ကြောင်း၊ နိုင်ငံခြားသွားရောက်မယ့် အလုပ်သမားများလည်း လျော့နည်းသွားနိုင်ပါသဖြင့် စိုက်ပျိုးရေးကိုအခြေခံတဲ့ စက်မှုကုန်ထုတ် လုပ်ငန်းများကို တွင်ကျယ်စွာဆောင်ရွက်နိုင်မှသာ အဆိုရှင်ရဲ့ဆန္ဒဖြစ်သော အလုပ်သမား အခွင့်အလမ်းများရရှိစေပြီး နိုင်ငံခြားပို့ကုန်တင်ပို့၍ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာ စေပြီး နိုင်ငံခြားဝင်ငွေ အကျိုးအမြတ်ရရှိစေမှာဖြစ်ပါတယ်။ စိုက်ပျိုးရေးကို အခြေခံပေးထားသော မြန်မာနိုင်ငံအတွက် အခွင့်အရေးလမ်း ကောင်းများသည် စားနပ်ရိက္ခာထုတ်လုပ်မှု၊ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းရေးနှင့် အရည်အသွေးမြင့် စိုက်ပျိုးထွက်ကုန်ထုတ်လုပ်မှု ရည်ရွယ်ချက် အပေါ် မူတည်နေသည့်အတွက် အခြေအနေအချိန်အခါကျရောက်နေသဖြင့် လယ်ယာကဏ္ဍကြီးဟာ မဖြစ်မနေပြောင်းလဲ အထူးအားပေးဆောင်ရွက်ဖို့လိုအပ်ပါကြောင်း လယ်ယာကဏ္ဍကြီးအောင်မြင် လာပါက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ၊ စက်ရုံများ ဝင်ရောက်လာမည်ဖြစ်ကြောင်း အသိပေးရင်း

ဒေါ်ချိုချိုရဲ့အဆိုကို ဖြည့်စွက်အကြံပြုထောက်ခံပါကြောင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို လေးစားတန်ဖိုးထားပါတယ်။

**ဥက္ကဋ္ဌ**။ ။ စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးကျော်အောင်လွင်(စေတုတ္တရာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါ။ ကျွန်တော်ကတော့ စေတုတ္တရာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကျော်အောင်လွင်ပါ။ ဒေါ်ချိုချိုရဲ့အဆိုနဲ့ပတ်သက်ပြီးတော့ ထောက်ခံဆွေးနွေး သွားမှာပါ။ ကျွန်တော်တို့နိုင်ငံဟာ ငွေကြေးအရင်းအနှီး၊ နည်းပညာ၊ နိုင်ငံတကာ ဈေးကွက်အတွေ့အကြုံ အဖက်ဖက်က အားနည်းချို့တဲ့ပါတယ်။ ဒါကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ အလုပ်အကိုင် အခွင့်အလမ်း တွေ ပေါ်များဖို့၊ ဆင်းရဲမှုလျှော့ချဖို့၊ နိုင်ငံ့ GDP မြင့်မားလာဖို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဟာ အရေးပါလှ ပါတယ်။ တကယ်တော့ ကျွန်တော်တို့နိုင်ငံဟာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ ဝင်လာဖို့ ရေခံမြေခံကောင်းနဲ့ ဆွဲဆောင်မှုရှိတဲ့ အခွင့်အလမ်းများစွာရှိတဲ့နိုင်ငံပါ။ ကမ္ဘာ့အကြီးမားဆုံးဈေးကွက်တွေဖြစ်တဲ့ အိန္ဒိယ၊ တရုတ်၊ အာဆီယံနိုင်ငံများကြား အချက်အချာနေရာမှာတည်ရှိတာ၊ လုပ်အားခချိုသာလှတဲ့ လုပ်သားထု ကြီးရှိနေတာ၊ ရင်းနှီးမြှုပ်နှံမှုအခြေအနေကောင်းတွေရှိတဲ့ ရင်းနှီးမြှုပ်နှံမှုကောင်းတဲ့ လုပ်ငန်းနယ်ပယ် အခြေခံကောင်းတွေရှိတာ၊ ဥပမာ- စိုက်ပျိုးရေးထွက်ကုန်တွေ၊ ရေထွက် ငါး၊ ပုစွန်လုပ်ငန်းတွေ၊ သစ်၊ ဝါးအချောထည်လုပ်ငန်းတွေ ပေါကြွယ်ဝလှတဲ့ သတ္တု၊ ကျောက်မျက်၊ တွင်းထွက်သယံဇာတကုန်ချောတွေ၊ ခရီးသွားဝန်ဆောင်မှု၊ အိမ်ခြံမြေလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းစသဖြင့် များစွာပါ။ ဒါပေမဲ့ ဘာကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ မျှော်မှန်းသလောက်ဝင်မလာသလဲဆိုတာ ဆန်းစစ်ဖို့လိုပါမယ်။ ၂၀၁၆ ခုနှစ် World Bank Group ရဲ့ Doing Business အစီရင်ခံစာမှာ နိုင်ငံ ၁၈၉ နိုင်ငံအနက် မြန်မာနိုင်ငံဟာ အဆင့်(၁၆၇) ပါ။ အဲဒီလိုဖြစ်ရတာဟာ ဘဏ္ဍာရေးဝန်ဆောင်မှုများမရှိခြင်း၊ မြေအသုံးချမှုနှင့်စပ်လျဉ်း၍ လုပ်ငန်းစဉ်များ ရှင်းလင်းပီပြင်မှုမရှိခြင်း၊ ဈေးကွက်အတွင်း စတင်ဝင်ရောက်သူများအတွက် ရှုပ်ထွေး များပြားတဲ့ လုပ်ထုံးလုပ်နည်းများခြင်း၊ ရင်းနှီးမြှုပ်နှံသူများအား ကာကွယ်ပေးမှုနှင့် စာချုပ်စာတမ်းများ အသက်ဝင်မှု အားနည်းခြင်းတွေကြောင့်လို့ ဆိုပါတယ်။ ဒ့ါအပြင် မြန်မာနိုင်ငံဟာ အိမ်နီးချင်း နိုင်ငံများထက် ကုန်သွယ်ရေးကုန်ကျစရိတ်မြင့်မားပြီးတော့ World Bank ရဲ့ထောက်ပံ့ပို့ဆောင်ရေး လုပ်ဆောင်မှုအညွှန်းကိန်းအရ နိုင်ငံ ၁၆၀ မှာ(၁၄၅)ဆင့်ပါ။ ကုန်စည်များအချိန်မီရောက်ရှိပြီးတော့ ထိခိုက်မှုမရှိသော အရည်အသွေး စံသတ်မှတ်ချက်ပြည့်မီမှုမှာ မြန်မာနိုင်ငံက ၄၀ ရာခိုင်နှုန်း၊ အင်ဒိုနီးရှား နိုင်ငံက ၇၀ ရာခိုင်နှုန်း၊ ထိုင်းနိုင်ငံက ၈၃ ရာခိုင်နှုန်းရှိတဲ့အတွက် နိုင်ငံတကာမှာ ယှဉ်ပြိုင်နိုင်စွမ်း အားနည်းလှပါတယ်။ ကမ္ဘာလုံးဆိုင်ရာ အတိုင်ပင်ခံကုမ္ပဏီ Rolling Baca ရဲ့ စစ်တမ်းမှာ ရှင်းလင်းတဲ့ စီးပွားရေးမူဝါဒအားနည်းတာ၊ ဥပဒေပြုကိစ္စရပ်တွေ မှန်းဆရခက်တာ၊ မူပိုင်ခွင့်ကာကွယ်ပေးမှုမရှိတာ၊ ကျွမ်းကျင်လုပ်သားရှားပါးတာတွေဟာ စီးပွားရေးတိုးတက်ဖို့ အတားအဆီးတွေလို့ဆိုပါတယ်။ ဒီအချက်အလက်တွေဟာ ကျွန်တော်တို့တိုင်းပြည် ပြုပြင်ရမယ့်အချက်တွေပါ။ ဒီနေရာမှာ ကြားနာခဲ့ဖူးတဲ့ အရာလေးတင်ပြပါရစေ။ ပြီးခဲ့တဲ့လက်ထက်ကပါ။ ကမ္ဘာကျော် Samsung Electronic ကုမ္ပဏီကြီးက စက်ရုံတည်ဖို့ မင်္ဂလာဒုံမှာ မြေဧက ၆၀၀ နဲ့ လျှပ်စစ်မီးရဖို့တောင်းခံတာ မြန်မာကလက်မခံလို့ ဗီယက်နမ် ကိုရောက်သွားခဲ့ပါတယ်။ နိုင်ငံ့အတွက် နစ်နာမှုတစ်ခုပါ။ အဲဒီလိုပဲ ဧရာဝတီတိုင်းမှာ နိုင်ငံခြားကုမ္ပဏီ

တစ်ခုက အထည်ချုပ်စက်ရုံနှစ်ရုံတည်ဆောက်ဖို့ လုပ်သားတွေကို အလုပ်သင် သင်တန်းပေးဆဲမှာ အချိန်ပြည့်လုပ်ခတောင်းဆိုလို့ စက်ရုံပိတ်သိမ်းပြီး ပြန်သွားခဲ့ပါတယ်။ ပြီးခဲ့တဲ့ကာလကပဲ နိုင်ငံခြား ရှူးဖိနပ်ကုမ္ပဏီကြီးတစ်ခု စက်ရုံတည်ဆောက်ဖို့ ကြိုးစားကြန့်ကြာနေစဉ်မှာ လိုက်လံဆောင်ရွက်ပေးသူက တာဝန်ရှိသူထံကို တန်ဖိုးကြီးလက်ဆောင်နဲ့ဝင်ရမယ်ဆိုလို့ ရင်းနှီးမြှုပ်နှံမှုရုပ်သိမ်းပြီးတော့ ပြန်သွားခဲ့ပါတယ်။ မကြာသေးခင်ကပဲ တိုင်းဒေသကြီးတစ်ခုမှာလည်း အလုပ်သမား ၆၀၀၀ ဦးခန့်လုပ်ရမယ့် စက်ရုံတစ်ရုံတည်ဆောက်ဖို့အတွက် ကန့်ကွက်လို့ မအောင်မြင်ခဲ့ဘူး။ ဆုတ်ခွာသွားခဲ့တယ်လို့သိရတာဟာ နစ်နာလှပါတယ်။ ဒီနေရာမှာ နိုင်ငံဖွံ့ဖြိုးရေးနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေအတွက် အဓိကကျတဲ့ လျှပ်စစ်ဓာတ်အားနဲ့ပတ်သက်ပြီးတော့ ဒေသတချို့က ရေအားလျှပ်စစ်စီမံကိန်းတွေ၊ ကျောက်မီးသွေးဓာတ်အားပေးစက်ရုံစီမံကိန်းတွေ ကန့်ကွက်ခံနေရတာဟာ စဉ်းစားစရာပါ။ တိန့်ရှောင်ဖိန်ရဲ့ အလင်းရောင်နဲ့ လေကောင်းလေသန့်ရဖို့ တခါးဖွင့်ရင် ယင်ကောင်တွေတော့ ဝင်လာမှာပဲဆိုတဲ့ စကားလိုပါ။ ဒ့ါအပြင် မြေလက်ဝါးကြီးအုပ်ကစားမှုတွေကြောင့် မြန်မာ့မြေဈေးဟာ နယူးယောက်မန်ဟတ်တန်မြေဈေးထက် မြင့်နေလို့ လှည့်ပြန်သွားရတာတွေဟာ နိုင်ငံ့အတွက် အလွန်နစ်နာလှပါတယ်။ တစ်ချိန်က ဆင်းရဲတွင်းထဲက တရုတ်ကွန်မြူနစ်နိုင်ငံကြီး ဒီနေ့ ကမ္ဘာ့အချမ်းသာဆုံး နံပါတ်(၂)ဖြစ်စေတာဟာ ခေါင်းဆောင်ကောင်းတွေရဲ့ ထိရောက်ကောင်းမွန်တဲ့မူဝါဒများနှင့် မူဝါဒဖော်ဆောင်သူများကလည်း စိတ်စေတနာမှန်ကန်စွာနှင့် အောင်မြင်အောင် ဖော်ဆောင်ခဲ့လို့ပါ။ အဂတိလိုက်စားမှုတွေကို ထိရောက်စွာအရေးယူခဲ့ပါတယ်။ ပြည်သူများကလည်း အမျိုးသားရေးစိတ်ဓာတ်မြင့်မားစွာ၊ စည်းလုံးညီညွတ်စွာ ကြိုးစားခဲ့လို့ပါ။ Oversea Chinese များရဲ့ ရင်းနှီးမြှုပ်နှံမှုတွေဟာလည်း အောင်မြင်ခြင်းရဲ့အဓိကအကြောင်းတစ်ခု ဖြစ်ခဲ့ပါတယ်။ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတို့ကို လွတ်လပ်စွာလုပ်ကိုင်ခွင့်ပေးခြင်းဟာ မလေးရှား၊ ထိုင်းနှင့် ဗီယက်နမ်တို့မှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမြင့်မားစွာရရှိပြီး အလုံးစုံတိုးတက်မှုရဲ့ အဓိကအချက်လို့ဆိုပါတယ်။ စင်ကာပူနိုင်ငံထူထောင်စဉ်က အကောက်အခွန်မဲ့ဆိပ်ကမ်းအဖြစ် ၁၀ နှစ်သတ်မှတ်ပြီးတော့ ဆွဲဆောင်ခဲ့တာ၊ အင်ဒိုနီးရှားနိုင်ငံ ဘင်တန်ကျွန်းတွေကို စက်မှုဖွံ့ဖြိုးဇုန်သတ်မှတ်ပြီးတော့ အနှစ် ၂၀ အကောက်အခွန်မဲ့အဖြစ် ဆွဲဆောင်နိုင်ခဲ့တာ စတာတွေဟာ ရင်းနှီးမြှုပ်နှံသူတွေအတွက် မက်လုံးတွေပါ။ ရင်းနှီးမြှုပ်နှံမှုရဲ့အကြောင်းအရင်းတွေဟာ အကျိုးအမြတ်ဖြစ်တဲ့အတွက် ဒီနိုင်ငံမှာ ရင်းနှီးမြှုပ်နှံရင် သေချာပေါက်အကျိုးအမြတ်ရမှာပဲဆိုတဲ့ စီးပွားရေးမက်လုံးဟာ အလွန်အရေးကြီးလှပါတယ်။ ကျွန်တော်တို့နိုင်ငံမှာလည်း ရင်းနှီးမြှုပ်နှံမှုဥပဒေ၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေတို့ ပြဋ္ဌာန်းပြီးတော့ ဥပဒေပိုင်းဆိုင်ရာဖြေလျှော့ပေးတာတွေ၊ လုပ်ငန်းစဉ်ပိုင်း ရှင်းလင်းလွယ်ကူအောင် ဆောင်ရွက်ပေးတာ၊ အခွန်သက်သာခွင့်၊ ကင်းလွတ်ခွင့်ပြုတာ၊ လုပ်ငန်းအာမခံချက်ပေးတာ၊ အကျိုးအမြတ်တွေ လွတ်လပ်စွာလွှဲပြောင်းခွင့်ပြုတာ၊ သီလဝါ၊ ကျောက်ဖြူ ထားဝယ်စတဲ့ အထူးစီးပွားရေးဇုန်တွေဖော်ဆောင်နေတာ စတဲ့ဆောင်ရွက်ချက်တွေဟာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေကို ဆွဲဆောင်နိုင်မှာပါ။ ဒါကြောင့် အဆိုရှင် ဒေါ်ချိုချိုရဲ့အဆိုကို လေးလေးနက်နက်ထောက်ခံရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်။ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။

**ဥက္ကဋ္ဌ**။ ။ ပင်းတယမဲဆန္ဒနယ်မှ ဦးစိုးမြင့် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစိုးမြင့်(ပင်းတယမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သလိုက်ပါတယ်။ ကျွန်တော်ကတော့ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ပင်းတယမြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးမြင့်ဖြစ်ပါတယ်။ ဒေါ်ချိုချို၏ အဆိုအား ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ မြန်မာနိုင်ငံ၏စီးပွားဖွံ့ဖြိုးတိုးတက်စေရန်အတွက် နိုင်ငံခြားမှစက်ရုံ၊ အလုပ်ရုံများ၊ ဝန်ဆောင်မှု လုပ်ငန်းများ၊ နိုင်ငံခြားမှရင်းနှီးမြှုပ်နှံမှုများစွာ ဝင်ရောက်လာနိုင်ရေးနှင့် အလုပ်လက်မဲ့ပြဿနာကို ဖြေရှင်းနိုင်မည့်အပြင် ပြည်ပမှ လူ့အခွင့်အရေးဆုံးရှုံးကာ တန်းတူအခွင့်အရေးမရရှိသည့် မြန်မာ ပြည်သူပြည်သား ရွှေ့ပြောင်းအလုပ်သမားများကို ပြန်လည်ခေါ်ယူပြီး ပြည်တွင်း၌အလုပ်များ ပေးနိုင် စွမ်းရှိစေရန်အတွက် ဒေါ်ချိုချို၏အဆိုပြုချက်နှစ်ချက်ဟာ ရည်ရွယ်ချက်ကောင်းဖြစ်ပါတယ်။ မြန်မာ နိုင်ငံသည် ဖွံ့ဖြိုးဆဲအာဆီယံနိုင်ငံများနှင့် ကမ္ဘာ့စီးပွားရေးကောင်းတဲ့နိုင်ငံများမျက်စိကျပြီး ကုန်စည် စီးဆင်းမှုအတွက် အဓိကကျသည့်အနေအထားနေရာတစ်ခု ဖြစ်ပါတယ်။ အာရှတိုက်၏ကြားခံ ကုန်ပစ္စည်းသယ်ယူထုတ်လုပ်ရာတွင် အချက်အချာကျသည့်အပြင် စီးပွားတိုးတက်ဖို့အတွက် တိုင်းပြည် ၏ကျန်ရှိသည့် သယံဇာတကိုလည်းကောင်း လူသားအရင်းအနှီးများစွာရှိနေခြင်းက ရင်းနှီးမြှုပ်နှံလို သည့် နိုင်ငံများအတွက် အဓိကအားထားရာဖြစ်ပါတယ်။ နိုင်ငံခြားတိုင်းပြည်များ ရင်းနှီးမြှုပ်နှံဖို့ အတွက် အဓိကလိုအပ်ချက်မှာ လျှပ်စစ်မီးအပြည့်အဝကျယ်ကျယ်ပြန့်ပြန့်ရရှိရေးနှင့် ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ရေးကောင်းမွန်ဖို့အတွက် လမ်းပန်းဆက်သွယ်ရေးပဲ ဖြစ်ပါတယ်။ နိုင်ငံတော်မှာ လည်း နယ်စပ်ကုန်းတွင်းပိုင်း တစ်နိုင်ငံနှင့်တစ်နိုင်ငံ ကုန်ပစ္စည်းများ လွယ်ကူစွာ ဆက်သွယ်သွားလာ နိုင်ရန်အတွက် မဟာလမ်းမကြီးများ ဖောက်လုပ်နေပါတယ်။ မြန်မာနိုင်ငံ၏ ကုမ္ပဏီများဥပဒေကို လည်း အဆင်ပြေစေရန် ပြင်ဆင်ရေးဆွဲထားပြီးဖြစ်ပါတယ်။ အထူးသဖြင့် ဖွံ့ဖြိုးမှုနိမ့်ကျတဲ့ ပြည်နယ် နှင့်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုဝင်ရောက်မှသာ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာနိုင် ရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ လူနေမှုအဆင့်အတန်းမြင့်မားရေး၊ လူမှုစီးပွားကွာဟချက်များ လျှော့ချနိုင်ရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန် ရည်မှန်းချက်များကို အကောင်အထည်ဖော်နိုင်မှာ ဖြစ်ပါတယ်။ ပြည်နယ်ဒေသ စီးပွားဖွံ့ဖြိုးတိုးတက်စေရန် ရင်းနှီးမြှုပ်နှံမှုဖန်တီးဖို့လိုအပ်သလို ဒေသနှင့် ကိုက်ညီတဲ့ ကုန်သွယ်မှုနှင့် ရင်းနှီးမှုများကို ထိရောက်စွာဖြည့်ဆည်း ကူညီဖို့လိုအပ်မှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပင်းတယမြို့မှာ ဖွံ့ဖြိုးမှုတိုးတက်တဲ့မြို့ဖြစ်ပါတယ်။ အဓိက တောင်သူများဖြစ်ပြီး တောင်ယာများနှင့် လက်ဖက်ခြောက်၊ လက်ဖက်အစိုလုပ်ငန်းများမှ တွင်တွင် ကျယ်ကျယ်လုပ်ကိုင်ကြပါတယ်။ တောင်ပေါ်ဒေသချက်သည့်မြေတွေမှာ လက်ဖက်ကို အခြေခံ စိုက်ပျိုးကြပါတယ်။ ရိုးရိုးနေလှန်းဖက်ခြောက်နှင့် အင်ဂျင်စေ့အခြောက်ခံ ဂရင်းတီးဆိုတဲ့ လက်ဖက်ခြောက် အမျိုးမျိုးရှိပါတယ်။ ရိုးရိုးလဖ္ဖက်ခြောက်ဈေးနှုန်းက ၅၀၀၀ ကျပ်မှ ၆၀၀၀ ကျပ်ထိရှိပြီး ဂရင်းတီး လက်ဖက်ခြောက်က ၁၂၀၀၀ ကျပ်မှ ၁၅၀၀၀ ကျပ်အထိ ဈေးပေါပါတယ်။ ဂရင်းတီးလက်ဖက်ခြောက် အစိမ်းရောင်ကို တောင်တန်းဒေသရှိကြားအင်းကျေးရွာမှာ ဂျာမဏီနိုင်ငံ၏ နည်းပညာအကူအညီဖြင့် ဆောက်လုပ်ထားပြီးဖြစ်ပါတယ်။ ဂျာမဏီနိုင်ငံမှ အဓိကဝယ်ယူ၍ နိုင်ငံခြားငွေလဲရရှိနေပါပြီ။ တောနေ

လူတန်းစားများ ဝင်ငွေပို၍ရနေပြီး အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနေ၍ လူမှုစီးပွားတိုးတက်လာကြပါတယ်။ ၎င်းဒေသ လျှပ်စစ်မီးအပြည့်အဝမရရှိကြ၍ အကယ်၍များ လျှပ်စစ်ဓာတ်အား အပြည့်အဝ သုံးစွဲနိုင်မယ်ဆိုရင် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး လုပ်ငန်းအဝဝ ပို၍ တိုးတက်လာနိုင် မှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပင်းတယမြို့မြောက်ဖက်လေးမိုင်ခန့်ဝေးသည့်နေရာ ဇော်ဂျီရေထွက်ရှိပါတယ်။ တောရှေ့ပုထိုးကျေးရွာအနီးအင်းလျားကန်ကို ဆည်အဖြစ်တည်ဆောက်ပြီး ဇော်ဂျီရေကို အပြည့်အဝရေသွင်းပြီး ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်မယ်ဆိုရင် မြို့နယ်၏လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိလာမှာဖြစ်ပါလိမ့်မယ်။ လျှပ်စစ်ဓာတ်အားအပြည့်အဝ ဝန်ဆောင်မှုရမယ်ဆိုရင် ကျေးရွာအားလုံး မီးလင်းရေး အပြည့်အဝခံစားနိုင်မှာဖြစ်ပါတယ်။ လျှပ်စစ်ဓာတ်အားကို အခြေပြု လုပ်ကိုင်ကြရသဖြင့် လုပ်ငန်းပိုမိုတွင်ကျယ်အောင် လုပ်ဆောင်နိုင်ကြမှာဖြစ်ပါတယ်။ နိုင်ငံတော် အနေနှင့် လျှပ်စစ်ဓာတ်အားပိုမိုရရှိလာရေးအတွက် ရေအားလျှပ်စစ်ထုတ်လုပ်ဖို့ အကြံပြုလိုပါတယ်။ နိုင်ငံခြားမှ ရင်းနှီးမြှုပ်နှံမှုများစွာ ဝင်လာနိုင်ရန်အတွက် နိုင်ငံတော်အနေနှင့် မြေနှင့်အဆောက်အဦကို ဈေးနှုန်းသက်သာပြီး ငှားရမ်းနိုင်အောင်စီစဉ်ဆောင်ရွက်ပေးဖို့လိုပါတယ်လို့ ကျွန်တော်အကြံပြု လိုပါတယ်။ နောက်တစ်ခု စည်းကြပ်သည့်အခွန်ကိုလည်း နိုင်ငံတကာနှင့်ကိုက်ညီတဲ့ အခွန်နှုန်းထားကို မများစေပဲ ပြတ်သားဖို့လိုပါလိမ့်မယ်လို့ အကြံပြုလိုပါတယ်။ နိုင်ငံတကာမှရင်းနှီးမြှုပ်နှံသူအကျိုးရှိမှသာ လာရောက်ရင်းနှီးမြှုပ်နှံကြမှာဖြစ်ပါတယ်။ ထို့ကြောင့် ဒေါ်ချိုချို၊ အုတ်တွင်းမဲဆန္ဒနယ်၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လျင်မြန်ချောမွေ့လွယ်ကူစွာ ဝင်ရောက်နိုင်ပြီး လုပ်သားအင်အားအခြေပြုသော ကုန်ထုတ်လုပ်ငန်းပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ရင်းနှီးမြှုပ်နှံအခွင့်အလမ်းများ ပေါ်ပေါက်လာနိုင်အောင် ကူညီဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လေးလေးနက်နက်ထောက်ခံအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒက္ခိဏသီရိမဲဆန္ဒနယ်မှ ဦးသန့်ဇင်ထွန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးသန့်ဇင်ထွန်း(ဒက္ခိဏသီရိမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ဒက္ခိဏသီရိမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်ထွန်းဖြစ်ပြီး လွှတ်တော် ကိုယ်စားလှယ်ဒေါ်ချိုချိုရဲ့အဆိုကို အကြံပြုထောက်ခံဆွေးနွေးမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေ့ကမ္ဘာပေါ်မှာ ဖွံ့ဖြိုးဆဲနိုင်ငံများရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အတွက် အခြေခံအရင်းအမြစ်ဖြစ်တဲ့ လမ်းကြောင်းတစ်ခုအား နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု Foreign Direct Investment(FDI)ဖြစ်ကြောင်း သတ်မှတ်လာကြပါတယ်။ အခြေခံအရင်းအမြစ် ဖြစ်တဲ့ လမ်းကြောင်းတစ်ခု FDI အနေနဲ့ ငွေကြေးအမြောက်အများပါဝင်ရင်းနှီးခြင်း၊ နည်းပညာ၊ ပို့ကုန် ဈေးကွက်၊ အလုပ်အကိုင်အခွင့်အလမ်းများ လုပ်ငန်းစွမ်းဆောင်မှုကျွမ်းကျင်ခြင်းနှင့် စီမံခန့်ခွဲမှု နည်းလမ်းများကို ခေတ်နှင့်အညီ ယူဆောင်လာခြင်းတို့ကြောင့် ဖြစ်ပါတယ်။ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးကို အကောင်အထည်ဖော်ရာမှာ အဓိကအတားအဆီးဖြစ်တဲ့ ကိုယ်ကျိုးစီးပွားကာကွယ် ရေးမူဝါဒတွေကို လျှော့ချပြီး ပို့ကုန်၊ သွင်းကုန်တိုးမြှင့်ရေး FDI တိုးမြှင့်ရေးဟာ နိုင်ငံခြားရဲ့ဖွံ့ဖြိုး

တိုးတက်ရေးကို ဆုံးဖြတ်နိုင်တဲ့စီးပွားရေးမူဝါဒရဲ့ ကျောရိုးဖြစ်လာပါတယ်။ FDI အကျိုးသက်ရောက်မှုကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ခြင်းနှင့်အတူ ရေရှည်မှာနည်းပညာဖွံ့ဖြိုးတိုးတက်မှုနှင့် ထုတ်လုပ်ခြင်းတိုးတက်မှုတို့ကို ဖြစ်ပေါ်စေပါတယ်။ နည်းပညာစီးဝင်မှုများ လက်တွေ့လုပ်ငန်းခွင်မှာ အသုံးချနိုင်တဲ့အခြေအနေထိရောက်ရှိရန်နှင့် လူသားအရင်းအမြစ်တိုးတက်လာစေရန် နိုင်ငံတော်မှ ကူညီပံ့ပိုးအလေးထားဆောင်ရွက်ရန်လိုအပ်ပါတယ်။ FDI တိုးတက်ဖြစ်ပေါ်စေဖို့ ပေါ်လစီများချမှတ်ခြင်း၊ တင်းကြပ်ထားမှုများကိုလျှော့ချပေးခြင်း၊ စွမ်းဆောင်မှုမက်လုံးပေးခြင်း၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းတိုးတက်စေခြင်း စတာတွေကို ဆောင်ရွက်ပေးရန်လိုအပ်ပါတယ်။ နိုင်ငံတော်မှ ခွဲခြားမှုရှိနေတဲ့ ရင်းနှီးမြှုပ်နှံမှုဥပဒေများကို ဖျက်သိမ်းပြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် နည်းဥပဒေများ ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းတိုးတက်စေရေးလုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းထားကြောင်း Ease of Doing Business Indicators အလိုက် အထောက်အကူပြုအဖွဲ့ကိုလည်း ဖွဲ့စည်းထားကြောင်းသိရှိရပြီး အားစိုက်ကြိုးစားဆောင်ရွက်ပေးရန် လိုအပ်ပါတယ်။ ဒီနေ့မြန်မာနိုင်ငံဟာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးပြုပြင်ပြောင်းလဲမှုတွေကို အရှိန်အဟုန်နဲ့ဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံရဲ့မဟာဗျူဟာကျစွာတည်ရှိနေမှု ဒေသဆိုင်ရာဆက်သွယ်ရေးလမ်းကြောင်းများတည်ဆောက်နေမှုနှင့် ဒေသတွင်းစီးပွားရေးလုပ်ငန်းများ ဖြစ်တည်နေမှုတို့အပေါ်မူတည်ပြီး မှန်ကန်တဲ့မူဝါဒနဲ့ ပြည်သူတစ်ရပ်လုံးပါဝင်တဲ့ ကြိုးစားအားထုတ်မှုတို့နှင့် ပူးပေါင်းဆောင်ရွက်ပါက အမြန်ဆုံးဖွံ့ဖြိုးတိုးတက်ရန် လုပ်ဆောင်နိုင်တဲ့ အချိန်ကာလဖြစ်ပါတယ်။ FDI ချောမွေ့လွယ်ကူစွာဝင်ရောက်နိုင်ဖို့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ အခွင့်အရေးသာတူညီမျှမှု၊ နိုင်ငံရေးတည်ငြိမ်မှု၊ ဈေးနှုန်းတည်ငြိမ်မှုနှင့် နိုင်ငံသားတို့ သာယာဝပြောမှုဖြစ်တည်နေရန်နှင့် မြေ၊ လုပ်အား၊ အရင်းအနှီး၊ သယံဇာတနှင့်စွမ်းအင်စတာတွေကို အကျိုးအရှိဆုံး အသုံးချနိုင်ရန် လိုအပ်ပါတယ်။ FDI စီးဝင်မှုကြောင့် နည်းပညာတိုးတက်လာစေပြီး အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်ရရှိစေနိုင်ပါတယ်။ လူ့စွမ်းအားအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်လာနိုင်ပြီး လုပ်ငန်းယှဉ်ပြိုင်မှုနှင့် ဝင်ငွေတိုးပွားမှုများကို ဖြစ်ပေါ်စေပါတယ်။ ဒါ့အပြင် ထုတ်ကုန်တိုးတက်ခြင်း၊ လုပ်ခများတိုးတက်ခြင်း၊ နိုင်ငံအတွက်အခွန်ရငွေတိုးတက်လာစေခြင်း၊ နည်းပညာအသစ်များနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ကျွမ်းကျင်သူများအထောက်အပံ့အပါအဝင် ပြည်တွင်း၌တစ်ဦးတည်းချုပ်ကိုင် လုပ်ကိုင်ဆောင်ရွက်မှုအား လျှော့နည်းလာစေကာ နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို လျင်မြန်စွာ ဖြစ်ထွန်းစေလာပါတယ်။

ငွေကြေးများစီးဝင်လာခြင်းနှင့်အတူ သွင်းကုန်အစားထိုးထုတ်လုပ်ခြင်း၊ ကုန်စည်၊ ပို့ကုန်တင်ပို့နိုင်ခြင်း၊ နိုင်ငံတကာနှင့် ပိုမိုလွယ်ကူစွာ ကုန်သွယ်နိုင်ခြင်းအပါအဝင် တစ်ဦးချင်း GDP သာမက နိုင်ငံ့ GDP ကို တိုးတက်စေမှာဖြစ်ပါတယ်။ ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ပို့ကုန်ရှေးရှုတဲ့ FDI ကို လက်ခံမယ်ဆိုပါက လုပ်အားများစွာအသုံးပြုရတဲ့ စားသုံးသူကုန်စည်များထုတ်လုပ်တဲ့ စက်မှုလုပ်ငန်းတွေမှာ စတင်လုပ်ကိုင်ခြင်းဟာ မှန်ကန်တယ်လို့ မှတ်ယူထားကြပါတယ်။ လုပ်အားများစွာအသုံးပြုပြီး ထုတ်လုပ်ရတဲ့ လုပ်ငန်းများကို အပြည်ပြည်ဆိုင်ရာအလုပ်ခွဲဝေမှုအနေနဲ့ ဖွံ့ဖြိုးဆဲနိုင်ငံများမှာ အစိတ်အပိုင်းများ ထုတ်လုပ်တပ်ဆင်တဲ့လုပ်ငန်းများအဖြစ် ဒေါင်လိုက်ပေါင်းစပ်တဲ့လုပ်ငန်းများ အရေးပါလာပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မှန်ကန်ခိုင်မာမှုမရှိတဲ့ သတင်းအချက်အလက်များ

အချိန်နှင့်တစ်ပြေးညီမဖြစ်တဲ့ သတင်းများနှင့် ရှုပ်ထွေးများပြားတဲ့လုပ်ထုံးလုပ်နည်းတို့ဟာ FDI ပြုလုပ်လိုသူတွေအတွက် အဓိကစိန်ခေါ်မှုဖြစ်ပါတယ်။ FDI ပြုလုပ်လိုသူတွေဟာ ၎င်းတို့ ရင်းနှီးမြှုပ်နှံမယ့်နိုင်ငံရဲ့ ဘဏ္ဍာရေးမူဝါဒ၊ ငွေကြေးမူဝါဒ၊ ကုန်သွယ်ရေးမူဝါဒ၊ ငွေလဲလှယ်ရေးနှုန်းထားမူဝါဒနှင့် ရရန်အကြွေးစီမံမှုမူဝါဒတို့ကို အလေးထားကြပါတယ်။ လျှပ်စစ်ဓာတ်အားရေပေးဝေမှုနှင့် ဆက်သွယ်ရေးကဲ့သို့သော အခြေခံအဆောက်အအုံများရဲ့ တိုးတက်မှုကုန်ကျစရိတ်သက်သာစေရန်အတွက် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအပေါ် ရည်မှန်းချက်ထားတဲ့ ရင်းနှီးမြှုပ်နှံသူတွေကို အခွင့်အလမ်းကောင်းများ ဖန်တီးပေးရန်လိုအပ်ပါတယ်။ စာမတတ်သူအချိုးအစားမြင့်မားခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပျက်ကွက်ခြင်း၊ ကလေးသူငယ်နှင့်သက်ကြီးရွယ်အိုများ ကာကွယ်စောင့်ရှောက်ရန်ပျက်ကွက်ခြင်း၊ အလုပ်ရှင်အလုပ်သမားပြဿနာများ များပြားခြင်းစတာတွေ မဖြစ်ပေါ်စေဖို့လည်း လိုအပ်ပါတယ်။ ပုဂ္ဂလိကအသင်းအဖွဲ့များနှင့် မြို့ပြဆိုင်ရာအသင်းအဖွဲ့များ ခိုင်မာအားကောင်းရန်လည်း လိုအပ်ပါတယ်။ ကုန်စည်ထုတ်လုပ်မှုနှင့် ပြည်ပပို့ကုန်တိုးမြင့်မှုအခြေအနေများကလည်း FDI ဖြစ်ပေါ်မှုကိုပံ့ပိုးစေတဲ့အတွက် ကုန်သွယ်ရေးဇုန်များ၊ စီးပွားရေးဇုန်များ၊ အသေးစားနှင့်အလတ်စားလုပ်ငန်းဇုန်များကို ပိုမိုတည်ထောင်ပေးရန် လိုအပ်ပါတယ်။ စက်မှုဇုန်များကိုပြည်တွင်း/ပြည်ပလုပ်ငန်းရှင်များ ရင်းနှီးမြှုပ်နှံလုပ်ကိုင်နိုင်စေရန် ကုန်ထုတ်လုပ်ငန်းနှင့်ကုန်ထုတ်လုပ်မှုဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများ လုပ်ငန်းချိတ်ဆက်မှုအားကောင်းပြီး ယှဉ်ပြိုင်နိုင်တဲ့စက်မှုလုပ်ငန်းများ ဖြစ်လာစေရန် စက်မှုလုပ်ငန်းကြောင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကျိုးသက်ရောက်မှုများကို စနစ်တကျ စီမံထိန်းချုပ်ရန် အလုပ်အကိုင်အခွင့်အလမ်းများ တိုးမြင့်စေရန် စတဲ့ရည်ရွယ်ချက်များနှင့် တည်ထောင်ရမှာဖြစ်ပြီး FDI ပိုမိုလွယ်ကူစွာ ဝင်ရောက်နိုင်စေဖို့အတွက် စက်မှုဇုန်ဥပဒေကို အမြန်ဆုံးပြဋ္ဌာန်းသင့်ပါတယ်။ သို့ဖြစ်ပါ၍ ပြည်ထောင်စုအစိုးရမှ လိုအပ်နိုင်သလိုဆောင်ရွက်နိုင်ပါရန် အကြံပြုထောက်ခံတင်ပြဆွေးနွေးအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဥတ္တရသီရိမဲဆန္ဒနယ်မှ ဦးကျော်မင်းလှိုင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးကျော်မင်းလှိုင်(ဥတ္တရသီရိမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးကိုမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဥတ္တရသီရိမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းလှိုင် ဖြစ်ပါတယ်။ အုတ်တွင်းမဲဆန္ဒနယ်မှဒေါ်ချိုချို၏အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်ရဲ့ရည်ရွယ်ချက်မှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ လွယ်ကူချောမွေ့လျင်မြန်စွာဝင်ရောက်နိုင်ဖို့နဲ့ ရင်းနှီးမြှုပ်နှံမှုများတွင် လုပ်သားအခြေပြုသော ကုန်ထုတ်လုပ်ငန်းများကိုဖွံ့ဖြိုးတိုးတက်ကျယ်ပြန့်လာစေရေး ညွှန်ပြထားပြီး နိုင်ငံတော်၏စီးပွားရေး၊ တိုးတက်ရေးနှင့်နိုင်ငံသားများ၏လူနေမှုဘဝတိုးတက်ပြီး အလုပ်အကိုင်အခွင့်အလမ်းများပေါများစေရန် ရည်ရွယ်ပြီးတင်ပြထားတာတွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ နိုင်ငံကြီးနှစ်ခုအကြားတည်ရှိနေပြီး အရှေ့တောင်အာရှ အာဆီယံအသိုင်းအဝိုင်း၏ မဟာဗျူဟာကျသည့်ဈေးကွက်ကို တိုက်ရိုက်ဝင်ရောက်နိုင်တဲ့အချက်တွေကြောင့် ကုန်ထုတ်လုပ်မှုကဏ္ဍတွေမှာ ရင်းနှီးမြှုပ်နှံခြင်းဖြင့် အခွင့်အလမ်း

ကောင်းများစွာ ရရှိစေမယ့်နိုင်ငံဖြစ်ပါတယ်။ အခြားနိုင်ငံများနဲ့ယှဉ်ရင် အလုပ်သမားလုပ်ခလစာ နည်းပါးခြင်း၊ သဘာဝသယံဇာတပေါကြွယ်ဝခြင်း၊ စိုက်ပျိုးရေးကို အခြေခံတဲ့တန်ဖိုးမြှင့်ထုတ်လုပ်မှုများနှင့် စက်မှုလုပ်ငန်းများဟာ အစိုးရရဲ့ဦးစားပေးကဏ္ဍများဖြစ်တဲ့အတွက် ရင်းနှီးမြှုပ်နှံလိုသူများကို ပိုမိုစိတ်ဝင်စားစေမယ့် ကောင်းမွန်တဲ့အချက်တွေဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အစိုးသစ်ဟာ စီးပွားရေးမူဝါဒ(၁၂)ချက်ကိုချမှတ်ပြီး နိုင်ငံစီးပွားရေးကို ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ဆောင်ရွက်နေတာဖြစ်ပါတယ်။ စီးပွားရေးမူဝါဒ(၁၂)ချက်မှ နံပါတ်(၇)ဆိုရင် စီးပွားရေးဈေးကွက်စနစ်နှင့် ပုဂ္ဂလိကကဏ္ဍတိုးတက်ရေးအတွက် နိုင်ငံသားတိုင်းမိမိတို့လုပ်ကိုင်လိုသည့် စီးပွားရေးလုပ်ငန်းများကို လွတ်လပ်စွာလုပ်ကိုင်ခွင့်ရရှိစေရန်နှင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများတိုးမြှင့်ရန်အတွက် မူဝါဒများသီးခြားရေးဆွဲဆောင်ရွက်ရန် မူပိုင်ခွင့်များနှင့် တရားဥပဒေစိုးမိုးရေးအတွက် တိုးမြှင့်ဆောင်ရွက်ရန်လို့ ပါရှိပါတယ်။ ကျွန်တော်တို့ လွှတ်တော်အနေနဲ့လည်းပဲ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနဲ့ ကုမ္ပဏီများဥပဒေကို စံညွှန်းများနဲ့ကိုက်ညီအောင် ပြဋ္ဌာန်းပြီးဖြစ်ပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု တိုးတက်မှုတွေကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် သတင်းထုတ်ပြန်ထားတာတွေလည်းရှိပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ရင်းနှီးမြှုပ်နှံခဲ့မှုမှာ ၂၀၁၇ ခုနှစ် ဇွန်လလယ်အထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ၆၆ ခု ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၁၈၅၄.၉၃၂ သန်းနှင့် စက်တင်ဘာလလယ်အထိ လုပ်ငန်း ၁၂၀ ခု ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၃၅၃၆.၈၉၈ သန်းအထိ ခွင့်ပြုပေးထာတယ်လို့သိရပါတယ်။ ၂၀၁၈ ခုနှစ် ဇန်နဝါရီလလယ်အထိ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၈၅ ခုအထိ ခွင့်ပြုပေးထားပြီး ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၄၂၇၆.၉၉၈ သန်းစီးဝင်ကြောင်း ထုတ်ပြန်ထားတာတွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စီးပွားရေးမူဝါဒ(၁၂)ချက်အရ နံပါတ်(၅)ဆိုရင် ပြည်တွင်းနေနိုင်ငံသားများနှင့် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသော နိုင်ငံသားများအားလုံးအတွက် အလုပ်အကိုင်အခွင့်အလမ်းများဖော်ထုတ်ပေးရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ မြင့်မားလာသောလုပ်ငန်းများကို ကာလတိုအတွင်း ပိုမိုဦးစားပေးဆောင်ရွက်ရန်တို့ ပါရှိပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအနေနဲ့တိုးတက်နေပေမယ်လို့ ပြည်သူလူထုအလုပ်အကိုင်အခွင့်အလမ်းများရရှိမှု အားနည်းနေသေးကြောင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလိုအပ်သလောက် မရောက်ဘဲနဲ့ အားနည်းကြောင်းနှင့် ရင်းနှီးမြှုပ်နှံလိုသောနိုင်ငံအချို့စောင့်ကြည့်နေသေးကြောင်း စီးပွားရေးလေ့လာသူများနှင့် ပြည်သူလူထုထံမှ ကြားသိနေရဆဲဖြစ်ပါတယ်။ အဓိကအားနည်းချက်များကတော့ လျှပ်စစ်နှင့်စွမ်းအင်လိုအပ်ချက်များ၊ လမ်းပန်းဆက်သွယ်ရေး၊ မြေငှားရမ်းခမြင့်မားနေခြင်းနှင့် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများ၏ ကြန့်ကြာမှုများ၊ ကျွမ်းကျင်လုပ်သားများ ရှားပါးမှုများကြောင့် နှောင့်နှေးတယ်လို့ လေ့လာတွေ့ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အခြေခံလိုအပ်ချက်များဖြစ်တဲ့ လျှပ်စစ်နဲ့စွမ်းအင်လိုအပ်ချက်၊ လမ်းပန်းဆက်သွယ်ရေးများကို စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးရည်ရွယ်ချက်များနဲ့ ဆောင်ရွက်နေတာတွေ့ရပါတယ်။ မြေငှားရမ်းခမြင့်မားနေမှုကို စီမံ/ဘဏ္ဍာပြည်ထောင်စုဝန်ကြီးကတော့ ရင်းနှီးမြှုပ်နှံလိုသူတွေအတွက် နှစ်(၇၀)အထိငှားပေးမယ်လို့၊ နောက်ပိုင်းလိုအပ်ရင် ထပ်တိုးပေးမယ်လို့ ပြောထားတာရှိပါတယ်။ မြို့ကြီးများနဲ့စက်မှုဇုန်များအပြင် မဖွံ့ဖြိုးသောဒေသတွေကို ရွေးချယ်ပေးဖို့လိုအပ်ပါတယ်။

ကျွန်တော်တို့ အစိုးရသက်တမ်းနှစ်နှစ်အတွင်း နေပြည်တော်မှာဆိုရင်လည်းပဲ အခု အလုပ်အကိုင်အခွင့်အလမ်းနဲ့ပတ်သက်လို့ စီမံကိန်းမကြားရသေးပါဘူး။ သက်ဆိုင်ရာဒေသများရဲ့ ကြန့်ကြာမှုတွေကိုတော့ ဌာနဆိုင်ရာ ၁၄ ခုပူးပေါင်းအဖွဲ့တွေ ဖွဲ့စည်းထားတယ်လို့သိရပါတယ်။ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာ ၂၆ နေ့မှာ အကောင်အထည်ဖော်ဆောင်ရွက်ရန် နှောင့်နှေးကြန့်ကြာနေသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ စိစစ်ကြပ်မတ်ရေးအဖွဲ့ကို ဖွဲ့စည်းထားတယ်လို့သိရပါတယ်။ သက်ဆိုင်ရာတာဝန်ရှိသောဌာနများအဖွဲ့အစည်းများမှ သေချာစိစစ်ပြီး လွယ်ကူမြန်ဆန်အောင် ဆောင်ရွက်ပေးဖို့ လိုအပ်ပါတယ်။ ဒါမှသာ ရင်းနှီးမြှုပ်နှံလိုသော်လည်း တုံ့ဆိုင်းနေသောနိုင်ငံများကို ယုံကြည်မှုရှိစေပြီး အမြန်ဆုံးဝင်ရောက်လာမှာဖြစ်ပါတယ်။ ကျွမ်းကျင်လုပ်သားရှားပါးမှုကတော့ အမြန်ဆုံးဆောင်ရွက်ပေးရန်လိုအပ်တဲ့အချက်ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အခြေခံအားဖြင့် မြန်မာနိုင်ငံဟာ စိုက်ပျိုးရေးနိုင်ငံဖြစ်သလို လူဦးရေအများစုဟာလည်း ကျေးလက်နေပြည်သူများဖြစ်ပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို စိုက်ပျိုးရေးများ ဆက်လက်ချဲ့ထွင်ပြီး သီးနှံထုတ်လုပ်မှုတိုးတက်ရေးအတွက် အားပေးဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဆက်စပ်လုပ်ငန်းများဖြစ်တဲ့ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊ သီးနှံနှင့်မျိုးစေ့သန့်စင်ခြင်းလုပ်ငန်းများ၊ စိုက်ပျိုးရေးလုပ်ငန်းသုံးစက်ကိရိယာများ ထုတ်လုပ်သည့်လုပ်ငန်းများ၊ စိုက်ပျိုးရေးကုန်ကြမ်းမှကုန်ချောထုတ်လုပ်သည့်လုပ်ငန်းတွေမှာ ရင်းနှီးမြှုပ်နှံမှုများဝင်ရောက်မှသာ စိုက်ပျိုးရေးလုပ်ငန်းများအောင်မြင်ပြီး ကျေးလက်ဒေသနေပြည်သူများကို လုပ်ငန်းနှင့်သက်ဆိုင်သော သင်တန်းများပေးပြီးအလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးရာရောက်မှာဖြစ်ပါတယ်။ အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးရာတွင်လည်း လက်ရှိရင်းနှီးမြှုပ်နှံထားတဲ့ လုပ်ငန်းနယ်ပယ်များအပြင် ရင်းနှီးမြှုပ်နှံရန်အလားအလာကောင်းသောလုပ်ငန်းများအတွက် ကျွမ်းကျင်လုပ်သားများဖြစ်ဖို့ သင်တန်းများစွာဆောင်ရွက်ပေးဖို့ လိုအပ်နေပါတယ်။ အများအားဖြင့်တော့ ဆောက်လုပ်ရေးနယ်ပယ်နှင့်သက်ဆိုင်သော အခြေခံလုပ်ငန်းအချို့ဖြစ်တဲ့အထိ ပန်းရံ၊ လက်သမား၊ ဂဟေဆက်နှင့် အိမ်တွင်းလျှပ်စစ်သင်တန်း ဒါတွေကိုတော့ အချို့ဌာနဆိုင်ရာကပေးတာတွေ့ပါတယ်။ သင်တန်းကာလတွေကတော့ ခုနစ်ရက်နဲ့ အနည်းဆုံးတစ်လအထိရှိတာတော့ တချို့စားဝတ်နေရေးမပြေလည်တဲ့သူတွေ၊ နေ့စဉ် နေ့စားအလုပ်သမားတွေဖြစ်တဲ့အတွက် မတက်ရောက်နိုင်တာတွေလည်း ကြားရပါတယ်။ ဒါတွေကိုလည်း ပြန်လည်သုံးသပ်ပြီးတော့မှ အဆင်ပြေအောင်ဆောင်ရွက်ပေးဖို့ လိုအပ်ပါတယ်။ အမျိုးသားကျွမ်းကျင် အဆင့်အသိအမှတ်ပြုလက်မှတ်ထုတ်ပေးတဲ့အဖွဲ့များမှ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအမျိုးအစားနှင့် လုပ်ငန်းအဆင့်အလိုက် ကျွမ်းကျင်လုပ်သားများမွေးထုတ်ပေးပြီး အသိအမှတ်ပြုကျွမ်းကျင်လက်မှတ်များရရှိအောင် ဆောင်ရွက်ပေးဖို့ အဓိကလိုအပ်ချက်ဖြစ်နေပါတယ်။ သို့မှသာနိုင်ငံသားများကို ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မှာဖြစ်တဲ့အတွက် အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို၏အဆိုကို ထောက်ခံပါကြောင်းပြောကြားရင်းနိဂုံးချုပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်ကျော်ဦး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးအောင်ကျော်ကျော်ဦး(လှိုင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ လှိုင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ကျော်ဦး ဖြစ်ပါတယ်။ ဒေါ်ချိုချို၊ အုတ်တွင်းမဲဆန္ဒနယ်ကတင်သွင်းတဲ့ ရင်းနှီးမြှုပ်နှံမှု လျင်မြန်ချောမွေ့လွယ်ကူစွာ ဝင်ရောက်နိုင်ပြီး လုပ်သားအင်အားအခြေပြုတဲ့ ကုန်ထုတ်လုပ်ငန်းများပိုမိုတိုးတက်ကျယ်ပြန့်လာစေရန်အတွက် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများပေါ်လာအောင် ကူညီဆောင်ရွက်ပေးရေး ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို Labour Intensive Industry အကြောင်း ကျွန်တော်အကြံပြုဆွေးနွေးလိုပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ လုပ်သားအင်အားအခြေပြုကုန်ထုတ်လုပ်ငန်းများ (Labour Intensive Industry)မှာ အလားအလာအကောင်းဆုံးကတော့ အထည်အလိပ်လုပ်ငန်းတွေဖြစ်တဲ့ အထည်ချုပ်လုပ်ငန်း(Garment Industry)နဲ့ ချည်မျှင်နဲ့အထည်လုပ်ငန်း(Textile Industry)ပဲဖြစ်ပါတယ်။ အရင်းအနှီးနဲ့ နည်းပညာလိုအပ်ချက်နည်းပါးပြီးတော့ လုပ်သားအင်အားအခြေပြုရတဲ့အတွက် ကျွန်တော်တို့နိုင်ငံရဲ့လိုအပ်ချက်နဲ့ နိုင်ငံရဲ့စွမ်းဆောင်ရည်နဲ့ ကိုက်ညီနဲ့လုပ်ငန်းတွေဖြစ်ပါတယ်။ လက်ရှိမှာ အထည်ချုပ်စက်ရုံပေါင်း ၄၀၀ ကျော်ရှိပြီးတော့ ပြည်ပပို့ကုန်အနေနဲ့ CMP လက်ခစားစနစ်နဲ့ ချုပ်ထည်များကိုပို့ရာမှာ ၂၀၁၆-၂၀၁၇ ခုနှစ်မှာ ၂.၂ ဘီလီယံအထိရရှိပြီးတော့ တတိယအများဆုံးပို့ကုန်အဖြစ် ရပ်တည်လျက်ရှိပါတယ်။ ဒီနှစ်မှာတော့ ၃ ဘီလီယံလောက်ရရှိမယ်လို့ မျှော်မှန်းထားပါတယ်။ မြန်မာပို့ကုန်ရဲ့ ၁၀ ရာခိုင်နှုန်းဟာ အထည်ချုပ်လုပ်ငန်းက ရရှိတဲ့ဝင်ငွေဖြစ်ပါတယ်။ အလုပ်သမားအင်အား လေးသိန်းကျော်လုပ်ပေးထားနိုင်ပါတယ်။ ၂၀၁၅ ခုနှစ်မှာ ၁၀ ဘီလီယံရရှိအောင် ဆောင်ရွက်သွားမယ်လို့ သိရပါတယ်။ ဒါပေမဲ့ ဒီပမာဏက ကျွန်တော်တို့ အိမ်နီးချင်းနိုင်ငံများနဲ့ယှဉ်ရင်နည်းပါသေးတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ မြန်မာက ၂.၂ ဘီလီယံ၊ ကမ္ဘောဒီးယားက ခြောက်ဘီလီယံ၊ ဗီယက်နမ်က ၂၈ ဘီလီယံ တင်ပို့နိုင်ခဲ့ပါတယ်။ ဗီယက်နမ်မှာ အထည်ချုပ်အလုပ်သမားပေါင်း နှစ်သန်းခွဲနဲ့ စက်ရုံပေါင်း ၆၀၀၀ လောက်ရှိပါတယ်။ ဒီနေရာမှာ နိုင်ငံခြားအထည်ချုပ်လုပ်ငန်းများဟာ လုပ်အားခဈေးပေါတဲ့ နိုင်ငံတွေကို ရွှေ့ပြောင်းပြီးတော့ ရင်းနှီးမြှုပ်နှံကြတာများပါတယ်။ ထိုင်းနိုင်ငံမှာလုပ်အားခ တစ်လကိုအနည်းဆုံး ဒေါ်လာ ၂၅၀ ရှိပြီးတော့ ကမ္ဘောဒီးယားနဲ့ ဗီယက်နမ်မှာ တစ်လကို ဒေါ်လာ ၁၅၀ လောက်ရှိပါတယ်။ မြန်မာမှာ တစ်ရက်ကို ဒေါ်လာ ၁၀၀ ရှိပြီးတော့ ဘင်္ဂလားဒေ့ရှ်မှာ ၄၅ ဒေါ်လာလောက်ရှိပါတယ်။ အာရှမှာ မြန်မာက ဘင်္ဂလားဒေ့ရှ်ပြီးရင် လုပ်အားခအနည်းဆုံးဖြစ်ပါတယ်။ ဒါ့ကြောင့် မြန်မာကို အထည်ချုပ်လုပ်ငန်းတွေ ရင်းနှီးမြှုပ်နှံချင်တဲ့သူတွေအများကြီးရှိပါတယ်။ အထည်ချုပ်လုပ်ငန်းက လုပ်ငန်းခနည်းလျှင် အမြတ်အစွန်းများလေဖြစ်တာမို့ မြန်မာမှာ ရင်းနှီးမြှုပ်နှံမှုပြုလုပ်လိုတာ သဘာဝကျပါတယ်။ ဒီအစိုးရက အလုပ်သမားတွေရရှိမယ့်အခွင့်အရေးတွေ၊ စက်ရုံက လိုက်နာရမယ့် လူမှုကျင့်ဝတ်စံချိန်စံညွှန်းတွေကြပ်မတ်ပေးဖို့ လိုအပ်ပါတယ်။ အထည်အလိပ်လုပ်ငန်းများက လုပ်အားခပေါတဲ့မြန်မာဆီဝင်ရောက်ဖို့ အခက်အခဲအတားအဆီးဖြစ်တဲ့ ကုန်သွယ်ရေးအတားအဆီးတွေ(Trade barrier)တွေ ဖယ်ရှားပေးရပါမယ်။ Banking Facility တွေ ပိုကောင်းအောင် လုပ်ပေးရပါမယ်။ စာရွက်စာတမ်းကိစ္စတွေ၊ ရုံးကိစ္စတွေ၊ ဆိပ်ကမ်းရှင်းလင်းရေးတွေ၊

ပို့ကုန်မူဝါဒတွေကို အလွယ်ကူဆုံး၊ အဆင်ပြေဆုံး၊ မြန်ဆန်ထိရောက်အောင်လုပ်နိုင်အောင် ဆောင်ရွက်ပြုပြင်ပေးဖို့လိုပါတယ်။ အများနဲ့ပြိုင်ရတဲ့အခြေနေမျိုးမှာ ကျွန်တော်တို့က ဒီတိုင်း ထိုင်နေလို့မရပါဘူး။ ရှေ့ကနေပြေးနေဖို့လိုပါတယ်။ CMP လုပ်ငန်း တကယ်လုပ်ကိုင်နေတဲ့သူတွေရဲ့ လက်ရှိအခက်အခဲက မြေနေရာငှားရမ်းခဈေးကြီး နေတာဖြစ်ပါတယ်။ မြေနေရာငှားရမ်းခ အဆမတန် ပေးရတဲ့အတွက် ဒီအလုပ်သမားတွေလည်း လုပ်အားခများများမပေးနိုင်ဘူး။ လုပ်ငန်းကလည်း အမြတ်အစွန်းအရမ်းနည်းနေပြီးတော့ Risk အရမ်းများနေပါတယ်။ ဒါကြောင့် ကျွန်တော်တို့ Garment Industry ဇုန်များ၊ Textile Industry ဇုန်များမြေနေရာများကို သူတို့ကိုလုပ်ခွင့်ပေးရပါမယ်။ တကယ်လုပ်ငန်းလုပ်တဲ့သူတွေအတွက် Infrastructures တည်ဆောက်ခနဲ့ Power Sources တည်ဆောက်ခတွေအတွက် လောက်ပဲယူပြီးတော့ မြေနေရာတွေပေးသင့်ပါတယ်။ တခြားနိုင်ငံတွေ မှာလည်း မြေနေရာတွေအလကားပေးပါတယ်။ တကယ်လို့ ဒီလုပ်ငန်းက မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှု အခြေအနေအားလုံးချောမွေ့အောင် လုပ်နိုင်မယ်ဆိုရင် တကယ်ဝင်လာလို့ရှိရင် လုပ်သားအင်အား နှစ်သန်းလောက်ကနေပြီးတော့ ငါးသန်းလောက်အထိ အချိန်တိုအတွင်းပေးနိုင်ပါတယ်။

နောက် ဒီလုပ်ငန်းနဲ့ပတ်သက်တဲ့ ကြယ်သီးတို့၊ အပ်တို့၊ အပ်ချည်လုံးတို့စတဲ့ Supporting Industry တွေအနေနဲ့ SME တွေပါ ကျွန်တော်တို့ကချိတ်ဆက်ထားနိုင်မှာ။ နောက် လက်ရှိ ကျွန်တော် တို့ဆီမှာရှိနေတဲ့ ချည်မျှင်နဲ့အထည်စက်ရုံတွေရှိနေပါတယ်။ ဝါစိုက်တဲ့တောင်သူတွေရှိနေပါတယ်။ လက်ရှိနိုင်ငံပိုင် အထည်ချုပ်စက်ရုံပေါင်း ၁၃ ရုံလောက်ရှိပြီးတော့ ဝါကြိတ်တယ်။ ချည်ထုတ်တယ်။ ပိတ်ယက်တယ်။ ဆေးဆိုးတဲ့လုပ်ငန်းတွေ ရှိပါတယ်။ ဒီလုပ်ငန်းတွေက နောက်ထပ်ရင်းနှီးမြှုပ်နှံမှု နည်းနည်းထပ်ပြီးတော့လုပ်ပြီးတော့ Update လုပ်မယ်။ Management ကောင်းကောင်းနဲ့ ပုဂ္ဂလိကနဲ့တွဲပြီးတော့ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်နိုင်မယ်ဆိုရင် အခု CMP ကနေ FOP လုပ်နိုင်တဲ့အဆင့်ကို တက်လှမ်းနိုင်မှာပါ။ အဲဒါဆိုရင် ကျွန်တော်တို့ ဒီတိုင်းပြည်က GDP တစ်နှစ်ကို ရှစ်ရာခိုင်နှုန်းလောက် အနည်းဆုံးတိုးဖို့လိုပါတယ်။ ရှစ်ရာခိုင်နှုန်းတိုးတက်မယ်ဆိုရင် ၂၀၃၀ ခုနှစ်မှာ GDP က လေးဆဖြစ်သွားပါမယ်။ လေးဆဖြစ်သွားရင် ကျွန်တော်တို့နိုင်ငံက လူ ၁၅ သန်းလောက် ဆင်းရဲတွင်းကလွတ်သွားမယ်။ LDC နိုင်ငံအဖြစ်ကလည်း လွတ်သွားပါမယ်။ အဲဒီတော့ ကျွန်တော်တို့ က တစ်နှစ်ကို GDP ရှစ်ရာခိုင်နှုန်းအနည်းဆုံးတိုးအောင် ရည်မှန်းချက်ထားပြီး ဆောင်ရွက်ဖို့လိုပါ တယ်။

နောက်ပြီးတော့ အမျိုးသားပို့ကုန်မဟာဗျူဟာမှာ ကဏ္ဍကြီး(၁၁)ရပ်မှာတစ်ခုအပါအဝင် ဖြစ်တဲ့ အထည်အလိပ်ကဏ္ဍတိုးတက်ဖွံ့ဖြိုးဖို့အတွက် ဒီ Garment Industry ဇုန်တွေ၊ Textile Industry ဇုန်တွေထူထောင်ဖို့ရယ်၊ ကုန်သွယ်ရေးအတားအဆီး(Trade Barrier)တွေကိုဖယ်ရှား ဖို့ရယ်၊ နောက် ငွေရေးကြေးရေးကဏ္ဍ ဘဏ်လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်အောင် Bank Facilities တွေ ပိုကောင်းအောင် ဆောင်ရွက်ပေးဖို့ရယ်၊ နောက် ပို့ကုန်မူဝါဒရှင်းရှင်းလင်းလင်းဖြစ်အောင်ချမှတ်ပေးဖို့ ရယ်။ ကျွန်တော်တို့အစိုးရဘက်က စီမံဆောင်ရွက်ပေးဖို့ တိုက်တွန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မော်လိုက်မဲဆန္ဒနယ်မှ ဒေါ်ချိုချိုဝင်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါ်ချိုချိုဝင်း(မော်လိုက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ မော်လိုက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ချိုချိုဝင်း ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချိုရဲ့အဆိုကို ဖြည့်စွက် ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင့်။ အဆိုရှင်ရဲ့ရည်ရွယ်ချက်ကတော့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်များပြားလာပြီး တိုင်းပြည်ရဲ့စီးပွားရေး ဦးမော့လာစေရန်ဖြစ်ပါတယ်။ ပြည်တွင်းရင်းနှီးမြှုပ်နှံမှုဖြစ်စေ၊ ပြည်ပရင်းနှီးမြှုပ်နှံမှုဖြစ်စေ စီးပွားရေးလုပ်ငန်းတစ်ခုကိုရင်းနှီးမြှုပ်နှံမယ်ဆိုလို့ရှိရင် အဘက်ဘက်ကနေလေ့လာဆန်းစစ်ပြီး အားသာချက်များရှိမှသာလျှင်ရင်းနှီးမြှုပ်နှံကြတာဖြစ်ပါတယ်။ ကျွန်မတို့မြန်မာနိုင်ငံမှာ သယံဇာတပေါကြွယ်ဝတယ်၊ လုပ်ခလစာသက်သာတယ်၊ ပထဝီအနေအထားအရ လမ်းဆုံလမ်းခွကျတယ်၊ ပင်လယ်ကမ်းရိုးတန်းများရှိတယ်၊ သဘာဝအလှတရားများရှိနေတယ်စတဲ့ အားသာချက်များ ရှိပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ဒီလိုအားသာချက်တွေရှိနေရင်ဖြင့် ရင်းနှီးမြှုပ်နှံဖို့အခြေအနေဟာ မလုံလောက်သေးပါဘူး။ နိုင်ငံတစ်နိုင်ငံအနေဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ရာမှာ တာဝန်ယူမှု၊ တာဝန်ခံမှုများလည်းရှိရမှာဖြစ်ပါတယ်။ ဥပဒေ၊ နည်းဥပဒေများ တိကျခိုင်မာမှုရှိရဲ့လား။ Infrastructure လို့ခေါ်တဲ့ အခြေခံအဆောက်အအုံများ အားကောင်းရဲ့လား။ ဘဏ်စနစ်များ ခေတ်မီဖွံ့ဖြိုးတိုးတက်ရဲ့လား။ အခွန်မူဝါဒများ သင့်တင့်မျှတရဲ့လား။ Skilled Labour ၊ Well Trained Labour များ ပေါများရဲ့လား။ မိမိရဲ့စီးပွားရေးလုပ်ငန်းများကို အထောက်အကူပြုပံ့ပိုးပေးနိုင်မယ့် Agency များ အားကောင်းရဲ့လား။ ရုံးလုပ်ငန်းပိုင်းဆိုင်ရာတွေ လွယ်ကူမြန်ဆန်မှုရှိရဲ့လား။ ဒါတွေကိုလည်း ကြည့်ကြမှာဖြစ်ပါတယ်။ နောက်တစ်ချက်အနေနဲ့ ကုန်စည်ထုတ်လုပ်တဲ့လုပ်ငန်းဖြစ်စေ၊ ဝန်ဆောင်မှုလုပ်ငန်းဖြစ်စေ၊ ကုန်သွယ်မှုလုပ်ငန်းဖြစ်စေ အလုပ်ရှင်နဲ့အလုပ်သမားဆိုတာ ရှိစမြဲဖြစ်ပါတယ်။ နိုင်ငံတကာစံချိန်စံညွှန်းများနှင့်လိုက်လျောညီထွေရှိတဲ့ Labour Acts များကိုရေးဆွဲပြီးတော့မှ ကျင့်သုံးရန်လည်းလိုအပ်ပါတယ်။ ဒီလိုပြောရတာကတော့ နိုင်ငံတကာစည်းမျဉ်းစည်းကမ်းနှင့် ဥပဒေတွေကို လေးစားလိုက်နာတဲ့ ကုမ္ပဏီများရှိသလို မိမိတို့နိုင်ငံရဲ့အလုပ်သမား၊ ဝန်ထမ်းများကိုလည်း ဥပဒေနဲ့ကာကွယ်ပေးဖို့လိုအပ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ရင်းနှီးမြှုပ်နှံမှုများဟာ ကမ္ဘာပေါင်းစုံကနေ ပုံစံမျိုးစုံနဲ့ရင်းနှီးမြှုပ်နှံကြမှာ ဖြစ်တဲ့အတွက် ဝန်ကြီးဌာနအသီးသီးအနေဖြင့် မိမိတို့ရဲ့အဓိကလုပ်ငန်းတာဝန်များကို နည်းစနစ်ကျကျ IT နည်းပညာများ၊ ခေတ်မီနည်းစနစ်များဖြင့် အောင်မြင်အောင်၊ အဂတိတရားနည်းနိုင်သမျှနည်းအောင် လျှော့ချပြီး အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်ဖို့ အချိန်တန်ပါပြီ။ ဌာနအချင်းချင်းဆက်သွယ်ဆောင်ရွက်ရမှုများရှိခဲ့လို့ရှိရင်လည်း အချိတ်အဆက်မိမိဆောင်ရွက်နိုင်ရန် ပြင်ဆင်ထားဖို့လိုအပ်ပါတယ်။ ရေမြင့်ရင်ကြာတင့်ဆိုသလို တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်လာတာနှင့်အမျှ နိုင်ငံ့ဝန်ထမ်းများအပါအဝင် ပြည်သူလူထုတစ်ရပ်လုံးရဲ့ လူမှုဘဝများဟာလည်း အတိုင်းအတာတစ်ခုထိ မြင့်လာမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ မြန်မာနိုင်ငံအနေဖြင့် အိမ်နီးချင်းနိုင်ငံများရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများကို လေ့လာသုံးသပ်ပြီး မိမိတို့နိုင်ငံနဲ့ကိုက်ညီမယ့် ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ရမှာဖြစ်ပါတယ်။ ယခုအခါမှာ အားလုံးစိတ်ဝင်တစားရှိတဲ့လုပ်ငန်းကတော့ ခရီးသွားလုပ်ငန်းဖြစ်ပါတယ်။ အရင်းမစိုက် လျှော်ထိုးလိုက်ဆိုသလို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရာလည်းရောက်၊ တိုင်းပြည်ဝင်ငွေလည်းရ၊ ကျေးလက် ပြည်သူများလည်း အလုပ်အကိုင်အခွင့်အလမ်းများ ရရှိမှာဖြစ်ပါတယ်။ ဒါပေမဲ့လည်း နေရာဒေသ တော်တော်များများမှာ ခရီးသွားများအတွက် အဆင်ပြေချောမွေ့မှု၊ ပတ်ဝန်းကျင်သန့်ရှင်းသပ်ရပ်မှုများ အတော်အားနည်းနေတာကိုတွေ့ရှိရပါတယ်။ View Point လို့ဆိုင်းဘုတ်တပ်ထားတဲ့ နေရာတွေမှာ အမှိုက်များ၊ အနံ့အသက်များနှင့် ညစ်ပတ်နံစော်နေတာကို တွေ့ရှိရပါတယ်။ မြို့နယ်တိုင်းမှာ စည်ပင်သာယာရဲ့ဆောင်ရွက်ချက်များကိုလည်း အကြိမ်းဖျင်းပြန်လည်ဆန်းစစ် မြှင့်တင်ပေးရန် လိုအပ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ နိဂုံးချုပ်အနေဖြင့်ဆွေးနွေးလိုတာကတော့ နိုင်ငံတစ်နိုင်ငံမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာဖို့ဆိုရင် နိုင်ငံရေးတည်ငြိမ်အေးချမ်းဖို့ အထူးလိုအပ်ပါတယ်။ ပြည်တွင်းငြိမ်းချမ်းရေးဆိုတာ ပြည်သူပြည်သားအားလုံးရဲ့တာဝန်ဖြစ်ပါတယ်။ ဒီနေရာမှာ ပါမောက္ခချုပ်ဆရာတော်ဘုရားကြီးရဲ့ ဆုံးမစကားဖြစ်တဲ့ ကိုယ့်အလုပ်၊ ကိုယ့်တာဝန်ကို ကျေပွန်အောင်လုပ်ပါ။ ကိုယ့်အလုပ်မဟုတ်တာကို မလုပ်ပါနဲ့။ ကိုယ့်အလုပ်ကိုလုပ်နေခြင်းဖြင့် ကိုယ့်အတွက်ရော၊ အများအတွက်ရော အကျိုးဖြစ်မှာဖြစ်ပါတယ်ဆိုတဲ့ ဆုံးမစကားကို နှလုံးသွင်းရင်း မြန်မာနိုင်ငံအစိုးရမှ ဦးဆောင်ကြိုးပမ်းလျက်ရှိသော (၂၁)ပင်လုံညီလာခံကြီးအောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်းနိဂုံးချုပ်ပါတယ်ရှင့်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

## ဒေါ်ချိုချို၊ အုတ်တွင်းမဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ပြန်လည်ရှင်းလင်းဆွေးနွေးရန် ဖြစ်ပါတယ်။

**ဦးမောင်မောင်ဝင်း(ဒုတိယဝန်ကြီး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာပါဟု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း ဖြစ်ပါတယ်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ကိုယ်စား ရှင်းလင်းဖြေကြားမှာဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ချိုချိုက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လျင်မြန်ချောမွေ့လွယ်ကူစွာဝင်ရောက်နိုင်ပြီး လုပ်သားအင်အားအခြေပြုသော ကုန်ထုတ်လုပ်ငန်းများ (Labour Intensive Industry)အတွက် ပိုမိုဖွံ့ဖြိုးတိုးတက်ကျယ်ပြန့်လာစေရန်နှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိတဲ့ ပိုမိုချောမွေ့တဲ့ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများပေါ်လာအောင် ကူညီဆောင်ရွက်ပေးရန်

ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုနှင့်စပ်လျဉ်းပြီး ရှင်းလင်းဖြေကြားပါမယ်။ နိုင်ငံတော်အတွက် ကောင်းမွန်သောရည်ရွယ်ချက်ဖြင့် အဆိုတင်သွင်းသူ လွှတ်တော်ကိုယ်စားလှယ်အား ကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ လျင်မြန်လွယ်ကူစွာ စီးဝင်နိုင်စေရေးနှင့် ပိုမိုကောင်းမွန်တဲ့ ရင်းနှီးမြှုပ်နှံမှုပတ်ဝန်းကျင်ဖြစ်ပေါ်လာစေရေးတို့အတွက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေကို ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်နေ့မှာလည်းကောင်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနည်းဥပဒေများကို ၂၀၁၇ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့မှာလည်းကောင်း ပြဋ္ဌာန်းခဲ့ပါတယ်။ အဆိုပါအသစ်ပြဋ္ဌာန်းခဲ့တဲ့ဥပဒေများအရ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် အဆိုပြုလျှောက်ထားခြင်းများကို ခွင့်ပြုနိုင်ရန်အတွက် စိစစ်ဆောင်ရွက်တဲ့လုပ်ငန်းအဆင့်တွေ၊ တင်ပြရတဲ့စာရွက်စာတမ်းများကို လျှော့ချထားသကဲ့သို့ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန်အတွက် တင်ပြလျှောက်ထားရာမှာ ယခင်က မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရုံး(ရန်ကုန်)မှာသာ လျှောက်ထားနိုင်သော်လည်းပဲ ဥပဒေသစ်များအရ ယခုအခါမှာ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ရင်းနှီးမြှုပ်နှံမှုကော်မတီများသို့ တင်ပြဆောင်ရွက်နိုင်ပြီဖြစ်ပါတယ်။ တိုင်းဒေသကြီး/ပြည်နယ်အားလုံးမှာလည်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနရုံးခွဲများကို သွားရောက်ဖွင့်လှစ်ထားပြီးဖြစ်ပါတယ်။

တဖန် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေကိုလည်းပဲ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်နေ့မှာ ပြည်ထောင်စုလွှတ်တော်က အတည်ပြုခဲ့တဲ့အတွက်ကြောင့် ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့က စပြီးတော့ စတင်ကျင့်သုံးနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ အဆိုပါဥပဒေစတင်ကျင့်သုံးတဲ့အခါမှာလည်း ကုမ္ပဏီများ ဖွဲ့စည်းဆောင်ရွက်နိုင်မှုအခွင့်အလမ်းများ ပိုမိုကောင်းမွန်လာမည်ဖြစ်သဖြင့် လုပ်သားအင်အားအခြေပြုတဲ့ ကုန်ထုတ်လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ကျယ်ပြန့်လာစေမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေနဲ့ အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးနိုင်မှုနှင့် နိုင်ငံတော်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့အတွက် နိုင်ငံတော်ကချမှတ်တဲ့ စီးပွားရေးမူဝါဒနှင့် ရင်းနှီးမြှုပ်နှံမှုမူဝါဒများအပေါ်မှာအခြေခံပြီးတော့ ဝင်ငွေခွန်ကင်းလွတ်ခွင့်ပြုရန်အလို့ငှာ ရင်းနှီးမြှုပ်နှံမှုကိုဦးစားပေးမြှင့်တင်မည့်ကဏ္ဍများကိုလည်း အမိန့်ကြော်ငြာစာ(၁၃/၂၀၁၇)ဖြင့် ၁-၄-၂၀၁၇ ရက်နေ့ က ထုတ်ပြန်ခဲ့ပါတယ်။

ထို့အပြင် ကော်မရှင်က ဦးစားပေးဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများစာရင်းကိုလည်းပဲ ၂၈-၆-၂၀၁၇ ရက်နေ့မှာ ကြေညာခဲ့ပါတယ်။ ဒီကြေညာချက်များ၊ အမိန့်ကြော်ငြာစာများအရဆိုရင် လုပ်သားအင်အားအများအပြားအသုံးပြုရမယ့် လုပ်ငန်းများဖြစ်တဲ့ (Labour Intensive Industry)ဖြစ်တဲ့ ပို့ကုန်မြှင့်တင်နိုင်မယ့် ကုန်ထုတ်လုပ်ငန်းများနှင့် သွင်းကုန်အစားထိုးကုန်ထုတ်လုပ်ငန်းများ အများအပြားပါဝင်နေတာကို တွေ့ရမှာဖြစ်ပြီးတော့ စိုက်ပျိုးရေးကိုအခြေခံတဲ့ စက်မှုလုပ်ငန်းများ၊ အထည်အလိပ်ထုတ်လုပ်တဲ့လုပ်ငန်းများ စသည်တို့ဟာ ထိပ်တန်းဦးစားပေးအဆင့်မှာပါဝင်နေတာကို တွေ့ရမှာဖြစ်ပါတယ်။ အဆိုပါလုပ်ငန်းများမှာ ရင်းနှီးမြှုပ်နှံမှုဆွဲဆောင်ခြင်းအားဖြင့် နိုင်ငံသားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပေါများလာစေရန် ရည်ရွယ်ခြင်းဖြစ်ပါတယ်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေနဲ့ အစိုးရသစ်လက်ထက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းပေါင်း ၁၃၈ ခု ခွင့်ပြုခဲ့ရာမှာ အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၈၈၀၃၈ နေရာ၊ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းပေါင်း ၅၁ ခု ခွင့်ပြုခဲ့ရာမှာ အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၁၀၀၆၃ နေရာတို့ ရရှိခဲ့ပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ဒီဇင်ဘာလအထိဆိုရင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းပေါင်း ၁၇၈ ခုနှင့် အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၇၄၆၆၉ နေရာ၊ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းပေါင်း ၈၀ ခုနှင့် အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၁၈၆၃၉ နေရာတို့ကို ဖန်တီးပေးနိုင်ခဲ့ပြီးတော့ စုစုပေါင်းအားဖြင့် လုပ်ငန်းပေါင်း ၄၄၇ ခုနှင့် အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၁၉၁၄၀၉ နေရာတို့ကို ဖန်တီးပေးနိုင်ခဲ့ပါတယ်။

သို့ဖြစ်ပါ၍ နိုင်ငံတော်ရဲ့စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်ရာမှာ ပြည်ထောင်စုအစိုးရအဖွဲ့ဟာ ပြည်ပကရင်းနှီးမြှုပ်နှံမှုများကို တံခါးဖွင့်ပြီးတော့ ဖိတ်ခေါ်လျက်ရှိပါတယ်။ ပြည်တွင်းကရင်းနှီးမြှုပ်နှံမှုများကိုလည်း အားပေးမြှင့်တင်ပေးလျက်ရှိတာကို တွေ့နိုင်ပါတယ်။ အစိုးရရဲ့ စီးပွားရေးမူဝါဒ (၁၂)ရပ်အနက် နံပါတ်(၅)အချက်မှာ ပြည်တွင်းနေနိုင်ငံသားများနှင့် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသော မြန်မာနိုင်ငံသားများအားလုံးအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ထုတ်ပေးရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းမြင့်မားသော စီးပွားရေးလုပ်ငန်းများကို ကာလတိုအတွင်း ပိုမိုဦးစားပေးဆောင်ရွက်ရန်ဟု ဖော်ပြပါရှိပါတယ်။ အလားတူ ရင်းနှီးမြှုပ်နှံမှုမူဝါဒ (၇)ရပ်ထဲက နံပါတ်(၇)အချက်မှာဆိုလို့ရှိရင်လည်း ဒေသအတွင်းနှင့် ကမ္ဘာ့ကုန်စည်စီးဆင်းမှုကွင်းဆက်များနှင့်ချိတ်ဆက်ထားတဲ့ ကုန်စည်ထုတ်လုပ်မှုမြှင့်တင်နိုင်ပြီးတော့ ကုန်စည်ရဲ့ထပ်ဆင့်တန်ဖိုး တိုးမြှင့်နိုင်တဲ့ စိုက်ပျိုးရေးကဏ္ဍရင်းနှီးမြှုပ်နှံမှုများ၊ နည်းပညာလွှဲပြောင်းရရှိမှုနှင့် ပြန့်ပွားစေမှုရှိတဲ့ ရင်းနှီးမြှုပ်နှံမှုများ၊ အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ၎င်းတို့နှင့် ချိတ်ဆက်ဆောင်ရွက်နိုင်စေရန် ရင်းနှီးမြှုပ်နှံမှုများ၊ အခြေခံအဆောက်အအုံများ လျင်မြန်စွာဖွံ့ဖြိုးတိုးတက်မှုရရှိစေမည့် ရင်းနှီးမြှုပ်နှံမှုများ၊ အလုပ်အကိုင်များစွာဖန်တီးနိုင်သော၊ ကျွမ်းကျင်မှုဆိုင်ရာ အရည်အသွေးဖွံ့ဖြိုးစေနိုင်သော၊ အသက်မွေးဝမ်းကြောင်းပညာရပ်များကို လေ့ကျင့်သင်ကြားပေးနိုင်သော ရင်းနှီးမြှုပ်နှံမှုများ၊ စီးပွားရေးဖွံ့ဖြိုးမှုအားနည်းသော နေရာဒေသများတွင် ရင်းနှီးမြှုပ်နှံမှုများ၊ စက်မှုမြို့တော်များနှင့် အထူးစီးပွားရေးလုပ်ငန်းများစုဝေးရာနေရာများ (Special Economic Clusters)များတွင်ပြုလုပ်မည့် ရင်းနှီးမြှုပ်နှံမှုများကို အားပေးကြိုဆိုကြောင်း ဖော်ပြပါရှိပါတယ်။

ပြည်ထောင်စုအစိုးရအဖွဲ့အနေနဲ့ နိုင်ငံတော်က ချမှတ်ထားတဲ့ စီးပွားရေးမူဝါဒ၊ ရင်းနှီးမြှုပ်နှံမှုမူဝါဒများအပေါ်မှာအခြေခံပြီးတော့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ လျင်မြန်ချောမွေ့လွယ်ကူစွာ ဝင်ရောက်နိုင်ရေးနှင့် လုပ်သားအင်အားအခြေပြုတဲ့ ကုန်ထုတ်လုပ်ငန်းများ (Labour Intensive Industry)များကို ပိုမိုဖွံ့ဖြိုးတိုးတက်ကျယ်ပြန့်စေရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ တိုင်းဒေသကြီး/ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီများမှတစ်ဆင့် အဖက်ဖက်မှကူညီဆောင်ရွက်ပေးလျက်ရှိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ အဆိုရှင်ရဲ့ရည်ရွယ်ချက်ဟာ ကောင်းမွန်ပြီးတော့ သင့်လျော်သောအဆိုဖြစ်ပါတယ်။ သို့ရာတွင် အဆိုနှင့်ပတ်သက်ပြီးတော့ ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော်ရမယ့်လုပ်ငန်းများဖြစ်ပြီး ဆက်စပ်လုပ်ငန်းများလည်း များစွာပါဝင်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးများဆွေးနွေးတဲ့အတိုင်း မြေကိစ္စ၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်၊ လုပ်ခလစာကိစ္စ၊ ဘဏ်ကိစ္စ၊ အခွန်ကိစ္စ၊ အလုပ်သမားရေးရာ၊ နည်းပညာအသက်မွေးဝမ်းကျောင်းကိစ္စများနှင့် Special Economic Zone ကိစ္စများ၊ ပို့ကုန်မြှင့်တင်ရေးကိစ္စများ အစရှိသဖြင့် ကဏ္ဍများစွာဆက်စပ်ပါဝင်နေတဲ့ လုပ်ငန်းများဖြစ်ပါတယ်။ အစိုးရအနေနဲ့ နိုင်ငံတော်ရဲ့ စီးပွားရေးရာညှိနှိုင်းမှုကော်မတီ၊ ပြည်ထောင်စုအစိုးရအဖွဲ့ စီးပွားရေးရာကော်မတီ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်များကို ဖွဲ့စည်းပြီး၊ ပေါင်းစပ်ညှိနှိုင်းပြီး အဆက်မပြတ်ဆောင်ရွက်လျက်ရှိသလို ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ စတဲ့သက်ဆိုင်ရာကော်မတီများကိုလည်း ဖွဲ့စည်းပြီးတော့ အဆက်မပြတ် ဆောင်ရွက်လျက်ရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးများရဲ့ ဆွေးနွေးအကြံပြုချက်များမှာလည်း ကောင်းမွန်သင့်တော်တဲ့အချက်များ များစွာပါဝင်တဲ့အတွက်ကြောင့် ကျွန်တော်တို့ မှတ်သားထားပြီးတော့ လုပ်သင့်သော၊ လုပ်နိုင်သောအလုပ်များကို မြန်မြန်လုပ်သွားဖို့ စီစဉ်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ် ဒေါ်ချိုချို တင်သွင်းတဲ့အဆိုတွင် ပါရှိတဲ့အချက် များကို ပြည်ထောင်စုအစိုးရအဖွဲ့အနေနဲ့ အကောင်အထည်ဖော်ခဲ့၊ အကောင်အထည်ဖော်ဆဲ လုပ်ငန်းများဖြစ်သည့်အပြင် ဆက်လက်၍လည်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည့်လုပ်ငန်း များဖြစ်ပါသဖြင့် အဆိုအား မှတ်တမ်းအဖြစ်ထားရှိပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အဆိုရှင်ရဲ့ သဘောထားပြောပါ။

**ဒေါ်ချိုချို(အုတ်တွင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံး မင်္ဂလာပါ။ ကျွန်မရဲ့အဆိုနဲ့ပတ်သက်ပြီး ရင်းနှီးမြှုပ်နှံမှုကော်မရှင်ရဲ့ လုပ်ဆောင်နေမှုများ၊ ရှေ့တွင်လုပ်မယ့်ဆောင်ရွက်ချက်တွေကို ကျယ်ကျယ်ပြန့်ပြန့်နဲ့ ရှင်းလင်းပြသွားပေးတဲ့ ဒုတိယဝန်ကြီးကိုလည်း ကျေးဇူးတင်ပါတယ်။ ဒါ့အပြင် ကျွန်မ အဆိုကို စိတ်ဝင်တစားနဲ့ ရှုထောင့်အမျိုးမျိုးကနေပြီးတော့ ထောက်ပြအကြံပြု ဖြည့်စွက်ထောက်ခံဆွေးနွေးပေးကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များကို ကျေးဇူးအထူးတင်ရှိပါတယ်။ ကျွန်မအနေနဲ့ ဒီအဆိုကို တင်စဉ်ကတည်းကပဲ အဆိုကို တင်သွင်းရတဲ့ ရည်ရွယ်ချက်တွေကိုလည်း ဆွေးနွေးခဲ့ပြီးဖြစ်ပါတယ်။ ထို့အတူ အဆိုကိုဆွေးနွေးကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ ဆွေးနွေးချက်တွေမှာလည်း စေတနာအပြည့်နဲ့ ရင်းနှီးမြှုပ်နှံမှုတွေ ထင်သလောက်ဝင်မလာခြင်းရဲ့အားနည်းချက်တွေ၊ လိုအပ်ချက်တွေ၊ စိန်ခေါ်မှုတွေကို ထောက်ပြဆွေးနွေးသွားကြတာဖြစ်ပါတယ်။ အစိုးရအနေနဲ့ လက်ရှိမှာ လုပ်ဆောင်နေတယ်ဆိုပေမဲ့ ပကတိအခြေအနေတွေမှာ လိုအပ်နေတာတွေ ရှိနေဆဲဖြစ်တာမို့ ဆွေးနွေးသွားကြတဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများရဲ့အကြံပြုချက်တွေ၊ ထောက်ပြချက်တွေကို အရေးတယူပြုမှုဆောင်ရွက်ရန် လိုအပ်ပြီး ပြင်ဆင်သင့်တာတွေကို အမြန်ဆုံးပြင်ဆင်သင့်သလို အဟန့်အတားတွေကိုလည်း ထိထိရောက်ရောက်ဖယ်ရှားသင့်ပါတယ်။

ဒါမှသာ ပြည်သူအများမျှော်လင့်နေတဲ့ နိုင်ငံတော်ရဲ့ စီးပွားရေးလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်သလို အလုပ်အကိုင်ရှားပါးမှုကြောင့် ပြည်ပရောက်နေတဲ့ ရွှေ့ပြောင်းအလုပ်သမားတွေအတွက် မျှော်လင့် ချက်ဖြစ်တာမို့ အစိုးရအနေနဲ့ လက်ရှိအခြေအနေမှာ FDI နဲ့ပတ်သက်ပြီး လုပ်ဆောင်နေတာဖြစ်လို့ အဆိုကို မှတ်တမ်းတင်သင့်ကြောင်း ဆွေးနွေးသွားတာဖြစ်ပေမဲ့ လိုအပ်ချက်တွေများစွာရှိတာမို့ ကျွန်မရဲ့အဆိုကို လွှတ်တော်ကြီးမှ မှတ်တမ်းတင်စောင့်ကြည့်ပေးပါရန် တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါ်ချိုချို၊ အုတ်တွင်းမဲဆန္ဒနယ်က တင်သွင်းတဲ့အဆိုကို ကိုယ်စားလှယ် ၁၃ ဦးက ဆွေးနွေးပြီး မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က အဆိုအား မှတ်တမ်းတင်သင့်ကြောင်း ရှင်းလင်းခဲ့ပါတယ်။ အဆိုရှင်ကလည်း မှတ်တမ်းတင်စောင့်ကြည့်ပေးရန် ရှင်းလင်းပြောကြားခဲ့ပါတယ်။ ဒါကြောင့် ဒီအဆိုနှင့်စပ်လျဉ်းပြီး မှတ်တမ်းတင်စောင့်ကြည့်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဒေါ်ချိုချို တင်သွင်းတဲ့အဆိုကို လွှတ်တော်က မှတ်တမ်းတင်စောင့်ကြည့်မည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး နဝမနေ့ရပ်နားကြောင်းနှင့် အစည်းအဝေး ဒသမနေ့ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး နဝမနေ့ကိုရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန် အစည်းအဝေး ဒသမနေ့ကို ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်(ကြာသပတေးနေ့) နံနက် ၁၀ နာရီ အချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၁၂။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး နဝမနေ့ကို ၁၂း၁၂ နာရီ အချိန်တွင်ရပ်နားပါသည်။]

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး နဝမနေ့ (၃၀.၁.၂၀၁၈) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ

pyithu.hluttaw.mm



U Nyunt Aung



U Win Maw Tun

pyithu.hluttaw.mm



U Kyaw Shwe



U Win Maw Tun

pyithu.hluttaw.mm



U Ye Tun Win



U Win Maw Tun

pyithu.hluttaw.mm



U Win Thein Zaw



U Win Maw Tun

pyithu.hluttaw.mm



U Phone Myint Aung



U Win Maw Tun

pyithu.hluttaw.mm



U Sati Fan



U Win Maw Tun

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်